မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၃၅)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ ကြာသပတေးနေ့။

ဥမကွဲ၊ သိုက်မပျက်

တိုင်းသူပြည်သား လူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့ လူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။ (၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းမှ ကောက်နုတ်ချက်)

စိန်ခေါ်မှုများ ကျော်လွှားနိုင်ရန် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ညီညွတ်စွာကြိုးပမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား သဝဏ်လွှာ



ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ခင်ဗျား-

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ရင်ထဲတွင် ထာဝရသတိတရ ရှိနေသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည့် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ အချိန်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ချစ်ခင်ရင်းနှီးစွာ မှီတင်းနေထိုင်လျက်ရှိကြကုန်သော တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမိုင်းတစ်လျှောက်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးစုများအားလုံး၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်တို့သည် ပြည်ထောင်စုကြီးကို နိုင်ငံတကာအလယ်တွင် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ်ရပ်တည်စေနိုင်သည့် အမျိုးသားရေးအားမာန်များ ဖြစ်သည်ကို ထင်ထင်ရှားရှား တွေ့မြင်ရမည် ဖြစ်ပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသား လူမျိုးစုများအားလုံးတစ်စိတ်တစ်ဝမ်းတည်း စည်းစည်း လုံးလုံး ညီညီညွတ်ညွတ်ရှိခဲ့ကြသည့်အတွက်လည်း ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်တည်းဟူသော အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတကာအလယ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု ထည်ထည်ဝါဝါ ရပ်တည်နိုင်ရန်နှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန်အတွက် ဒို့တာဝန် အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ တာဝန်ဖြစ်သည်ဟု အလေးအနက်ခံယူသွားရမည်ဖြစ်ပါသည်။

စာမျက်နှာ ၃ သို့

စိန်ခေါ်မှုများ၊ အခက်အခဲများကို ကျော်လွှားပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေးသည် အမိမြန်မာနိုင်ငံတော်အတွက် အရေးကြီး

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြည်ထောင်စုစိတ်ဓာတ်အစဉ်မွေးမြူ

ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်ကြသည်ဖြစ်စေ ပြည်ထောင်စုကြီးအတွင်း တစ်မြေတည်းနေ တစ်ရေတည်းသောက် မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ အတူတကွစုပေါင်းနေထိုင်ကြသည့် တစ်မိသားစုတည်းဖြစ်သည်ဟူသော ခံယူချက်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။

ယနေ့ ဖေဖော်ဝါရီ ၁၂ ရက်နေ့သည်ကား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းဝင် ထူးခြားသော ပြည်ထောင်စုနေ့ အခါသမယပင်ဖြစ်ပါသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်တို့၏ စည်းလုံးညီညွတ်မှုကို ပြသနိုင်သည့် ပြည်ထောင်စုနေ့ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပြသနိုင်ခဲ့သည့် နေ့လည်းဖြစ်ပါသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များက ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည့်အတွက် ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်ပါသည်။ ထိုပြည်ထောင်စုနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ မွေးရာပါတာဝန်ပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ယခုနှစ်ပြည်ထောင်စုနေ့ ဦးတည်ချက်များတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ပထမဆုံးနေရာတွင် ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွတွဲသောလက်များ မြဲမြံစွာ ပူးပေါင်းနေထိုင်ရေးသည် အရေးအကြီးဆုံးဖြစ်ပါသည်။

မျက်မှောက်ကာလသည် ကျွန်ုပ်တို့မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲမှုများစွာနှင့်အတူ တိုးတက်လျက်ရှိပါသည်။ အထူးသဖြင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် ငြိမ်းချမ်းရေးကို လိုလားနေကြသည့်အလျောက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရန် ပြင်းပြသောစိတ်ဆန္ဒများ ရှိနေပြီဖြစ်ပါသည်။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ စုစည်းညီညွတ်မှုဖြင့် ပင်လုံစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်သကဲ့သို့ အားလုံးပါဝင်သော အပစ်အခတ်ရပ်စဲရေးကိုလည်း မကြာမီဆောင်ရွက်နိုင်တော့မည်ဟု မျှော်လင့်ရပါသည်။ ဤသို့ ဆောင်ရွက်နိုင်ရန်မှာ ပြည်ထောင်စုစိတ်ဓာတ်သည် အရေးအကြီးဆုံးဖြစ်ပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်မွေးမြူကြခြင်းဖြင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စု နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်သွားနိုင်မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်ထောင်စုနေ့ ဂုဏ်ပြု စလင်း၌ စက်ရေတွင်းဖွင့်

စလင်း ဖေဖော်ဝါရီ ၁၁

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရွှေဖီသီးကျေးရွာအုပ်စု ချောင်းရေတက်(တောင်)ကျေးရွာတွင် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စက်ရေတွင်းတူးဖော်ပေးခဲ့သည်။

အခမ်းအနားကို မကွေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသစ်လွင်ခိုင်နှင့် တာဝန်ရှိသူ များက ဖွင့်လှစ်ပေးခဲ့ပြီး စက်ရေတွင်းမှာ နှစ်လက်မ၊ ပေ ၄၀၀ အမျိုးအစားဖြစ်ကြောင်း ရေရှားပါးခက်ခဲသောကျေးရွာအတွက် သောက်သုံးရေ ဖူလုံစွာရရှိ ပြီဖြစ် ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကြို့ပင်ကျေးရွာ တိုက်နယ်ဆေးရုံဖွင့်ပွဲကျင်းပ

မကွေး ဖေဖော်ဝါရီ ၁၁

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကြို့ပင်ကျေးရွာ တိုက်နယ်ဆေးရုံဖွင့်ပွဲအခမ်းအနားကို အဆိုပါဆေးရုံရှေ့၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။ ရှေးဦးစွာ ဆေးရုံရှေ့ မြက်ခင်းပြင်တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးတို့က ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြ ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုကွာဟချက်ကို နည်းနိုင်သရွေ့နည်းအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခု ကြို့ပင်တိုက်နယ်ဆေးရုံကိုလည်း ဝန်ထမ်းအိမ်ရာများအပါအဝင် စုစုပေါင်း ငွေကျပ် သိန်း ၅၈၀ ခန့် အကုန်အကျခံ ဆောက်လုပ်ပေးခဲ့ပါကြောင်း ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးပိုက်ထွေးက အမှာစကားပြောကြားရာတွင် ကံမမြို့နယ် ကြို့ပင်ဒေသတွင် တိုက်နယ်ဆေးရုံတစ်ခုရရှိရေး ခေတ်အဆက်ဆက် ကြိုးပမ်းခဲ့ရာ ယခုအစိုးရလက်ထက်တွင် ရရှိဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူလူထုအတွက် အမှန်တကယ်လိုအပ်နေသည့် ဤဆေးရုံကြီး တည်ဆောက်ပေးခြင်းအတွက် ဒေသခံပြည်သူများအတွက် များစွာအကျိုးပြုစေပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး စေတနာရှင်များက ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ရာ စုစုပေါင်း အလှူငွေကျပ် သိန်း ၆၀ ခန့် ရရှိခဲ့သည်။ ယင်းနောက် ကြို့ပင်ကျေးရွာမှ ဒေသခံပြည်သူများကိုယ်စား ဦးဖိုးဖြူက ကျေးဇူးတင်စကားပြောကြားရာတွင် အနှစ်နှစ်အလလက ဒေသခံပြည်သူများ၏ မျှော်လင့် တောင့်တချက်ဖြစ်သည့် ဤတိုက်နယ်ဆေးရုံကြီးကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သဖြင့် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ မိမိတို့ဒေသတွင် ယခုအခါ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာပြီး ပြည်သူများသွားလာရာတွင် အဆင်ပြေကောင်းမွန်လျက်ရှိပါကြောင်း မဒေးဆည်ကြီး တည်ဆောက်ပေးသဖြင့် ဒေသခံပြည်သူများ သောက်သုံးရေရရှိပြီး စိုက်ပျိုးရေးအတွက် များစွာအထောက်အကူပြုသဖြင့် လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာပါကြောင်း၊ မကြာမီ ကံမမြို့တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ရရှိတော့မည်ဖြစ်၍ ကျေးရွာများတွင် လျှပ်စစ်မီးရရှိတော့မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယခုဖွင့်လှစ်သည့် ကြို့ပင်တိုက်နယ်ဆေးရုံမှာ (၁၆) ခုတင်ဆံ့ဆေးရုံဖြစ်ပြီး ကြို့ပင်တိုက်နယ်ဆေးရုံ ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ပတ်ဝန်းကျင်ကျေးရွာ ၂၂ ရွာမှ ဒေသခံပြည်သူများ ဝမ်းသာလျက်ရှိပါကြောင်း၊ ပန်းတောင်းနှင့် မင်းတုန်းမြို့နယ်မှ ဒေသခံပြည်သူများ၊ ပုသိမ်-မုံရွာ ကားလမ်းတစ်လျှောက် ခရီးသွားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် ဆေးရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့မှ နိုင်ငံကျော်အဆိုတော်များနှင့်တွဲဖက်၍ ဖျော်ဖြေခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၉၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၆၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၈၅၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၅
ဒီဇယ်	တစ်လီတာ	ကျပ် ၆၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၀၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၆၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၈၈၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၇၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၂၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၄၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၅၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၄-၁၀၂၈
ဥရောပ	တစ်ယူရို	၁၁၈၀-၁၁၉၆
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၇၂
ထိုင်း	တစ်ဘတ်	၂၉.၆-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၅-၃၃၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နွေဆန်	တစ်အိတ်	၁၇၅၀၀-၁၈၀၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၄၀
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၆၀-၃၂၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၄၀၀-၂၂၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၇၅-၁၅၀၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၈၀-၆၃၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၄၀၀-၂၆၅၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၂၀၀-၅၅၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံပြင်ဆင်သည်။

ပြည်တွင်းသတင်း

ရှေ့ဖုံးမှ

ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကူညီဆောင်ရွက်ပေးရန်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်အတွက် ကူညီဆောင်ရွက်ပေးရန်၊ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်တို့ကို နိုင်ငံတော်၏ အခြေခံမူများအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

ထို့ကြောင့် တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့်သမိုင်းအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့အားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး၌ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရှိရန်လိုအပ်လှပါသည်။

ယနေ့အချိန်အခါတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၏ အောင်မြင်မှုကြောင့် မြန်မာ့နိုင်ငံရေးတွင် မတူညီသည့် သဘောထားများကို စေ့စပ်ဆွေးနွေးခြင်းနည်းလမ်းများဖြင့် အဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုသစ် အသက်ဝင်ရှင်သန်နေပြီဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် လွတ်လပ်ရေးရရှိချိန်မှစတင်ပြီး နှစ်ပေါင်းခြောက်ဆယ်ကျော် ရင်ဆိုင်နေခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်း၊ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်နိုင်ရေးအတွက် အမျိုးသားနိုင်ငံရေးအင်အားစုအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရေးတို့ကို မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ဖြည့်ဆည်းရမည့် ကွက်လပ်များ၊ အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများက စုပေါင်းညီညွတ်စွာ ကြိုးပမ်းရန်လိုအပ်ပါသည်။

ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-

မိမိတို့အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ တူညီသည့်ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတကာက အသိအမှတ်ပြုချီးကျူးခဲ့ရသည့် အောင်မြင်မှုများ ရရှိခဲ့သကဲ့သို့ ဆက်လက်ကျော်လွှားရမည့် စိန်ခေါ်မှုများလည်း ကျန်ရှိနေပါသေးသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းပေါင်းများစွာကို တစ်ပြိုင်တည်းဆောင်ရွက်ရသည့်အတွက် အချို့ကဏ္ဍများတွင် တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်များကို အပြည့်အဝ ဖြည့်ဆည်းပေးရန်လိုအပ်နေဆဲဖြစ်ပါသည်။

ထိုကဲ့သို့ ကြုံတွေ့နေရသောစိန်ခေါ်မှုများ၊ အခက်အခဲများကို ကျော်လွှားပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေးသည် အမိမြန်မာနိုင်ငံတော်အတွက် အရေးကြီးလှပေသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် လွှတ်တော်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအင်အားစုများ စသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် လက်ဝယ်ရရှိထားသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏အရှိန်အဟုန် လျော့ကျသွားခြင်းမရှိစေရန်အတွက် မိမိတို့ကျရာကဏ္ဍမှ စွမ်းစွမ်းတမံ ရှေ့သို့ဆက်ကာ ပူးပေါင်းပါဝင်သွားကြပါရန် မင်္ဂလာရှိသော ပြည်ထောင်စုနေ့ အခါသမယတွင် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း သတင်းမီဒီယာများအားတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့နှင့်အတူ ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့်ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့် သတင်းထောက်များအား ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် မီဒီယာခန်း၌တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်(၂၉) ခုတို့မှ အယ်ဒီတာနှင့် သတင်းထောက်စုစုပေါင်း ၄၈ ဦး တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် တစ်နေ့တန် ၅၀၀ ကျ အအေးခန်းစက်ရုံဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၆၈)ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနယူးဧရာ စိုက်ပျိုးရေးကုမ္ပဏီ၏ တစ်နေ့လျှင် တန်(၅၀၀) ထိန်းသိမ်းသိုလှောင်နိုင်သော ခေတ်မီအအေးခန်းစနစ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ထိန်းသိမ်းသိုလှောင်သည့်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တစ်ဆက်တစ်စပ်တည်း ဧက (၉၀၀) စိုက်ကွင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဦးမြင့်လှိုင်၊ ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ မြန်မာနယူးဧရာ စိုက်ပျိုးရေးကုမ္ပဏီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးပညာရှင်များ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ဧည့်သည်တော်များက တစ်နေ့လျှင် တန်(၅၀၀) ထိန်းသိမ်းသိုလှောင်နိုင်သော ခေတ်မီအအေးခန်းစနစ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ထိန်းသိမ်းသိုလှောင်သည့် အအေးခန်းစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် သာသနာရေးဝန်ကြီး(အငြိမ်းစား) သူရဦးမြင့်မောင်တို့က စက်ခလုတ်နှိပ်၍ အဆောက်အအုံဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အဆောက်အအုံခန်းမ၌ ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက်၏ ဦးစီးပဓာန နာယက နေပြည်တော်တိုင်း သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုန္ဒာဝုဓ အရှင်သူမြတ် အမှူးပြုသော သံဃာတော်(၄၅)ပါးထံ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် အအေးခန်းစက်ရုံ၏ သိုလှောင်ခန်းတစ်ခန်းချင်းအလိုက် ကြည့်ရှုအားပေးခြင်း၊ ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ကိရိယာများ၊ မြေမဲ့စနစ် (Hydroponic Culture System) ရေဖြင့် တိုက်ရိုက်စိုက်ပျိုးသော ခေတ်မီသိပ္ပံနည်းကျ ဟင်းသီးဟင်းရွက် စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သူလယ်သမားများသည်လည်း ယနေ့ဖွင့်လှစ်လိုက်သည့် တစ်နေ့တန်(၅၀၀)ကျ ခေတ်မီအအေးခန်းစက်ရုံ၏ ဝန်ဆောင်မှုဆိုင်ရာများ၊ စက်ရုံဝင်းအတွင်း အရစ်ကျစနစ်ဖြင့် တောင်သူ လယ်သမားများထံသို့ ရောင်းချပေးမည့် ခေတ်မီလယ်ထွန်စက် မြင်းကောင်ရေ (၄၇) ကောင်အားရှိ (L-4708) ထွန်စက်များ၊ မြင်းကောင်ရေ (၇၀)ကောင်အားရှိ ကူဘိုတာ ရိတ်သိမ်းခြွေလှေ့စက်များ၊ မြင်းကောင်ရေ (၂၂)ကောင်အားရှိ JM-18 ED အမျိုးအစား လက်တွန်းထွန်စက်များ၊ LC 131 ယိုးဒယားကိုင်း လက်တွန်းထွန်စက်များ၊ ခေတ်မီမြေပဲနုတ်စက်နှင့် GBM 7 အမျိုးအစား၊ လယ်ယာသုံး သယ်ယူပို့ဆောင်ရေးယာဉ်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ လေ့လာရေးခရီးထွက်

တောင်ကြီး ဖေဖော်ဝါရီ ၁၁

(၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာကြသော ရှမ်းပြည်နယ်(အရှေ့ပိုင်း၊ မြောက်ပိုင်း)ရှိ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ယနေ့ နံနက် ၈ နာရီက တောင်ကြီးမြို့မှ ထွက်ခွာလာရာ တောင်ကြီးမြို့နယ် ကျောက်တစ်လုံးဒေသရှိ ကက္ကူဘုရားကို ဖူးမြော်ကြပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် တောင်ကြီးမြို့ပေါ်ရှိ ရွှေဘုန်းပွင့်ဘုရားနှင့် ရှုခင်းသာပန်းခြံသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

အင်အားအသင့်အတင့်မြေငလျင်လှုပ်

ဖေဖော်ဝါရီ ၁၁ ရက် မြန်မာစံတော်ချိန် နံနက် ၁၀ နာရီ ၀၂ မိနစ် ၀၄ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၃၇၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Andaman Islands,India Region) ကိုဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့တက်ရောက်ရန် ရောက်ရှိနေကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအား ယနေ့ ညပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်မက်စ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ရှေးဦးစွာ ဒုတိယသမ္မတက ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)၊ ချင်းအမျိုးသားတပ်ဦး၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (ကပ္ပလန်)၊ ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ မွန်ပြည်သစ်ပါတီ၊ ရှမ်းပြည် တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ/ရှမ်းပြည်တပ်မတော်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ၊ "ဝ"ပြည် သွေးစည်းညီညွတ်ရေးတပ်မတော်အထူးဒေသ-၂၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော်၊ ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ-၄ တို့မှအဖွဲ့ခေါင်းဆောင် များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံမှုမှတစ်ဆင့် ရာသက်ပန် ငြိမ်းချမ်းရေးရရှိစေရန် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သည့်ကိစ္စများ ကို နိုင်ငံရေးနည်းလမ်းဖြင့်မဖြေရှင်းဘဲ စစ်ရေးနည်းလမ်းဖြင့်ဖြေရှင်းရန် ကြိုးစားရင်း နှစ်ဖက်စလုံးအကျိုးမဲ့ဖြစ်ခဲ့ရပါကြောင်း။

နိုင်ငံတစ်နိုင်ငံအတွက် အဓိကလိုအပ်ချက်မှာ စီးပွားရေးဖွံ့ဖြိုးမှုဖြစ်ပါ ကြောင်း၊ သို့ရာတွင် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပေါ်နေသည့်အတွက် ပြည် တွင်း/ပြည်ပမှ ရေရှည်ရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်ကြပါကြောင်း၊ ထို့ပြင် လူ့ အခွင့်အရေးဆိုင်ရာကိစ္စရပ်များကိုအကြောင်းပြုပြီး စီးပွားရေးပိတ်ပင်ခံရသည့် အတွက် နိုင်ငံတကာအဆင့် စီးပွားရေးမှာမရှိသလောက် ဖြစ်ခဲ့ရပါကြောင်း။

စီးပွားရေးမဖွံ့ဖြိုးမှုသည် ပညာရေး၊ ကျန်းမာရေးစသည်ဖြင့် အစစ အရာရာကို နိမ့်ကျစေခဲ့ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး မယုံကြည်မှု၊ မုန်းတီးမှုများ သည် စိတ်မကောင်းစရာဖြစ်ရပ်များကို ဖြစ်ပေါ်စေပါကြောင်း၊ ထိုသို့ ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက မိမိတို့တိုင်းပြည်နှင့် လူမျိုးအတွက် များစွာ နစ်နာစေမည်ဖြစ်ပါကြောင်း၊ မိမိ၏ တစ်ဦးတည်းအမြင်အရဆိုရလျှင် တရား မျှတမှု၊ တန်းတူညီမျှမှုတို့အား အကောင်အထည်ဖော်ရာတွင် မျက်နှာကြီးငယ် မရွေး တော်သူကို တော်သလို ချီးမြှင့်အားပေးနိုင်ပါမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းဖြစ်ပါကြောင်း။

၎င်းနည်းဖြင့်သာ မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ ပို့ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏စိတ်ခံစားချက်များဖြင့် အလုပ်မလုပ်ကြဘဲ ဆင်ခြင်တုံတရားဖြင့် အကောင်းအဆိုး၊ အကြောင်းအကျိုး ခွဲခြားဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတက ညစာစားပွဲသို့တက်ရောက်လာသည့် အဖွဲ့များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များကိုယ်စား ရှမ်းပြည် ပြန်လည်ထူထောင် ရေးကောင်စီ/ရှမ်းပြည်တပ်မတော်ဥက္ကဋ္ဌ ဦးရွက်ဆစ်က လက်ခံသည်။

အဆိုပါညစာစားပွဲသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုများကို သိရှိနားလည်ပြီး ပညာရပ်များကို ကြိုးကြိုးစားစားသင်ယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား သီးခြားစီ သွားရောက်တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးက နယ်စပ် ဒေသရှိ တိုင်းရင်းသားလူမျိုးများ အတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်း/တံတား၊ ရေ၊ မီး စသည့်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှု၊ သင်ကြားပေးလျက် ရှိသော ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်၏ရည်မှန်းချက်၊ ဝန်ကြီး ဌာန၏ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစွမ်းကုန် ကြိုးစားသင်ကြားပေးရန်လိုအပ်မှုနှင့် တက်ရောက်သင်ကြားနေသော ကျောင်းသား ကျောင်းသူများ အနေဖြင့် နိုင်ငံတော်မှ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ရာနှုန်းပြည့်အထောက်အပံ့ များဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက် ပေးနေမှုများကို သိရှိနားလည်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ထမ်းဆောင်နိုင်ရန်အတွက် သင်ကြား ပေးလျက်ရှိသော ပညာရပ်များကို ကြိုးကြိုးစားစား သင်ယူသွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် သင်တန်းကျောင်းများ အတွင်း တည်ဆောက်ရေးလုပ်ငန်း များအား လှည့်လည်ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

နိုင်ငံတကာသတင်း

မြေထဲပင်လယ်တွင် တရားမဝင်ရွှေ့ပြောင်းသူများကို ကယ်တင်ရန် ကုလသမဂ္ဂတိုက်တွန်း

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်က လန်ဖယ်ဒူဆာကျွန်းစုတွင် အီတလီကမ်းခြေစောင့်တပ်ဖွဲ့က ရွှေ့ပြောင်းဝင်ရောက်လာသူများအား သင်္ဘောပေါ်မှ ဆင်းသက်နိုင်ရန် စီစဉ်ပေးနေစဉ်။

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၁

မြေထဲပင်လယ်ကိုဖြတ်၍ ဥရောပ တိုက်သို့ရောက်ရှိရန် ကြိုးပမ်းနေ ကြသည့် တရားမဝင် ရွှေ့ပြောင်း နေထိုင်သူများ၏ ဘဝလုံခြုံရေး အတွက် သင့်လျော်မည့် မဟာဗျူဟာ များချမှတ်ပေးရန် ကုလသမဂ္ဂဒုက္ခ သည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဥရောပသမဂ္ဂသို့ တိုက်တွန်း လိုက်သည်။

အာဖရိကလူမျိုး ၂၉ ဦးတို့သည် အီတလီနိုင်ငံ လန်ဖယ်ဒူဆာကျွန်းစုသို့ သွားနေစဉ် ကိုယ်အပူချိန် အလွန် အမင်းကျဆင်းသည့် ဝေဒနာဖြင့် မြေထဲပင်လယ်ဒေသအတွင်း အသက် ဆုံးရှုံးခဲ့ရပြီးနောက် တရားမဝင် ရွှေ့ပြောင်းသူများ၏ ဘဝများကို ကယ်ဆယ်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်ရန် ကုလသမဂ္ဂ ပြောရေး ဆိုခွင့်ရှိသူ ကာလော့တာဆာမီက အီးယူနှင့် တွေ့ဆုံပြောကြားခဲ့သည်။

"တနင်္ဂနွေနေ့က လန်ဖယ်ဒူဆာမှာ ရှိတဲ့ အီတလီကမ်းခြေစောင့်တပ်ဖွဲ့ ဆီကို ဂြိုဟ်တုဖုန်းကနေ အပူတပြင်း ခေါ်တဲ့ ဖုန်းခေါ်ဆိုမှုတစ်ခု ဝင်လာ ပါတယ်။ လစ်ဗျားက ထွက်ခွာလာတဲ့ ဒုက္ခသည်တွေနဲ့ ပြောင်းရွှေ့သူတွေ ပါတဲ့ရွက်လှေတစ်စင်းကနေ လာတာ ဖြစ်ပြီး သူတို့ဟာ လစ်ဗျားက ထွက်ခွာ လာတဲ့ ဆာဟာရန် အာဖရိက လူမျိုးတွေဖြစ်တယ်။ ကြမ်းတမ်းလှတဲ့ ပင်လယ်ပြင်အခြေအနေတွေကြောင့် နာရီများစွာကြာပြီးမှ ရောက်ရှိလာ ကြတာပါ။ သူတို့ လှေပေါ်ရောက် ရှိလာတဲ့အချိန်မှာ ၂၉ ဦးဟာ သေဆုံး ကုန်ကြပါပြီ"ဟု ကုလသမဂ္ဂအရာရှိ တစ်ဦးက ဆိုသည်။

"မြေထဲပင်လယ်ဒေသမှာ လူတွေ ရဲ့ဘဝကို ကယ်တင်ဖို့ ဥရောပသမဂ္ဂ ရဲ့ ကောင်းမွန်တဲ့ ဖြေရှင်းချက်ကို ကျွန်မတို့ လိုအပ်တယ်။ ဒုက္ခသည် တွေထဲမှာ စစ်မက်ဖြစ်ပွားနေတဲ့ နိုင်ငံတွေကလာတဲ့ ဆီးရီးယားတွေ အီရစ်ထရီးယန်းတွေနဲ့ အာဖရိက လူမျိုးတွေပါတယ်။ ၂၀၁၄ ခုနှစ် အစောပိုင်းကာလတွေနဲ့ ယှဉ်ကြည့်ရင် ၃၀ ရာခိုင်နှုန်းမက တိုးလာတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့ သည်။

UNHCR မှ ကိန်းဂဏန်းများ အရ မြေထဲပင်လယ်ဒေသ၌ ယမန်နှစ်က တရားမဝင် ရွှေ့ပြောင်း လုပ်သား ၃၄၁၉ ဦး ထက်မနည်း သေဆုံးခဲ့သည်ဟု သိရသည်။

၂၀၁၄ ခုနှစ်က မြေထဲပင်လယ်မှ အီတလီသို့ ရောက်ရှိလာသူ ဦးရေ ၈၇၀၀၀ ကျော်ရှိသည်ဟု ကုလသမဂ္ဂက အစီရင်ခံခဲ့သည်။

(ပရက်စ်တီဗွီ)

ပြည်တွင်းသတင်း

ဗိုလ်ချုပ်၏ ဒီမိုကရေစီပြည်ထောင်စုအိပ်မက်များ အကောင်အထည်ဖော်နိုင်ရန် အားလုံးက ကျရာအခန်းကဏ္ဍက ပါဝင်ထမ်းဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

တောတောင်တိုင်းတွင် စန္ဒကူးမရှိ၊ ဆင်တိုင်းတွင် အမြုတေမရှိ၊ နေရာတိုင်းတွင် ပညာရှိအာဇာနည် မရှိနိုင်၊ စန္ဒကူးသစ်သည် သစ်တကာတို့တွင် အဖိုးတန်ဆုံးရတနာဖြစ်သည့်အတွက် တောတောင်တိုင်းတွင် ပေါက်ရောက်ခြင်းမရှိ၊ အမြုတေကျောက်သည် ရတနာစိန်ကျောက်များထဲတွင် အဖိုးတန်ဆုံးရတနာဖြစ်သည့်အတွက် ဆင်တိုင်းတွင်မရှိ၊ ပညာရှိအာဇာနည်ဆိုသည်မှာလည်း နိုင်ငံတော်၏ အဖိုးတန်အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သည့်အတွက် ခေတ်တစ်ခေတ်၏ သမိုင်းတွင် များစွာပေါ်ထွန်းလေ့မရှိပေ။

ပညာရှိအာဇာနည်ဖြစ်သင့်ဖြစ်ထိုက်သည့် ဂုဏ်ထူးဝိသေသတို့ဖြစ်သော ရိုးသားမှု၊ စိတ်ဓာတ်ခိုင်မာမှု၊ ရဲရင့်သတ္တိရှိမှု၊ စွန့်လွှတ်နိုင်စွန့်စားနိုင်မှု၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲကင်းစင်မှု၊ ပြည်ထောင်စုစိတ်ဓာတ်ပြင်းထန်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၏အင်အားကို တန်ဖိုးထားတတ်မှု၊ နိုင်ငံရေးအမြော်အမြင်ကြီးမားမှုဆိုသည့် ခေါင်းဆောင်မှုအရည်အသွေးပေါင်းများစွာကို ပိုင်ဆိုင်ခဲ့သည့် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်အခမ်းအနားများကို ယနေ့အချိန်အခါတွင် နိုင်ငံတစ်ဝန်း၌ ကျင်းပလျက်ရှိပေသည်။

လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း(၆၀)ကျော်အကြာတွင် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ် ပြန်လည်ပေါ်ပေါက်ခဲ့သည့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သော ပြည်ထောင်စုလွှတ်တော်တွင်လည်း ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အခမ်းအနား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံသဘင်ဆောင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ဒုတိယဝန်ကြီးများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ သမီး ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ် နှစ်(၁၀၀) ပြည့် ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်များမှ ကော်မရှင်အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် သမိုင်းဝင်နိုင်ငံရေး ဆောင်ရွက်ချက်များအား ကောက်နုတ်ဖော်ပြထားသည့် ဗီဒီယိုမှတ်တမ်းကို ဂုဏ်ပြုပြသသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ဖေဖော်ဝါရီ ၁၃ ရက်တွင်ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း၏နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ကို ရည်စူးပြီး ဗိုလ်ချုပ်အား ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရေးခေါင်းဆောင်ဟု တင်စားဂုဏ်ပြုလိုပါကြောင်း။

ဗိုလ်ချုပ်သည် တက္ကသိုလ်ကျောင်းသားဘဝတွင် စိတ်တူသဘောတူအပေါင်းအသင်းများနှင့် တွေ့ရှိပြီး လွတ်လပ်ရေးလှုပ်ရှားမှုတွင် စတင်ပါဝင်ခဲ့ပါကြောင်း၊ ထိုအချိန်ကပင် ဒီမိုကရေစီစံနှုန်း စံထားများကို လက်ခံကျင့်သုံးခဲ့သည်ဟု ပြောပါက မမှားနိုင်ပါကြောင်း၊ အများ၏လွတ်လပ်စွာ ရွေးချယ်တင်မြှောက်မှုအရ ကျောင်းသားသမဂ္ဂတွင် တာဝန်အဆင့်ဆင့်ကိုယူခဲ့ပြီး တစ်နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအထိ တာဝန်ထမ်းဆောင်ခဲ့ပါကြောင်း။

တက္ကသိုလ်ကျောင်းမှ ထွက်ပြီးနောက် ဒို့ဗမာအစည်းအရုံးအဖွဲ့ဝင်တစ်ဦးအနေဖြင့် လွတ်လပ်ရေးလှုပ်ရှားမှုများတွင် ဆက်လက်ပါဝင်ခဲ့ပါကြောင်း၊ ထို့နောက် နိုင်ငံရေးပါတီကိုအခြေခံသည့် နိုင်ငံရေးလမ်းကို စတင်လျှောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၁၉၄၁ ခုနှစ်တွင် ဖွဲ့စည်းလိုက်သော ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို ဦးဆောင်သည့် ဗိုလ်တေဇ (ခေါ်) ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့တပ်မတော်၏ဖခင်ဖြစ်ပါကြောင်း၊ ဒုတိယကမ္ဘာစစ်မီးပွားများ မြန်မာနိုင်ငံအတွင်းသို့ ပျံ့လွင့်တောက်လောင်နေစဉ်အတွင်း တပ်မတော်တာဝန်ထမ်းဆောင်နေသည့် ကာလ၌ပင်လျှင် ဗိုလ်ချုပ်အောင်ဆန်း၏ ဒီမိုကရေစီပြည်ထောင်စုထူထောင်ရေးကြိုးပမ်းမှုများ စတင်အကောင်အထည်ဖော်လာသည်ဟုပြောလျှင် အချို့က အံ့သြကောင်း အံ့သြကြမည်ဖြစ်ပါကြောင်း။

ဗိုလ်ချုပ်သည် နိုင်ငံအတွင်းရှိ တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှုသည် အဓိကကျကြောင်း သဘောပေါက်လက်ခံသည်နှင့်အမျှ ကရင်-ဗမာချစ်ကြည်ရေးကိုဦးတည်ကြိုးပမ်းခဲ့ပါကြောင်း၊ ယင်းဖြစ်စဉ်တွင် ဗိုလ်ချုပ်၏ ပြည်ထောင်စုစိတ်ဓာတ်ကိုဖော်ပြနေပြီး ဒီမိုကရေစီစံနှုန်းထားကို ပေါ်လွင်စေခဲ့ပါကြောင်း၊ ဒီမိုကရေစီယဉ်ကျေးမှု၏ ကျောရိုးမှာ ပြဿနာများ၊ ပဋိပက္ခများကို ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းဖြင့် ဖြေဖျောက်နိုင်စွမ်းပင်ဖြစ်ပါကြောင်း၊ စစ်ပြီးကာလတွင် ဗိုလ်ချုပ်၏ ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရေးအတွက် ခေါင်းဆောင်မှုပေးနိုင်သော အရည်အချင်းများသည် ပိုမိုထင်ရှားလာပါကြောင်း၊ လွတ်လပ်ရေးတိုက်ပွဲကို ဦးစီးဦးဆောင်ပြုရာ၌ ပြည်သူ့အင်အားကို အလေးထားသော်လည်း အလွဲသုံးစားမှုမပြုခဲ့ပါကြောင်း၊ တတ်နိုင်သရွေ့ နိုင်ငံနှင့်ပြည်သူမနာစေမည့် နည်းလမ်းများသုံးပြီး လွတ်လပ်ရေးရယူရန်ကြိုးပမ်းခဲ့ပါကြောင်း။

လန်ဒန်မြို့သို့ သွားရောက်ပြီး လွတ်လပ်ရေးတံခါးကို ဟခဲ့သည့် အောင်ဆန်း- အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့ပါကြောင်း၊ ထို့နောက် ပြည်ထောင်စုလမ်းကို ဖွင့်စေခဲ့ပြီး ပင်လုံစာချုပ်ကိုလည်း ချုပ်ဆိုခဲ့ပါကြောင်း၊ ဒီမိုကရေစီအုတ်မြစ်ချရေးအတွက် တိုင်းပြုပြည်ပြုရွေးကောက်ပွဲတွင် ပါဝင်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲပြီးမြောက်သည့်အခါ လွှတ်တော်တွင် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတင်သွင်းအတည်ပြုရေးကို ဦးဆောင်ခဲ့ပါကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုရာ၌ ဗိုလ်ချုပ်၏ ဒီမိုကရေစီ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်မြင့်မားပုံကို ထင်ရှားစေခဲ့ပါကြောင်း၊ ခိုင်မာသောနိုင်ငံရေးမူများကိုအခြေခံပြီး ကျွမ်းကျင်သည့် အဆင့်မြင့်ဥပဒေပညာရှင်များနှင့်တိုင်ပင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ပါကြောင်း၊ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များ၏ သဘောတူညီချက်ကို လွှတ်တော်အတွင်းရယူခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဓိကကျသော အပိုဒ်များကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရှင်းလင်းတင်သွင်းခဲ့ပါကြောင်း၊ အဆိုတင်သွင်းချက်ကို တိုင်းရင်းသားခေါင်းဆောင်ကြီးများဖြစ်သော ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၊ ဝန်ကြီးမန်းဘခိုင်နှင့် ဆမားဒူးဝါး ဆင်ဝါးနောင်တို့က ထောက်ခံခဲ့ကြပါကြောင်း၊ ယင်းသည်ပင် ဗိုလ်ချုပ်အောင်ဆန်း၏ ဒီမိုကရေစီပြည်ထောင်စုထူထောင်ရေး ခေါင်းဆောင်မှုအရည်အချင်းကို ပြသလိုက်ခြင်းပင်ဖြစ်ပါကြောင်း။

ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် သတိရဂုဏ်ပြုသည့် အချိန်ကာလအတွင်း ဗိုလ်ချုပ်၏ဒီမိုကရေစီပြည်ထောင်စုအိပ်မက်များအကောင်အထည်ဖော်နိုင်ရန်အတွက် မိမိတို့အားလုံးက ကျရာအခန်းကဏ္ဍက ပါဝင်ထမ်းဆောင်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံရေးပါတီများမှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်တို့က ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်နှင့်မူဝါဒများအပေါ် ရှုထောင့်စုံမှ သုံးသပ်ထားသည့် စာတမ်း ၁၄ စောင်ကို ဖတ်ကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် လူ့ဘဝတွင် အသက်ရှင်နေထိုင်ခွင့်ရခဲ့သည်မှာ နှစ်ပေါင်း ၃၀ သာသာရှိပြီး လူ့သက်တမ်းအားဖြင့်ဆိုလျှင် အလွန်တိုတောင်းလှသည့် တစ်သက်တာဟု ဆိုနိုင်ပါကြောင်း၊ ကင်နေဒီဖွင့်ဆိုပြခဲ့သည့် သမိုင်းတွင်ကျန်ရစ်သည့် ပုဂ္ဂိုလ်မျိုးဖြစ်ပါကြောင်း၊ ထောင့်သုံးရာပြည့်အရေးတော်ပုံကြီးအတွင်းတွင် ဗိုလ်ချုပ်ဦးဆောင်သည့် ခေါင်းဆောင်များက မိမိတို့တိုင်းပြည်အတွက် မဟာဗျူဟာရည်မှန်းချက်ကြီး (၃)ရပ်ကိုချမှတ်ခဲ့ပါကြောင်း၊ "လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေး တစ်နည်းဆိုရလျှင် ခေတ်မီနိုင်ငံတော်ထူထောင်ရေး"တို့ ဖြစ်ပါကြောင်း။

ဗိုလ်ချုပ်တို့ခေတ်၏ တာဝန်သည် "လွတ်လပ်ရေးကြိုးပမ်းမှု" ဖြစ်ပါကြောင်း၊ ယင်းတာဝန်ကို ဗိုလ်ချုပ်က ပြီးမြောက်အောင်မြင်အောင် ထမ်းဆောင်သွားခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း မိမိတို့ခေတ်၏ တာဝန်ဖြစ်သည့် "ဒီမိုကရေစီရေး"ကို ပြီးမြောက်အောင်မြင်အောင် ထမ်းဆောင်နိုင်ပါမှ ဗိုလ်ချုပ်၏ သားကောင်း၊ သမီးကောင်းများဖြစ်ထိုက်မည်ဟု ယူဆပါကြောင်း။

"ပျော့လွန်းလျှင် ရစ်တတ်၏။ တင်းလွန်းလျှင် ပြတ်တတ်၏။ နိုင်ငံအရေးဆောင်ရွက်ရာတွင် မလျှော့မတင်း ကျင့်သုံးအပ်၏" ဟု မုံရွေးဇေတဝန်ဆရာတော်ကြီးက "ရာဇောဝါဒကျမ်း"တွင် မိန့်ကြားခဲ့ဖူးပါကြောင်း၊ ထိုကဲ့သို့ ခေတ်ပြိုင် နိုင်ငံရေး သိပ္ပံပညာရှင်တစ်ဦးဖြစ်သည့် ဂျိုးဇက်အက် (စ) နိုင်း (ဂျူနီယာ) က "စမတ်ပါဝါ (Smart Power)" ဟု အဓိပ္ပာယ်ဖွင့်ပါကြောင်း၊ စမတ်ပါဝါဆိုသည်မှာ ပါဝါအပျော့နှင့် ပါဝါအမာ နှစ်မျိုးပေါင်းကို ဆိုလိုပါကြောင်း၊ မိမိတို့ ဗိုလ်ချုပ်သည် စမတ်ပါဝါကို ကျကျနနကိုင်တွယ်ကျင့်သုံးနိုင်သည့် ခေါင်းဆောင်ကြီးဖြစ်ပါကြောင်း။

ဗိုလ်ချုပ်ထက် အသက်အရွယ်အရ ပိုကြီးသော်လည်း ဗိုလ်ချုပ်ကို ခေါင်းဆောင်အဖြစ် ကြည်ကြည်ဖြူဖြူ လက်ခံခဲ့သည့် ဗိုလ်ချုပ်၏ လုပ်ဖော်ကိုင်ဖက် တစ်ဦးဖြစ်သည့် ဝန်ကြီးချုပ်ဟောင်းဦးနုက ဗိုလ်ချုပ်၏ အရည်အချင်းတစ်ရပ်ကို သူ၏ "ငါးနှစ်ရာသီ ဗမာပြည်"စာအုပ်တွင် ယခုလို မှတ်တမ်းတင်ခဲ့ပါကြောင်း၊ "ဗိုလ်ချုပ်အောင်ဆန်းမှာ ကိုယ်တွင်း သံလိုက်ဓာတ်အလွန်ကောင်းသောသူဖြစ်သည်။ သူနှင့်တွေ့ရလျှင် အကျကြီးကျသွားသူသာများလေသည်။ ဂျပန်တော်လှန်ရေး၏ အဓိကဖြစ်သော ကရင်ဗမာချစ်ကြည်ရေး အတော်အတန်ခရီးရောက်ထမြောက်အောင်မြင်ခဲ့သည်မှာ ဤသံလိုက်ဓာတ်ကြောင့်ဟု ဆိုလျှင် မမှားနိုင်ပေ" ဟု ဦးနုထောက်ပြသည့် ယင်းအချက်သည် ဗိုလ်ချုပ်၏ ပါဝါအပျော့ကို လှစ်ပြလိုက်သည့် ဖော်ပြချက်ဟု ဆင်ခြင်မိပါကြောင်း၊ ပါဝါအမာဘက်ကဆိုလျှင် မြန်မာ့တပ်မတော်ကြီးကို မီးရှူးသန့်စင်ဖွားမြင်စေခဲ့ခြင်း၊ အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေး၊ ဂျပန်ဖက်ဆစ်တော်လှန်ရေးတို့ကို ဦးဆောင်ဆင်နွှဲခဲ့ခြင်းများသည် ပါဝါအမာ၏ ထင်ရှားသည့် သာဓကများ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဗိုလ်ချုပ်သည် ပါဝါအပျော့နှင့်ပါဝါအမာကို ဟန်ချက်ညီညီ ပေါင်းစပ်ကျင့်သုံးတတ်သည့် စမတ်ပါဝါပိုင်ရှင်ဟု အခိုင်အမာ ဆိုချင်ပါကြောင်း။

မိမိတို့တစ်တွေ တာဝန်ယူထားကြရသည့် ဒီမိုကရေစီအရေးတော်ကြီးသည် အေးဆေးတည်ငြိမ်သည့် ပတ်ဝန်းကျင်အခြေအနေတွင် အစပြုကြရခြင်းမဟုတ်ပါကြောင်း၊ ပြည်တွင်းပြည်ပ စိန်ခေါ်မှုများပြည့်လျှမ်းနေသည့် "အကျပ်အတည်းဝန်းကျင်" တွင်တာဝန်ယူကြရခြင်း ဖြစ်ပါကြောင်း၊ ထိုသို့ အခင်းအကျင်းမျိုးတွင် ဗိုလ်ချုပ်ကဲ့သို့ စမတ်ပါဝါကို ကျကျနန ကိုင်တွယ်ကျင့်သုံးနိုင်မှသာ ဗိုလ်ချုပ်ကဲ့သို့ ခေတ်၏ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့တစ်တွေ မျက်မှောက်ပြုနေကြရသည့် ဒီမိုကရေစီအရေးတော်ကြီးသည် ယခုဆိုလျှင် အခြေခံအဆင့်ကို ကျော်လွန်ပြီး ရည်မှန်းချက်နိုင်ငံရေးနှင့် ပညာ နိုင်ငံရေးအဆင့်ကို တက်လှမ်းကြရတော့မည်ဖြစ်

ယင်းတာဝန်ကို ပခုံးပြောင်းယူကြရမည့် မိမိတို့အနေဖြင့် နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိကို ဗိုလ်ချုပ်ကဲ့သို့ နနယ်ရာက ရင့်ကျက်လာအောင် တည်ဆောက်ကြရန်လိုပြီ

နိုင်ငံရေးဆိုသည်မှာ "နုရာက ရင့်ရာကို" အဆင့်ဆင့် တည်ဆောက်သွားကြရသည့်ဖြစ်စဉ်ဟု သဘောရပါကြောင်း၊ နိုင်ငံရေး၏ ပထမဆုံးအဆင့်၊ အခြေခံအဆင့်ကို "လှုံ့ဆော်နိုင်ရေး" ဟု နိုင်ငံရေးသိပ္ပံပညာက သတ်မှတ်ပါကြောင်း၊ ယေဘုယျအားဖြင့် ယင်းအဆင့်ကို "တတ်ကြွလှုပ်ရှားသူ" အနေဖြင့် အစပြုကြခြင်းဖြစ်ပါကြောင်း၊ ယင်းထက်ပိုရင့်ကျက်သည့်အဆင့်ကို "ရည်မှန်းချက်နိုင်ငံရေး" ဟု ဆိုပါကြောင်း၊ မိမိဘယ်ကိုသွားချင်သည်၊ ဘယ်လိုသွားမည်ဆိုသည်ကို မဟာဗျူဟာကျကျ စဉ်းစားဆုံးဖြတ်ရသည့်အတွက် "စိတ်လှုပ်ရှားမှု" သက်သက်ဖြင့် နိုင်ငံရေးလုပ်၍ မရတော့

စာမျက်နှာ ၇ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၁၂)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (12th ACDFIM) သို့ တက်ရောက်ခဲ့သော တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီ ၁၀ ရက် ဒေသစံတော်ချိန် ည ၈ နာရီ ၄၅ မိနစ်တွင် မလေးရှားတပ်မတော် အရာရှိစားရိပ်သာ၌ မလေးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri (Dr.) Zulkifeli Bin Mohd Zin နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များနှင့်ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မလေးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri (Dr.) Zulkifeli Bin Mohd Zin က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ညစာစားပွဲသို့ တက်ရောက်လာသော အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူ ညစာအတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မလေးရှားတပ်မတော် တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၊ ဇနီးများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ပြီး (ဝဲပုံ) လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် ယနေ့မွန်းလွဲမှ နောက်သုံးရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(မြန်မာ့အလင်း)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးတင်မြင့် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးတင်မြင့် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ်၌ ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးတင်မြင့်နှင့်အတူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဒေါက်တာ သီတာဦးလည်း ပြန်လည်လိုက်ပါလာကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန် အခွန်ပေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့သော (၁၂)ကြိမ်မြောက် အာဆီယံ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (12th ACDFIM) သို့ တက်ရောက်ခဲ့ပြီး ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ကွာလာလမ်ပူမြို့ ဆူဘန်းလေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား မလေးရှားတပ်မတော်မှ Maj- Gen. Dato' Hanafiah Jaafar (Assistant Chief Of Staff, Defence Logistic)၊ Brig- Gen. Dato' Mohd Azmi Borhan (Armed Forces Provost Marshall)၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် စစ်သံမှူးတို့က ဆူဘန်းလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Mohd Haniff Bin Abd Rahman နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (မြဝတီ)

မြိုင်၌ ကျေးရွာ စက်ရေတွင်းသစ်ဖွင့်

မြိုင် ဖေဖော်ဝါရီ ၁၁

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် တွင်းမကျေးရွာအုပ်စု လက်ပံပင်ကျေးရွာ၌ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၀ နံနက် ၈ နာရီက စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါစက်ရေတွင်းအမျိုးအစားသည် လေးလက်မ GI အမျိုးအစားဖြစ်ပြီး ရေမြှုပ်ပန့် တပ်ဆင်ကာ ပါဝါမီတာဖြင့် မောင်းနှင်ရာ တစ်နာရီ ဂါလန် ၁၆၀၀ နှုန်းဖြင့် လက်ပံပင်ကျေးရွာရှိ အိမ်ခြေ ၁၁၁ အိမ်မှ လူဦးရေ ၆၇၄ ဦးတို့ကို အိမ်တိုင်ရာရောက် ရေများပေးဝေကြောင်း သိရသည်။

စိန်မြိုင်(မြိုင်)

ပြည်တွင်းသတင်း

စာမျက်နှာ ၅ မှ

ပါကြောင်း၊ "အမြော်အမြင်" က အဓိကဖြစ်လာပါကြောင်း၊ ယင်းအဆင့်ကို အောင်အောင်မြင်မြင် ဖြတ်သန်းနိုင်ရန်အတွက် တက်ကြွလှုပ်ရှားသူအဖြစ်လောက်ဖြင့် မလုံလောက်တော့ပါကြောင်း၊ "ပရော်ဖက်ရှင်နယ် နိုင်ငံရေးသမား"ဖြစ်ရန် လိုပါကြောင်း၊ နိုင်ငံရေး၏ အမြင့်ဆုံးအဆင့်သည် "ပညာနိုင်ငံရေး" ဟု မှတ်သားရပါကြောင်း၊ ပညာနှင့်ယှဉ်ပြီး နိုင်ငံရေးလုပ်ကြရသည့် အဆင့်ဖြစ်ပါကြောင်း၊ ယင်းအဆင့်တွင် "နိုင်ငံရေးသမား"သာမက "နိုင်ငံပြုသမား" ဖြစ်ရန်လိုပါကြောင်း၊ တစ်နည်းဆိုလျှင် "တော်လှန်ရေးသမား" သက်သက်မဟုတ်ဘဲ "တည်ဆောက်ရေးသမား"ပါဖြစ်ရန် အရေးကြီးပါကြောင်း။

ဗိုလ်ချုပ်၏ တစ်သက်တာကို ကြည့်လိုက်ပါက "နုရာက ရင့်ရာကို" ရွေ့လာသည့် သဘောကို အထင်အရှား တွေ့နိုင်ပါကြောင်း၊ ၁၉၃၆ ခုနှစ် ဒုတိယကျောင်းသားသပိတ်ခေါင်းဆောင်အနေဖြင့် နိုင်ငံရေးဘဝကိုစခဲ့သည့် ကိုအောင်ဆန်းသည် စစ်ကြိုခေတ်တွင် နိုင်ငံရေးသမားသခင်အောင်ဆန်း ဖြစ်လာပါကြောင်း၊ စစ်ပြီးခေတ်ရောက်သည့်အခါ "နိုင်ငံပြုသမားကြီး" ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာခဲ့ပါကြောင်း။

ယနေ့ မိမိတို့တစ်တွေ မျက်မှောက်ပြုနေကြရသည့် ဒီမိုကရေစီအရေးတော်ကြီးသည် ယခုဆိုလျှင် အခြေခံအဆင့်ကို ကျော်လွန်ပြီး ရည်မှန်းချက်နိုင်ငံရေးနှင့် ပညာနိုင်ငံရေးအဆင့်ကို တက်လှမ်းကြရတော့မည်ဖြစ်ပါကြောင်း၊ ယင်းတာဝန်ကို ပခုံးပြောင်းယူကြရမည့် မိမိတို့အနေဖြင့် နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိကို ဗိုလ်ချုပ်ကဲ့သို့ နုနယ်ရာက ရင့်ကျက်လာအောင် တည်ဆောက်ကြရန်လိုပြီဟု သဘောရပါကြောင်း။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် အာဇာနည်ခေါင်းဆောင်ကြီးများသည် ၎င်းတို့ခေတ်၏ လွတ်လပ်ရေးတာဝန်ကြီးကို အောင်မြင်ပေါက်မြောက်အောင် ထမ်းဆောင်ရင်း အသက်ပေးသွားခဲ့ကြပါကြောင်း၊ မိမိတို့အနေဖြင့်လည်း မိမိတို့ခေတ်၏ တာဝန်ဖြစ်သည့် ဒီမိုကရေစီအရေးတော်ကြီးကို အောင်မြင်ပြီးမြောက်အောင် ထမ်းဆောင်ကြပါစို့၊ မိမိတို့ သားသမီး နောင်မျိုးဆက်များကို လက်ဆင့်ကမ်းပေးကြရမည့် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး တာဝန်ကြီးအတွက်လည်း အခြေအနေကောင်းများ ဝိုင်းဝန်းဖန်တီးကြရန် ဆန္ဒပြုတိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုလွှတ်တော် နာယကက တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

ရွှေကြာပင် မူလတန်းကြိုကျောင်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် ရွှေကြာပင် မူလတန်းကြိုကျောင်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ မူလတန်းကြိုကျောင်းဆောင်သစ်ကို မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဧရာဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကျင်ခိုင်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းအခမ်းအနားကိုကျင်းပရာ နာယကက အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းဆောင်သစ်အဆောက်အအုံ၊ ကျောင်းသုံး ပရိဘောဂပစ္စည်းများနှင့် မြေနေရာလှူဒါန်းကြသည့်အဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ထို့နောက် နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးဥက္ကဋ္ဌ ဒေါ်သဇင်နွယ်၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးအောင်ကျော်ငြိမ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကမ္ပည်းမော်ကွန်းကို နာယက ဒေါ်ကျင်ခိုင်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးကာ အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တောင်သူများ နှမ်းစပါး စိုက်ပျိုး

ဖီးကုန်း ဖေဖော်ဝါရီ ၁၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တင်ပြင်ခွေကျေးရွာအုပ်စု တင်ပြင်ခွေကျေးရွာ၌ ဆည်မြောင်းရေရရှိကာ လယ်ယာမြေများ၌ နှမ်းစပါး စိုက်ပျိုးနေကြပြီဖြစ်သည်။ တောင်ညိုဆည်၏ အရှေ့ဘက်၊ တောင်ဘက်၊ အနောက်ဘက်၌ရှိသော တင်ပြင်ခွေစခန်းကြီး၊ ဘုရားကြီးကုန်း၊ သင်ကန်၊ လုံးလုနှင့် ရွှေကြို့ပင်ကျေးရွာအစရှိသော ကျေးရွာများ၌ ဆည်မြောင်းရေရောက်ရှိပါက နှမ်းစပါးစိုက်ပျိုးမည်ဟု သိရပြီး ရေမရှိသောဒေသများက မတ်ပဲစိုက်ပျိုးကြသည်။ ရတနာတိုးစပါးမျိုးကို နှစ်စဉ်စိုက်ပျိုးခြင်းဖြစ်ကာ ရက်ပေါင်း ၁၀၁ ရက်တွင် နှမ်းစပါးရိတ်သိမ်းနိုင်သောကြောင့် စပါးစိုက်တောင်သူများ အဆင်ပြေသည်ဟု တင်ပြင်ခွေကျေးရွာမှ နှမ်းစပါးစိုက်တောင်သူတစ်ဦးက ပြောကြားသည်။ ယခုကဲ့သို့ နှမ်းစပါးအောင်မြင်ဖြစ်ထွန်းမှုကြောင့် တစ်ဧက ပျမ်းမျှဝင်ငွေကျပ် ၃၅၀၀၀၀ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သိန်းတိုး(ဖီးကုန်း)

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အခမဲ့ပညာရေးနှင့် ပညာရေးထောက်ပံ့မှုလျာထားချက်များ

အခြေခံပညာကဏ္ဍ

စဉ်	အခြေခံပညာအဆင့်	တစ်ဦးအတွက်ထောက်ပံ့မှုနှုန်းထား	ကျောင်းသားဦးရေ	မှတ်ချက်
၁။	မူလတန်း	ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်(၆)အုပ်၊ ကျောင်းဝတ်စုံ(၁)စုံ	(၅)သန်းကျော်	ကျောင်းသားအရေအတွက် အနည်း/အများအပေါ် မူတည်၍ကျောင်းထောက်ပံ့ကြေးတစ်ကျောင်းလျှင် တစ်နှစ်အတွက်ငွေကျပ် ၈ သိန်းမှ ငွေကျပ် ၁၆ သိန်းအထိ ထောက်ပံ့ခြင်းကို စုစုပေါင်း ငွေကျပ် ၄၆ ဘီလီယံကျော် သုံးစွဲမည်ဖြစ်ပါသည်။
၂။	အလယ်တန်း	ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ တစ်နှစ်လျှင်ကျပ် (၂)သိန်း	(၂ ဒသမ ၈)သန်းကျော် ၁၁၅၈ ဦး	မြို့နယ်တစ်ခုလျှင် (၃)ဦးနှုန်း မြို့နယ်ခွဲတစ်ခုလျှင် (၂)ဦးနှုန်း
၃။	အထက်တန်း	ကျောင်းသုံးပုံနှိပ်စာအုပ်များ တစ်နှစ်လျှင်ကျပ်(၃)သိန်း	(၈)သိန်းကျော် ၁၁၅၈ ဦး	မြို့နယ်တစ်ခုလျှင် (၃)ဦးနှုန်း မြို့နယ်ခွဲတစ်ခုလျှင်(၂)ဦးနှုန်း

နည်းပညာနှင့်အသက်မွေးကဏ္ဍ

စဉ်	ပညာရပ်အမျိုးအစား	တစ်ဦးအတွက်ထောက်ပံ့မှုနှုန်းထား	ကျောင်းသားဦးရေ	မှတ်ချက်
၁။	ဆရာအတတ်ပညာဒီပလိုမာ	တစ်နှစ်ငွေကျပ်(၃)သိန်း	၂၆၀၀၀ ကျော်	စုစုပေါင်းငွေကျပ် ၈ဘီလီယံလျာထား
၂။	လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာ			
၃။	သူနာပြုဒီပလိုမာ			
၄။	သားဖွားဒီပလိုမာ			
၅။	အစိုးရစက်မှုလက်မှုသိပ္ပံ			
၆။	အစိုးရနည်းပညာအထက်တန်း			

အဆင့်မြင့်ပညာကဏ္ဍ

စဉ်	ထောက်ပံ့မှုအမျိုးအစား	တစ်ဦးအတွက်ထောက်ပံ့မှုနှုန်းထား	ကျောင်းသားဦးရေ	မှတ်ချက်
၁။	တက္ကသိုလ်ပညာသင်ဆု	တစ်နှစ်ငွေကျပ် (၁၀)သိန်း	ပညာသင်ဆုရရှိသူများ	-
၂။	ဆင်းရဲနွမ်းပါးကျောင်းသားထောက်ပံ့မှု	တစ်နှစ်ငွေကျပ်(၃)သိန်း	၂၆၄၄၀	စုစုပေါင်းငွေကျပ် ၇ ဒသမ ၆ ဘီလီယံလျာထား

ဘဏ္ဍာနှစ်အလိုက် ပညာရေးအသုံးစရိတ်များ

စဉ်	ဘဏ္ဍာရေးနှစ်	အသုံးစရိတ်	မှတ်ချက်
၁။	၂၀၁၁-၂၀၁၂	၃၁၀ ဒသမ ၄၀၁ ဘီလီယံ	
၂။	၂၀၁၂-၂၀၁၃	၆၄၇ ဒသမ ၈၉၄ ဘီလီယံ	
၃။	၂၀၁၃-၂၀၁၄	၉၀၉ ဒသမ ၄၅၉ ဘီလီယံ	
၄။	၂၀၁၄-၂၀၁၅	၁၁၅၈ ဒသမ ၂၈၀ ဘီလီယံ	
၅။	၂၀၁၅-၂၀၁၆	၁၄၀၉ ဒသမ ၉၁၉ ဘီလီယံ(လျာထား)	- ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၂၀၁၁- ၂၀၁၂ ဘဏ္ဍာရေးနှစ်ပညာရေးအသုံးစရိတ်၏ငါးဆနီးပါးအထိ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲရန်လျာထားပါသည်။

(သတင်းစဉ်)

အမျိုးသားစာပေဆုချီးမြှင့်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် စာရေးသူများ၊ စာပေထုတ်ဝေ/ ဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်များသို့ မေတ္တာရပ်ခံချက်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သော အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းကာ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ထုတ်ဝေသော စာအုပ်များကို ဘာသာရပ် ၁၆ မျိုး ခွဲခြား၍ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အဆင့် စာပေဆုဖြစ်သည့် အမျိုးသားစာပေဆုအတွက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီကို ပိုမိုမျှတမှု ရှိစေရန် လက်ရှိ နိုင်ငံ့ဝန်ထမ်းများ ပါဝင်ခြင်းမရှိဘဲ လွတ်လပ်သော စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်ဖြင့်သာ ပါဝင်ဖွဲ့စည်းထားပါသည်။ရွေးချယ်ရာတွင်လည်း ဆုရသင့်၊ ရထိုက်သည့်စာအုပ်များရရှိစေရေးအတွက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့်(၃)ဆင့် ပိုင်းခြား စိစစ်ရွေးချယ်လျက်ရှိပါသည်။

ယခုအခါ ထုတ်ပြန်ပြီးဖြစ်သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရမူပိုင်ခွင့်မှတ်ပုံတင်ဌာနခွဲသို့ အဖိုးအခလွတ်ပေးပို့ရမည့် စာအုပ်စာရင်းများတွင် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအတွက်မပါရှိတော့ပါ။ သို့ပါ၍ ၂၀၁၄ ခုနှစ်အတွင်း မိမိတို့ရေးသားခဲ့သော ပထမအကြိမ်ထုတ် စာအုပ်များကို အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသို့ စာအုပ်လေးအုပ်စီ ပေးပို့နိုင်ရေး ၂၀၁၄ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် စာအုပ်ရရှိရေး အစီအမံ ပိုမိုပြည့်စုံစေရန်နှင့် စာရေးဆရာများ အခွင့်အရေးဆုံးရှုံးမှုမရှိစေရန်အတွက် စာပေထုတ်ဝေ/ဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်တစ်ဦးချင်းတို့က အမျိုးသားစာပေဆုတွင် ထည့်သွင်းစဉ်းစားသင့်သည့် စာအုပ်များကို ဖြစ်စေ၊ စာအုပ်စာရင်းကိုဖြစ်စေ၊ အကြံပြုချက်များ ပေးပို့လိုပါက ပေးပို့နိုင်ပါရန် ထပ်မံဖြည့်စွက် ဖိတ်ခေါ်အပ်ပါသည်။

အမျိုးသား စာပေဆုအတွက် ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုလိုသည့် အဖွဲ့အစည်း(သို့မဟုတ်) ပုဂ္ဂိုလ်သည်စာအုပ်အမည်၊ ရေးသားသူ၊ ထုတ်ဝေသည့် စာအုပ်တိုက်၊ ထုတ်ဝေသည့် ခုနှစ်တို့ကို ဖော်ပြ၍ အောက်ဖော်ပြပါ လိပ်စာအတိုင်း ၂၈-၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထား ပေးပို့သွားနိုင်ပါကြောင်းအသိပေးတင်ပြအပ်ပါသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ စာပေဗိမာန် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၇၇၂၄၂နှင့် ၀၁-၃၈၁၄၄၉၊ စာတိုက်မှ ပေးပို့သူများအနေဖြင့် မှတ်ပုံတင်ပြုလုပ်၍ ပေးပို့ရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

(၆၈)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စု ပုံရိပ်၊ ပြည်ထောင်စု စိတ်ထား

မျိုးမြတ်မြတ်မြင့်မောင်

ပြည်ထောင်စု ပုံရိပ်

ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်သော Multi-National State ဖြစ်ပြီး လူဦးရေအားဖြင့် သန်း ၅၀ ကျော် ရှိပါသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ကုန်းမြေဧရိယာ အကြီးဆုံး နိုင်ငံဖြစ်ပြီး ပထဝီဝင်အနေအထားအရ တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်စသည့် ဒေသကြီး (၃) ဖွဲ့၏အလယ်တွင်တည်ရှိကာ မဟာဗျူဟာအရ အရေးကြီးသောနေရာ ဖြစ်နေပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များနှင့် တွင်းထွက်သယံဇာတများ ကြွယ်ဝချမ်းသာသော နိုင်ငံဖြစ်ပြီး ကိုယ့်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် ကိုယ့်အမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာနှင့် ရပ်တည်နိုင်သော လူမျိုးလည်း ဖြစ်ပါသည်။ အမျိုးကို ချစ်မြတ်နိုးသောစိတ်၊ မျိုးရိုး၏ဂုဏ်သိက္ခာကို ထိန်းသိမ်းတတ်သော စရိုက်လက္ခဏာ၊ ဘာသာတရားကို ရိုသေကိုင်းရှိုင်းတတ်သောစိတ်၊ ခင်မင်ကြင်နာစာနာတတ်သည့်နှလုံးသား၊ ပျူငှာသောအမူအရာ၊ ယဉ်ကျေးသော အပြုအမူ၊ ဧည့်ဝတ်ကျေပွန်သော ဓလေ့၊ သဒ္ဓါတရား ထက်သန်မှုစသည့် ကောင်းမြတ်သော ထုံးတမ်းစဉ်လာများနှင့် ထင်ရှားသည့် မြန်မာလူမျိုးဖြစ်ပါသည်။

ကိုယ့်ရိုးရာယဉ်ကျေးမှု စံပြုသည့်မြန်မာ

ထိုထိုသော ဂုဏ်ပုဒ်များကြောင့် မြန်မာကို **ရွှေနိုင်ငံ၏ ရွှေလူမျိုး**ဟုလည်း တင်စားလေ့ရှိကြပါသည်။ ထိုသို့ တင်စားညွှန်းဆိုနိုင်လောက်အောင်လည်း မြန်မာ့သမိုင်းက ခမ်းနားကြီးကျယ်ဝင့်ထည်ခိုင်မတ်ခဲ့ပါ၏။ မှတ်တမ်းများအရ မြန်မာပြည်တွင် လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကျော်ကပင် တကောင်းထီးနန်းစတင်တည်ထောင်ခဲ့ပြီး တကောင်း၊ သရေခေတ္တရာ၊ ပုဂံ မင်းဆက်များ၊ ထို့နောက်ပိုင်း ပုဂံပျက်သုဉ်းပြီးနောက် ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ မြင်းစိုင်း၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ ရတနာပုံထီးနန်းခေတ်များစသည်ဖြင့် ခေတ်အဆက်ဆက်တွင် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် လွတ်လပ်စွာ ရပ်တည်နိုင်ခဲ့ပါသည်။

ဘာသာသာသနာနှင့် ယဉ်ကျေးမှုတွင်လည်း သရေခေတ္တရာမင်းဆက်တွင် ဗုဒ္ဓသာသနာတော် ထွန်းကားနေပြီဖြစ်သည်။

ဇာတိပုည ဂုဏ်မာန

မိမိတို့ မြန်မာလူမျိုးများသည် မိမိတို့၏ **ဇာတိ**ချက်ကြွေ မွေးရပ်မြေဖြစ်သော မြန်မာပြည်၏ **ပုည**အတိတ်သမိုင်းကို ပြန်လည်မျှော်ကြည့်၍လည်းကောင်း၊ လက်ရှိအခြေအနေတွင် မဟာဗျူဟာမြောက်အရေးပါသော ဒေသတစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင် ရပ်တည်နေမှုကို ရှုမြင်၍လည်းကောင်း၊ ကိုယ့်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံကို စံပြု၍ တိုင်းရင်းသားညီအစ်ကိုများ အတူတကွလက်တွဲ နေထိုင်ခဲ့ကြသည့် ကောင်းမြတ်သော အစဉ်အလာများကို ထောက်ရှု၍လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့် **ဒါတို့နိုင်ငံ၊ ဒါ တို့လူမျိုး၊ ဒါ တို့မြန်မာ**ဟု ဇာတိပုည ဂုဏ်မာနအပြည့်ဖြင့် ကမ္ဘည်းမော်ကွန်း စိုက်ထူနိုင်သည်မှာ အထင်အရှားပင် ဖြစ်ပါသည်။

ကျွန်ဖြစ်၍ နှံ့နစ်ခဲ့ရသည့် မြန်မာ

မြန်မာ့သမိုင်းကြောင်း တစ်လျှောက်ဝယ် ထိုသို့ ဇာတိပုညဂုဏ်မာနဖြင့် ဝင့်ထည်ခိုင်မတ် လွတ်လပ်စွာ ရပ်တည်နိုင်ခဲ့သော ကာလများ ရှိသကဲ့သို့ ထီးကျိုးစည်ပေါက် ကျွန်သပေါက် ဘဝသို့ ကျရောက်ခဲ့ရသည့် ခေတ်ဆိုးများလည်း ရှိခဲ့ပါသည်။

မလွတ်လပ်သည့်အခါမှ လွတ်လပ်သည့် အရသာကို တမ်းတကြသည်။ မက်မောလာကြသည်။ ငံ့လင့်လာကြသည်။ ကျူးကျော်လာသည့် နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့အား တွန်းလှန် တိုက်ခိုက်ရင်း တိုက်ပွဲတွင် ထိခိုက်ဒဏ်ရာရ၍ သေလုဆဲအချိန်တွင်တောင် မိသားစုကိုလည်း မမှာ၊ ကျန်တာကိုလည်းသတိမရ၊ **လွတ်လပ်မှ အမျှဝေပါ** ဟု တစ်ခွန်းတည်းသောစကားကိုသာ မှာကြားခဲ့ကြသည်အထိ လွတ်လပ်ရေးကို မွတ်တမ်းခဲ့ကြပါသည်။

သို့သော်လည်း မြန်မာတို့ ကျွန်သက်ရှည်ခဲ့ရပါသည်။ ကိုယ့်မှုကိုယ့်ဟန်၊ ကိုယ်ပိုင်စံနှင့်၊ တွန်းလှန်နယ်ချဲ့၊ တိုက်ခဲ့ဖက်ဆစ်၊ ဖြစ်သနစ်တွင် အင်အားကို တစ်စုတစ်စည်းတည်းတည်ဆောက်နိုင်ခြင်းမရှိခဲ့ဘဲ ကိုယ့်ဒေသ၊ ကိုယ့်နယ်မြေ၊ ကိုယ့်အင်အား အသီးသီးဖြင့်သာ တော်လှန် တိုက်ခိုက်ခဲ့မှုကြောင့် လွတ်လပ်ရေးနှင့် အလှမ်းဝေးခဲ့ရပြီး ဟိုသည် တစ်စု၊ တော်လှန်မှုသည် နှစ်တစ်ရာကျော် အဖြစ်ဆိုးနှင့် မြန်မာတို့ ရင်ကျိုးခဲ့ရပါသည်။

စည်းလုံးခြင်းသည် အင်အား

ပြည်သူတစ်ရပ်လုံး မျှော်မှန်းတမ်းတသည့် လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့သည့် သူရဲကောင်းကား ညီညွတ်ခြင်းတည်းဟူသော **အင်အား**၊ ပေါင်းစည်းခြင်းဟူသော **သတ္တိ**၊ စည်းလုံးခြင်းဟူသော **စွမ်းအင်**ဖြစ်ပါ၏။ ထိုသူရဲကောင်းကို သွန်းလောင်းပုံဖော်ခဲ့သည်က ပြည်ထောင်စု၏ ဗိသုကာ၊ မြန်မာ့လွတ်လပ်ရေး၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်ပါသည်။ ထိုသို့ ပုံပေါ်လာသည့် သူရဲကောင်းကို ပိုမိုအားကောင်း ခိုင်မာသည်ထက် ခိုင်မာခဲ့စေသည်ကား ဗိုလ်ချုပ်၏ ဦးဆောင်မှုနောက်ဝယ် **တိုင်းရင်းသားပြည်သူတစ်ရပ်လုံး** တစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ တစ်သွေးတည်း၊ တစ်သားတည်း၊ တညီတညွတ်တည်း အတူတကွ ကြိုးပမ်းအားထုတ်ခဲ့မှုပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း လွတ်လပ်ရေး၏ ရွှေပြေးပြယုဂ် **ပင်လုံဂုဏ်ပုဒ်**ကို ဖော်ထုတ်နိုင်ခဲ့ပြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင်ဆိုင်သည့် မြန်မာနိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဗိုလ်ချုပ်မျှော်မှန်းခဲ့သည့် ဒီမိုကရေစီနှင့် ပြည်ထောင်စုနိုင်ငံ

ဗိုလ်ချုပ်မျှော်မှန်းခဲ့သည်က မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်နှင့် ပြည်သူလူထု အများစု၏ ဆန္ဒနှင့်အညီ အုပ်ချုပ်သည့် ဒီမိုကရေစီနိုင်ငံ ဖြစ်လာစေရေးနှင့် မြန်မာတိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံးရှိ၍ တရားမျှတသော အခွင့်အရေးများကို ခံစားနိုင်သည့် ပြည်ထောင်စုနိုင်ငံကြီး ဖြစ်လာစေရေးတို့ပင် ဖြစ်ပါသည်။

သို့သော် လွတ်လပ်ရေးကိုပင် မြင်မသွားရရှာသည့် ဗိုလ်ချုပ်မျှော်မှန်းခဲ့သော ခရီးလမ်းမှာ မှန်းတိုင်းမရောက်၊ ထင်တိုင်းမပေါက် ဖြစ်ခဲ့ရုံမက ထိုခေတ်ထိုအခါ ထိုကာလများက ကျင့်သုံးခဲ့သော မူဝါဒများ၏ အားနည်းချို့ယွင်းမှုများနှင့်အတူ မြန်မာနိုင်ငံသည်လည်း ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် သက်ဆင်းခဲ့ရပါသည်။

ဘာ့ကြောင့်ဆင်းရဲ၊ ဘာ့ကြောင့်မွဲ

သယံဇာတပေါကြွယ်ဝလှသည့်မြန်မာ၊ ဒေသအတွင်းဝယ် မဟာဗျူဟာအရ အချက်အချာကျနေသည့်မြန်မာ မည်သည့်အတွက်ကြောင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများစာရင်းတွင် သွတ်သွင်းခံရပြီး ယနေ့တိုင် ရုန်းထွက်ရန် ကြိုးစားဆဲဖြစ်နေရပါသနည်း။ အခြေအနေက မယုံကြည်နိုင်ဖွယ် ဖြစ်သော်လည်း လက်တွေ့ကြုံတွေ့ နေရပြီ ဖြစ်ပါ၏။

မည်သည့်အခြေအနေများက ထိုကဲ့သို့ အခြေအနေဆိုးကို ဖြစ်ပေါ်စေရန် တွန်းပို့ခဲ့သည်ကို ယထာဘူတကျကျ လေ့လာဆင်ခြင် သုံးသပ်နိုင်မှသာလျှင် အတိတ်သမိုင်းကို သင်ခန်းစာယူ၍ ပကတိ လက်ရှိအခြေအနေပေါ်မူတည်ကာ အနာဂတ် ခရီးလမ်းအတွက် မှန်ကန်သော လမ်းကြောင်းကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ အဓိက ဖြစ်ပေါ်စေသည့် အကြောင်းတရားများကို စေ့ငုကြည့်ကြပါစို့။

ညီနောင်အချင်းချင်းအကြား ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခ

နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့မှာ အညာအကြေ တောင်ပေါ်မြေပြန့် ပြည်အနှံ့တွင် တည်ရှိနေကြပါသည်။ ထိုသို့ ပထဝီဝင်အနေအထားအရ ကွဲပြားနေသည်ကို နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခြင်းဟူသော အမွေဆိုးက ခြေထိုးဖျက်ဆီး ခွဲခြားလိုက်သည့်အခါ ညီနောင်များအကြား အထင်အမြင်လွဲမှားလာမှုနှင့်အတူ တဖြည်းဖြည်းကြီးထွားလာသည့် သံသယတို့သည် ပြည်တွင်းစစ်ကို မီးမွေးခဲ့သည်ဟု ဆိုရပါမည်။

တစ်မြေတည်းနေ၊ တစ်ရေတည်းသုံး၊ စည်းလုံးချစ်ကြည်စွာ နေထိုင်ကြရမည့်အစား သပ်လျှိုသွေးခွဲမှုများကြောင့် လွတ်လပ်ရေးရပြီး မကြာမီမှာပင် ညီနောင်အချင်းချင်း စစ်ခင်းခဲ့ကြလေရာ လွတ်လပ်ပြီး နှစ်ပေါင်း ၅၀ ကျော်ကြာသည့်တိုင် ပြည်တွင်းသံသရာ ဝဲဂယက်မှ ခွဲမထွက်နိုင်ခဲ့ပါ။ ထိုသို့ ကာလရှည်ကြာ ဖြစ်ပေါ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခနှင့်အတူ နိုင်ငံ၏သယံဇာတ၊ ဘဏ္ဍာအရင်းအမြစ်များနှင့် လူသားအရင်းအမြစ်များ အကျိုးမဲ့စွာ ဆုံးရှုံးခဲ့ရပါ၏။ နိုင်ငံတော်တည်

ဆောက်ရေးအတွက် အချိန်များ၊ အခွင့်အလမ်းကောင်းများ လက်လွတ်ခဲ့ရပါ၏။

အကယ်၍သာ နိုင်ငံလွတ်လပ်ရေးရပြီးစ ကာလကပင် နိုင်ငံ၏ပေါကြွယ်ဝသော အရင်းအမြစ်များကို မှန်ကန်စွာအသုံးချ၍ ပြည်ထောင်စုသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်တည်ဆောက်ရေးကို အားသွန်ကြိုးပမ်း ဆောင်ရွက်နိုင်ခဲ့မည်ဆိုပါလျှင် ယခု လက်လှမ်းမမီနိုင်သေးသည့် အရှေ့တောင်အာရှအဆင့်တွင်သာ မဟုတ်ပါ။ မြန်မာသည် **အာရှ၏ အစောဆုံး ကျား**ပင် ဖြစ်နေမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပါသည်။

မဟာဗျူဟာနေရာ၏ ဝေဒနာ

နေရာတိုင်းတွင် အားသာချက်ရှိသလို အားနည်းချက်များလည်းရှိနေသည်ဖြစ်ရာ မြန်မာနိုင်ငံ၏ဒေသတွင်း မဟာဗျူဟာကျမှုကို နိုင်ငံ့ကောင်းကျိုးအတွက် အသုံးမချနိုင်သေးမီ ယင်း၏ ဆိုးကျိုးကိုမူ အပြည့်အဝ ခံစားခဲ့ရပါ၏။ ဒုတိယကမ္ဘာစစ်ကြီး စတင်ချိန်ကပင် မြန်မာပြည်သည် စစ်တလင်းဖြစ်ခဲ့ရပြီး အင်အားကြီးနိုင်ငံများအကြား ကျွဲနှစ်ကောင်ခတ်သည့်ကြား မြေစာပင် မခံနိုင် ဆိုသကဲ့သို့ စစ်ဘေးစစ်ဒဏ် သင့်ခဲ့ရပါသည်။ ဒုတိယကမ္ဘာစစ်ပြီးကာလ စစ်ဒဏ်ကြောင့် အလုံးစုံ ချွတ်ခြုံကျခဲ့ရသည့် မြန်မာပြည်ကို လွတ်လပ်ရေးနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်စတင်ရန် ကြံစည်ဆဲမှာပင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို လက်လွတ်ဆုံးရှုံးခဲ့ရမှုနှင့်အတူ ဗိုလ်ချုပ်မျှော်မှန်းခဲ့သော တိုင်းပြည်ထူထောင်ရေးလုပ်ငန်းစဉ်များ နှောင့်နှေးသွားခြင်းသည်လည်း အကြောင်းတရားတစ်ခု ဖြစ်ခဲ့ရပါသည်။

အထီးကျန်မှုနှင့် အကျည်းတန်မှု

စစ်အေးတိုက်ပွဲ၏ အရှိန်အဟုန် အမြင့်မားဆုံးကာလများဖြစ်သည့် ၁၉၅၀ပြည့်နှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ကြားကာလများအတွင်း နိုင်ငံကြီးများအကြား၊ ပြိုင်ဘက်အင်အားစုများအကြား ရပ်တည်ခဲ့ရသော မြန်မာနိုင်ငံသည် ရရှိပြီး လွတ်လပ်ရေးကို တစ်ဖန်ပြန်လည်ဆုံးရှုံးမသွားစေရန် အခြေအနေနှင့် အချိန်အခါအရ မည်သည့်ဘက်ကိုမှ မလိုက်ခဲ့ဘဲ အထီးကျန်ဆန်ဆန် ရပ်တည်ခဲ့ရပါသည်။

ချို့ယွင်းမှုများ၏အဆုံး ဆုံးရှုံးမှုများ၏ ရလဒ်

ထိုသို့ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ၊ အမျိုးသားခေါင်းဆောင်ကြီးကို လက်လွတ်ဆုံးရှုံးခဲ့ရမှုများနှင့် အခြေအနေအရ ဖြစ်ပေါ်လာသော အထီးကျန်စွာ နေခဲ့ရမှုများသည် နှစ်ကာလ ကြာရှည်လာသည်နှင့်အမျှ လူသားအရင်းအမြစ်များအပေါ်တွင် ကြီးမားသည့် ဆိုးကျိုးများ သက်ရောက်စေခဲ့ပါသည်။

လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးမှုနှင့်အတူ နိုင်ငံတကာနှင့်ဆက်နွယ်ဆက်ဆံမှု အားနည်းခြင်း၊ အတတ်ပညာ၊ နည်းပညာ ခေတ်နောက်ကျကျန်ခဲ့ခြင်း၊ လွဲမှားသော စီမံခန့်ခွဲမှုများဖြင့် သဘာဝသယံဇာတများကို မှန်ကန်စွာ အသုံးမချနိုင်ခဲ့ခြင်း၊ ခေတ်စနစ် အဆက်ဆက်တွင် ကျင့်သုံးခဲ့သောမူဝါဒများအရ ကောင်းမွန်စွာဖြင့် အကောင်အထည်ဖော်ဆောင်နိုင်မှုများရှိသလို အားနည်းချက်များနှင့်အတူ ဖြစ်ပေါ်လာရသည့် နိုင်ငံသားများ၏ စိတ်ဓာတ်၊ စာရိတ္တနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာများ ပျက်စီးယိုယွင်းလာမှုများလည်းရှိလာရာ ထိုထိုသော အကြောင်းတရားများသည် တိုင်းပြည်ကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ ရုန်းမထွက်နိုင်အောင် ဖြစ်စေခဲ့သည်ဟု ဆိုရမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ မိမိတို့ မြန်မာနိုင်ငံအား ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးနိုင်ရန်အတွက် နိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အမြော်အမြင်ရှိစွာဖြင့် လုပ်ဆောင်ရန် အရေးတကြီး လိုအပ်နေချိန်ဖြစ်ပါသည်။

မြန်မာ့ဒီမိုကရေစီ၏ ခရီးအစ

မြန်မာ့ဒီမိုကရေစီသည် အစိုးရသစ်၏ သက်တမ်းနှင့်အတူ မွေးဖွားစကလေးငယ်တစ်ဦး အသွင်ပမာပြုရပါလျှင် **လဲရာမှ မှောက်၊ မှောက်ရာမှ ထိုင်၊ ထိုင်ရာမှ ထ၊ ထရာမှ ရပ်၊ ရပ်ရာမှ လျှောက်** ဆိုသည့်နှယ် လမ်းလျှောက်တတ်ခါစ ကလေးငယ်တစ်ဦးနှယ်ဖြစ်နေပါသည်။ တစ်ဖက်က အခြေခိုင်အောင် ကြိုးစားရပ်တည်ရသလို တစ်ဖက်ကလည်း ခရီးပေါက်စေရေး ကြိုးစားလျှောက်လှမ်းနေရသောကာလဖြစ်ပါ၏။ ထိုသို့သော အခြေအနေတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအတွင်း အစိုးရနှင့် ပြည်သူတစ်ရပ်လုံးအတွက် မျှော်မှန်းထားသည့်ရလဒ်များ ရရှိခံစားနိုင်မှုများ ရှိမည်ဖြစ်သလို မျှော်မှန်းမထားသည့် စိန်ခေါ်မှုများ၊ မျှော်လင့်ထားပြီးဖြစ်သည့် အခက်အခဲများနှင့် လုပ်ဆောင်ရင်းမှ မထင်မှတ်ဘဲ ဖြစ်ပေါ်လာရသည့် ချို့ယွင်းအားနည်းမှုများ ရှိနေသည်မှာ သဘာဝကျသည်ဟုပင် ဆိုရပါမည်။

အဆိုပါ အခက်အခဲနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်မှာမူ ပါဝင်သည့် Stakeholders များအားလုံး၏ ပြေပြစ်ချောမွေ့သည့် ပူးပေါင်းဆောင်ရွက်မှုများနှင့် နည်းစနစ်ကျသော အပြန်အလှန်ထိန်းကျောင်းမှုယန္တရားများ ဖြစ်ပေါ်လာစေရေးသည် မရှိမဖြစ်လိုအပ်လှပါသည်။ သို့ဖြစ်ရာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတည်းဟူသော မဏ္ဍိုင် (၃) ရပ်နှင့် ပဉ္စမ မဏ္ဍိုင်ဟု ဖော်ညွှန်းအပ်သော မီဘပြည်သူများနှင့် မဏ္ဍိုင်များအကြား ပေါင်းကူးတံတားဖြစ်သည့် မီဒီယာအစရှိသည့် နိုင်ငံသားအားလုံး၏ အသိစိတ်နှင့်အတူ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ကျရာအခန်းကဏ္ဍအလိုက် ဆောင်ရွက်ကြရမည်သာ ဖြစ်ပါသည်။

အဆောက်အအုံတစ်ခုတွင် အခြေခံအုတ်မြစ်သည် အထူးအရေးကြီးလှပါသည်။ သို့ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်သစ်ဟူသော အဆောက်အအုံသစ်ကို တည်ဆောက်ကြရာတွင် အခြေခံအုတ်မြစ်ကို ပြည်ထောင်စု၏ရှေ့ဆောင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် ညီညွတ်ရေးဖြင့် တည်ဆောက်ကြရမည်ဖြစ်ပါသည်။

ဗိုလ်ချုပ်ပြောခဲ့သည့် ညီညွတ်ရေး

နှစ်ရာချီခဲ့သည့် ကျွန်သပေါက်ဘဝမှလွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့သည့် ဗိုလ်ချုပ်၏ အဓိကလက်နက်မှာ တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်မှုကို အရင်းခံသည့်စိတ် တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်တက်ကြွမှုပင် ဖြစ်ပါသည်။ ထိုသို့ ကျွန်ဘဝမှပင် လွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့သည့် သွေးစည်းချစ်ကြည် ညီညွတ်မှုကို အခြေတည်ကာ ဒီမိုကရေစီနိုင်ငံတော် ထူထောင်မည်ဆိုပါက အောင်မြင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။ သို့ဖြစ်ရာ ဗိုလ်ချုပ်မှာကြားခဲ့သည့် **ညီညွတ်ရေးဟူသည့် အသိ** မြန်မာနိုင်ငံသားတို့၏ရင်ဝယ် ထာဝစဉ်ကိန်းအောင်းစေရန်မှာ အမျိုးသားရေးတာဝန်ပင် ဖြစ်ပါသည်။

"ညီညွတ်ရေးဆိုတာ တူညီသော အကျိုး၊ တူညီသော အလုပ်၊ တူညီသော ရည်ရွယ်ချက် ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့ အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့ အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့ အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုး ဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်၊ အကျိုးမှာလည်း တူရမယ်၊ ရည်ရွယ်ချက်မှာလည်းတူရမယ်၊ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။" (၂၃-၁-၁၉၄၆ ရက်နေ့တွင် ဖဆပလပြည်လုံးကျွတ်ညီလာခံ၌ ပြောကြားခဲ့သောဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်)

မြန်မာ့နွေဦးအလှ

မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုသည် စစ်မှန်သည့်အပြောင်းအလဲ ဖြစ်ပါသည်။ တည်ငြိမ်စွာ ပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်နိုင်မှုနှင့်အတူ နိုင်ငံတကာ၏ အသိအမှတ်ပြု ချီးကျူးဂုဏ်ယူမှု၊ ပါဝင်လက်တွဲ ပူးပေါင်းဆောင်ရွက်လာမှုတို့ဖြင့် မြန်မာ့ဒီမိုကရေစီနွေဦးသည် အစကောင်းနေပြီဖြစ်ရာ အနှောင်းသေချာစေရန် လိုအပ်နေပြီဖြစ်ပါသည်။

ပြည်ထောင်စုစိတ်ထား

ကျွန်ုပ်တို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော်ဖြင့် နှစ်ပေါင်းထောင်ချီသော သမိုင်းကြောင်းဝယ် အတူတကွနေထိုင်လာခဲ့ကြသည့် မြင့်မြတ်သောအစဉ်အလာများဖြင့် တည်ရှိနေသည့် နိုင်ငံဖြစ်ပါသည်။ စည်းလုံးခြင်း၏အင်အား၊ မစည်းလုံးခြင်း၏ ရလဒ်၊ ပေါင်းစည်းခြင်း၏ အကျိုး၊ ပြိုကွဲခြင်း၏ အဆိုးများကို စာတွေ့မဟုတ်၊ ငါတွေ့ တစ်နိုင်ငံလုံး တွေ့ကြုံခံစားခဲ့ပြီး ဖြစ်ပါသည်။

မည်သူမဆို ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို ချစ်မြတ်နိုးကြပြီး တိုးတက်ကြီးပွားစေလိုစိတ် ရှိကြသည်ချည်းသာဖြစ်ပါ၏။

သို့ဖြစ်ရာ တစ်မြေတည်းနေ၊ တစ်ရေတည်းသုံး၊ ကျွန်ုပ်တို့အားလုံးတို့သည် တိုင်းရင်းသားညီအစ်ကိုများဖြစ်ကြသည်နှင့်အညီ သွေးရင်းဟူသော နှလုံးသွင်း၊ ဆက်ဆံခြင်းဟူသော တံတားဖောက်၊ အပြန်အလှန်နားလည်ယုံကြည်ခြင်းဟူသော လျှောက်လှမ်းပေါ်ဝယ် စည်းလုံးခြင်းဟူသော အင်အား တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ထား အရင်းခံ၍ ပြည်ထောင်စုပုံရိပ်ကို မြှင့်တင်ဖော်ဆောင်နိုင်ကြပါစေကြောင်း ပြည်ထောင်စုနေ့အခါသမယတွင် အလေးအနက် တိုက်တွန်းအပ်ပါသည်။

တို့အိမ်

* အိမ်ရှေ့ဘက်တွင်၊ ရေချမ်းစင်နှင့်
အိမ်ဝင်စက်မြိတ်၊ သပြေရိုပ်နှင့်
စိတ်ကြည်နူးဖွယ်၊ ပွင့်ပန်းနွယ်နှင့်
တင့်တယ်လှပ၊ ရှုမဝဘဲ
နှမမောင်ရင်း၊ ဆွေတစ်သင်းတို့
ချစ်ခြင်းတူမျှ၊ နေထိုင်ကြသည်
အားကျဖွယ်ရာ ငါတို့အိမ်။

* အိမ်၏ဝန်းကျင်၊ မျှော်ချေလျှင်လည်း
ကြည်လင်ငြိမ့်ညောင်း၊ ရေစီးကောင်းသည့်
မြစ်ချောင်းအင်းအိုင်၊ မြိုင်လည်းမြိုင်စွ
ဂနိုင်စိမ့်စမ်း၊ ရင်ငြိမ်းချမ်းစွ
လမ်းပန်းဆက်သွယ်၊ သွားလာလွယ်၍
သည်ဝယ်စေတီ၊ သည်ဆီဘုရား
သည်ကားကျောင်းကန်၊ သည်ထံအနှ
ယဉ်ကျေးမှုနှင့် ရှုချင့်စဖွယ်
အသွယ်သွယ်မို့
ဧည့်သည်ဝင်ထွက်၊ ခရီးဆက်ကြ
မပျက်မိတ်ဝတ်၊ မယွင်းချွတ်ဘဲ
တလွတ်ကင်းကွာ၊ ဖော်ရွေစွာဖြင့်
မေတ္တာစင်ဖြူ၊ တံခွန်လူသည်
ဂုဏ်ယူဖွယ်ရာ ငါတို့အိမ်။

* ဩော်…တို့အိမ်ဟူသည်၊ တို့တိုင်းပြည်တည့်
ဤပြည်ထောင်ဖွား၊ ညီနောင်များတို့
ချစ်အားတူမျှ၊ ရိုင်းပင်းကြလော့
သူကပြုံးလျှင်၊ ကိုယ်ကရွှင်၍
သူခင်မင်လာ၊ ကိုယ်ကြင်နာလော့
ညင်သာသူက၊ ခွန်းနူတ်ဟလျှင်
ကိုယ်ကဆက်ဆံ၊ ချစ်တုံ့ပြန်လော့
ရန်ငြိုးမထား၊ မုန်းမပွားဘဲ
ရိုးသားစိတ်ဝမ်း၊ ကိုယ်စီလွမ်း၍
ငြိမ်းချမ်းရေးအား၊ အလေးထားကာ
ပိုင်းခြားသုံးသပ်၊ ဝေဖန်တတ်လျက်
မပြတ်ချင့်ချိန်၊ နှလုံးအိမ်ဝယ်
တို့အိမ်ကလေး၊ သာယာရေးနှင့်
တို့အိမ်ကလေး၊ ဘယာဝေးအောင်
မျှော်တွေးထာဝရ၊ စောင့်ရှောက်ကြ။
ဘိုးဘွားအမွေတည်မြဲမှ။
ငါတို့တာဝန်ကျေမည်ပ။ ။

မြင်းမူမောင်နိုင်မိုး

ပြည်တွင်းသတင်း

❀ ကျောဖုံးမှ

ဒေါက်တာ အောင်ထွန်းသက် အမှာစကားပြောကြားစဉ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် ဆွေးနွေးစဉ်။

NNER မှ ဒေါက်တာ သိန်းလွင် ဆွေးနွေးစဉ်။

ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ မဖြိုးဖြိုးအောင် ဆွေးနွေးစဉ်။

ရှေးဦးစွာ ဆွေးနွေးပွဲတွင် ဒေါက်တာ အောင်ထွန်းသက်က အဖွင့်အမှာစကားပြောကြားရာ ယနေ့ဆွေးနွေးပွဲကို မေတ္တာရှေ့ထား ဆွေးနွေးကြရန်နှင့် ဆွေးနွေးပွဲ၏ အဓိကဦးတည်ချက်ကို တိုင်ပင်ဆွေးနွေးပြီး အပြန်အလှန်ညှိနှိုင်းကြရန် ဖြစ်ကြောင်း၊ ဆွေးနွေးပွဲအောင်မြင်ရန် အချက်(၂)ချက်ရှိကြောင်း၊ ပထမအချက်မှာ ပညာရေးဥပဒေနှင့် ပါဝင်ပတ်သက်သူများအားလုံး ပြောကြားနေကျဖြစ်သည့် Stakeholder များ ပါဝင်ရန်လိုကြောင်း၊ အစိုးရအဖွဲ့၊ လွှတ်တော်၊ NNERနှင့် ကျောင်းသားများ ပါဝင်သည့်အတွက် Stakeholder များ ပြည့်စုံသည်ဟု ဆိုနိုင်ကြောင်း၊ ဒုတိယအချက်မှာ ဆွေးနွေးပွဲ အောင်မြင်မှုရှိ-မရှိ ဦးဆောင်ဆွေးနွေးသူ Moderator များလည်း လိုအပ်ကြောင်း၊ အဖွဲ့(၄)ဖွဲ့နှင့် မပတ်သက်သည့် သီးခြားရပ်တည်နေသူများက Moderator အဖြစ် ဆောင်ရွက်ပါက ပိုမိုအဆင်ပြေပါကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲများတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် တိုက်တွန်းပါကြောင်း၊ မိမိအနေဖြင့် ယနေ့ လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူ Third Party အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲများ၏ သဘောသဘာဝအရ အားလုံးကျေနပ်သည့် အဖြေတစ်ခုရအောင် စဉ်းစားဆွေးနွေးစေလိုကြောင်း၊ အမှန်တရားဟူသည် တစ်ဦးတစ်ယောက်တည်းတွင် မရှိဘဲ လူတိုင်းတွင်ရှိကြောင်း၊ ဆွေးနွေးပွဲများဟူသည် ပြဿနာများကို ပြောကြားနေရုံနှင့်မပြီးဘဲ အဖြေရှာပြီး အဖြေရအောင် ဆွေးနွေးကြစေလိုကြောင်း၊ ကျောင်းသားများ အဆိုပြုထားသည့် အချက်(၁၁)ချက်အပေါ် ညှိနှိုင်းကာ အားလုံးပါဝင်ပြီး သဘောတူ လက်ခံသည့် ဆွေးနွေးပွဲများဖြစ်အောင်ရှေးရှု ဆောင်ရွက်သွားရလျှင် အခက်အခဲမရှိပါကြောင်း၊ အဆိုပြုချက်များအပေါ် နိုင်ငံတော်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးရသည်များရှိကြောင်း၊ ပညာရေးဥပဒေနှင့် ပတ်သက်ပြီး အားလုံး ညှိနှိုင်းဆွေးနွေးကြလျှင် အကောင်းဆုံး အဖြေရမည်ဖြစ်မည်ဖြစ်ကြောင်း စသဖြင့် ပြောကြားသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဆွေးနွေးပြောကြားရာ ယနေ့ဆွေးနွေးပွဲသည် မိမိတို့တိုင်းပြည်အတွက် အလွန်အရေးကြီးကြောင်း၊ အမျိုးသားပညာရေး ဥပဒေနှင့် ပတ်သက်၍ လက်ရှိပညာသင်ကြားနေသည့် ကျောင်းသား မိဘများက စိုးရိမ်ပူပန်မှုများရှိနေကြောင်း၊ ယင်းသို့ စိုးရိမ်မှုများမရှိဘဲ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မှုကို နိုင်ငံတော်နှင့် ကျောင်းသားများ၊ မိဘပြည်သူများကပါ လိုလားပါကြောင်း၊ ကျောင်းသားများ အဆိုပြုထားသော အချက်(၁၁)ချက် ညှိနှိုင်းပြီးဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံအေးချမ်း တည်ငြိမ်ပါက ဆောင်ရွက်လျက်ရှိသော စနစ်သစ်နှင့် ပြုပြင်ပြောင်းလဲမှုများကို ချောမွေ့စွာ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ အရာအားလုံးကို အသစ်ပြန်လုပ်နိုင်ရန် မလွယ်ကူဘဲပြင်ဆင်သင့်သည်ကို ပြင်ဆင်ရင်း ဆောင်ရွက်သင့်သည်များကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုကာလတွင် လိုအပ်ချက်များရှိလျှင် ညှိနှိုင်းဆောင်ရွက်နိုင်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ကာ ဖြေလျှော့သင့်သည်များကို ဖြေလျှော့ ဆွေးနွေးပါက အောင်မြင်မှုရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ဆွေးနွေးပွဲတက်ရောက်လာသော အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များကို မိတ်ဆက်ပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် အမျိုးသားပညာရေးဥပဒေဆိုင်ရာ ဆွေးနွေးပွဲများ တက်ရောက်ခဲ့သည်မှာ ယခုအကြိမ် အပါအဝင် လေးကြိမ်ရှိပြီဖြစ်ကြောင်း၊ ဆွေးနွေးမှုများတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်ပါဝင် ဆောင်ရွက်ခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဖေဖော်ဝါရီ ၃ ရက်နေ့တွင် ကျင်းပသည့် ဆွေးနွေးပွဲရွှေ့ဆိုင်းပြီးနောက်ပိုင်း သက်ဆိုင်ရာကိုယ်စားလှယ်များ၏ အားထုတ်ကြိုးပမ်းမှုကြောင့် ယခုဆွေးနွေးပွဲကို သက်မှတ်ရက်ထက် ဆောလျင်စွာ ကျင်းပနိုင်ခြင်းအပေါ် ကြိုဆိုပါကြောင်း၊ ဆွေးနွေးပွဲတွင် ကောင်းမွန်သော ရလဒ်များဖြစ်ထွန်းရေးအတွက် ရှေးရှုပြီး ဆွေးနွေးသွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံ့အကျိုးစီးပွားကို ရှေးရှုကာ ခေတ်စနစ်၊ အချိန်အခါနှင့် ကိုက်ညီသော အမျိုးသားပညာရေးဥပဒေကို ရေးဆွဲနိုင်ပါစေကြောင်းဖြင့် ပြောကြားပြီး ဥပဒေပြုလွှတ်တော်များမှ တက်ရောက်ကြသော ကိုယ်စားလှယ်များကို မိတ်ဆက်ပေးသည်။

ဆက်လက်၍ NNER မှ ဒေါက်တာ သိန်းလွင်က ယနေ့ဆွေးနွေးပွဲတွင် ကျောင်းစာသင်ခန်းများကို စွန့်ခွာ၍ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်နိုင်ရေးအတွက် ဆန္ဒပြလှုပ်ရှားနေကြသော ကျောင်းသားများကို စာနာကာ ယင်းတို့၏ ဆန္ဒကို စဉ်းစားပေးစေလိုကြောင်း၊ မိမိအနေဖြင့် အမျိုးသားပညာရေး ဥပဒေစတင်ရေးဆွဲရာတွင် ပါဝင်ခဲ့ပြီး နောက်ပိုင်းတွင် ဖိတ်ကြားခြင်း မခံရသည့်အတွက် ပါဝင်နိုင်ခြင်း မရှိခဲ့ကြောင်း၊ NNER ၏ ပညာရေးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ် ဇွန်လတွင်ကျင်းပသည့် ညီလာခံပြီးစီးသည့် နောက်ပိုင်းတွင် NNER နှင့် နိုင်ငံတော်သမ္မတကြီးတွေ့ဆုံခဲ့ပြီး NNER ၏ မူဝါဒများဖတ်ကြား၍ ကောင်းမွန်ကြောင်းကို သုံးသပ်ပြောကြားခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတကြီးမှလည်း ကျောင်းသားများ ဆန္ဒကို ဖြည့်ဆည်းပေးလိုသည့် ဆန္ဒရှိခြင်းကြောင့် ယခုဆွေးနွေးပွဲတွင် ကျောင်းသားများဆန္ဒနှင့် အဘယ့်ကြောင့် ဆန္ဒပြရသည်ဆိုသည့်အချက်များကို ထည့်သွင်းစဉ်းစားပေး စေလိုကြောင်း၊ ထို့ပြင် ကျောင်းသားများ လိုလားသော တောင်းဆိုချက်များကိုလည်း ဖြည့်ဆည်းပေးရန် မေတ္တာရပ်ခံပါကြောင်းဖြင့်ဆွေးနွေးပြောကြားပြီးနောက် တက်ရောက်လာကြသည့် NNER မှ ကိုယ်စားလှယ်များက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ထို့နောက် ဒီမိုကရေစီပညာရေး လှုပ်ရှားမှု ဦးဆောင်ကော်မတီမှ မဖြိုးဖြိုးအောင်က ဆွေးနွေးရာတွင် ယခုလိုဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ ဆွေးနွေးပွဲ အောင်မြင်ရန် အရေးကြီးသည့်အချက်မှာ ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ဆွေးနွေးလျက်ရှိသည့် အဖွဲ့အစည်း(၄)ခုမှ စိတ်ရင်းစေတနာမှန်ဖြင့် ဝိုင်းဝန်းအဖြေရှာရန် အရေးကြီးသကဲ့သို့ ပူးပေါင်းပါဝင်ခြင်းဖြင့် မိမိတို့ လိုလားသော ရလဒ်ကောင်းများရမည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့ ကျောင်းသားများအနေဖြင့် ဆွေးနွေးပွဲများ ပြုလုပ်နေပြီး တစ်ဖက်တွင်လည်း အစိုးရဘက်မှ ထုတ်ပြန်သည့် ကြေညာချက် အမျိုးမျိုးနှင့် ရင်ဆိုင်နေရခြင်းသည် သပိတ်လှုပ်ရှားမှုကို အထင်အမြင် လွဲမှားစေကာ တစ်ဖက်နှင့်တစ်ဖက် အခက်အခဲများ ရှိစေပြီး ဆွေးနွေးပွဲ မအောင်မြင်မည်ကို မိမိတို့အနေဖြင့် စိုးရိမ်မိပါကြောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဆွေးနွေးပွဲကိုသာ ပိုမိုအာရုံစိုက်စေလိုပါကြောင်း၊ ကျောင်းသား များအနေဖြင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော် ပြသနေခြင်းသာဖြစ်ပြီး မတည်မငြိမ်ဖြစ်စေသော အကြမ်းဖက်မှုမျိုးကို လုံးဝမပြုလုပ်ခဲ့ပါကြောင်း၊ နောက်နောင်တွင်လည်း ပြုလုပ်မည်မဟုတ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေနိုင်သည်ဟူသော စကားလုံးအသုံးအနှုန်းသည် ကျောင်းသားများအပေါ် အလေးအပင်ဖြစ်စေသဖြင့် မိမိအနေဖြင့် မေတ္တာရပ်ခံလိုပါကြောင်း၊ လက်ရှိအနေအထားတွင် ကျောင်းသားသပိတ်များ ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ဆွေးနွေးပွဲရလဒ်များအပေါ်တည်မှီနေပါကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းသားထုကို ပြန်လည် ဝေမျှသည့်အခါ ဆွေးနွေးပွဲရလဒ်အောင်မြင်ရန် အရေးကြီးပါကြောင်း၊ ဆွေးနွေးပွဲရလဒ်အပေါ်မူတည်၍ ကျောင်းသား လှုပ်ရှားမှုပုံစံများ ပြောင်းလဲသွားနိုင်ပါကြောင်း၊ ထို့ကြောင့် ယခုဆွေးနွေးပွဲသည် ထိရောက်အောင်မြင်သည့် ဆွေးနွေးပွဲဖြစ်ပြီး ရလဒ်ကောင်းများ ရရှိရန် အရေးကြီးပါကြောင်းဖြင့် ဆွေးနွေးပြီး တက်ရောက်လာကြသည့် ကျောင်းသားကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ဆွေးနွေးပွဲရလဒ်အနေဖြင့် ကျောင်းသားများ အဆိုပြုထားသည့် အချက်(၁၁)ချက်ကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကာ အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးဆွဲရာတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။

ယင်းနောက် ဆွေးနွေးပွဲအပြီးတွင် ဆွေးနွေးပွဲရလဒ်အဖြစ် ပူးတွဲကြေညာချက် တစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး ဆွေးနွေးပွဲရလဒ်များနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲရလဒ်ဆိုင်ရာ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၌ ဖေဖော်ဝါရီလ ၁၄ရက်နေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လေးပွင့်ဆိုင် ဆွေးနွေးပွဲရလဒ်များနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ဂုဏ်ပြု ကတ္တရာလမ်းသစ်ဖွင့်

မင်းဘူး ဖေဖော်ဝါရီ ၁၁- မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်ရှိ နဂါးပွက်တောင်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က နဂါးပွက်တောင်လမ်း မုခ်ဦးရှေ့၌ကျင်းပရာ တာဝန်ရှိသူများကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါလမ်းပိုင်းသည် အရှည် ပေ ၁၉၅၀၊ အကျယ် ၁၂ ပေရှိသည်။

ကျော်ဇေယျ(မကွေး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၅၇၇၈၁ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်စိုး ၁၀/ကထန(နိုင်)၀၉၆၄၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (သထုံ)

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ အလယ်ပန်းဆိုးတန်းလမ်း၊ အမှတ် ၁၈၁/၁၈၇ ဟုခေါ်တွင်သော လေးခန်းတွဲ ၁၂ထပ်အဆောက်အအုံမှ (၂၅×၆၀)ပေ အကျယ်အဝန်းရှိ ငါးလွှာ၊ အခန်း(အေ)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်မှာ ကန်ထရိုက်တာ ဦးကျော်မြင့် ၁၂/မဂတ(နိုင်)၀၄၉၂၄၂ ထံမှ ဒေါ်ခင်စန်းအေး ၁၂/ပဘတ(နိုင်)၀၁၄၄၀၅ က တန်ဖိုးငွေအပြေအကျေပေးချေ၍ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသည့် တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်စန်းအေး ၁၂/ပဘတ(နိုင်)၀၁၄၄၀၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင်(စဉ်-၅၇၇၃) ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃၄) ဒေါ်လဲ့လဲ့ဝင်း (စဉ်-၃၉၈၈၀)
ဒေါ်လွင်မာ(စဉ်-၈၉၀၉) ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂) ဒေါ်ဆုမွန်ထက် (စဉ်-၄၁၆၀၁)

<u>တရားလွှတ်တော်ရှေ့နေများ</u> **<u>အထက်တန်းရှေ့နေများ</u>**

အမှတ်-၅၅ (ဒုတိယထပ်)၊
အခန်း-၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊
၀၉-၇၃၀၀၁၅၂၈

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ [illegible]

လွှဲအပ်ညွှန်ကြားချက်အရ

ဦး[illegible] LL.B., DBL., DML., DIL., D.A.P[illegible]

[illegible]

သစ်ပင်စိုက်လျှင်တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈-၄၀)၊ မြေကွက်အမှတ် ၂၀၈၇ အမည်ပေါက် ဦးစိန်ဝင်း(ဘ)ဦးရွှေပြည် ၁၂/လမန(နိုင်)၀၉၂၃၄၅ ၏ မြေချပါမစ်မူရင်းအားရုံးခွဲတွင် မှတ်ပုံတင်စာရင်းရေးသွင်းပေးရန် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးသောင်းတန်ဦးက လျှောက်ထားလာပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မှတ်ပုံတင်စာရင်းရေးသွင်းပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၂၊ မြေကွက်အမှတ်၁၉၂ မြေကွက်ရရှိထားသူ ဦးတင်ဟန် ISN-၄၆၉၃၄၃က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၇)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သွေးသည် အသက်

ပြည်တွင်းသတင်း

ပူးတွဲထုတ်ပြန်ကြေညာချက်

ရန်ကုန်　ဖေဖော်ဝါရီ　၁၁

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ National Network for Education Reform (NNER) ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်များသည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ၀၉း၃၀ နာရီမှ ၁၆း၄၀ နာရီထိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းခန်းမတွင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးမှုအရ အစိုးရ၊ လွှတ်တော်၊ NNER နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကိုယ်စားလှယ်များက အောက်ပါအချက်များကို သဘောတူညီခဲ့ကြပါသည်-

(က) Pre-condition များအနက် ဆွေးနွေးရန် ကျန်ရှိသည့် (၂)ချက် ဆွေးနွေးခြင်း။

(၁) ပညာရေးမူဝါဒနှင့်ဥပဒေများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများရေးဆွဲရာတွင် ကျောင်းသားကျောင်းသူကိုယ်စားလှယ်များ၊ ဆရာ ဆရာမကိုယ်စားလှယ်များ ပါဝင်ရမည့်ကိစ္စနှင့်ပတ်သက်၍ မူအားဖြင့်သဘောတူသည်။ ကိုယ်စားလှယ်များတွင် Stakeholders များ၊ ဥပဒေပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအားလုံး အချိုးကျပါဝင်ဆွေးနွေးပြင်ဆင်သွားမည်။

(၂) ဒီမိုကရေစီပညာရေးသပိတ်တွင်ပါဝင်သူ မည်သူ့ကိုမှ သပိတ်နှင့်ပတ်သက်ပြီး အရေးယူခြင်းမပြုရ ကိစ္စနှင့်ပတ်သက်၍ ဒီမိုကရေစီပညာရေးသပိတ်တွင်ပါဝင်သူ ကျောင်းသား ကျောင်းသူများနှင့် အားပေးထောက်ခံကူညီသူများကို သပိတ်နှင့်ပတ်သက်ပြီး အရေးယူခြင်း မပြုရဟု သဘောတူကြသည်။

(ခ) မူလတောင်းဆိုသည့် အချက်(၁၁)ချက် ဆွေးနွေးခြင်း။

(၁) ပညာရေးမူဝါဒနှင့် ဥပဒေများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများရေးဆွဲရာတွင် ကျောင်းသားကျောင်းသူ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမကိုယ်စားလှယ်များ ပါဝင်ရန်ကိစ္စနှင့်ပတ်သက်၍ မူအားဖြင့်သဘောတူသည်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ရေးဆွဲရာတွင် လေးပွင့်ဆိုင်မှကိုယ်စားလှယ်များ ညှိနှိုင်းရေးဆွဲမည်။ နည်းဥပဒေများနှင့် ဆက်စပ်ဥပဒေများ ရေးဆွဲရေးအတွက် ဆွေးနွေးရာတွင် NNER ကိုယ်စားလှယ်များ၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်များ အပါအဝင် Stakeholders များ၊ ဥပဒေပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအားလုံး အချိုးကျပါဝင်ဆွေးနွေးသွားမည်။

(၂) ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်း ထူထောင်လှုပ်ရှားခွင့်နှင့် ၎င်းသမဂ္ဂများ တည်ရှိမှုအပေါ် တရားဝင်အသိအမှတ်ပြုရေးကိစ္စနှင့်ပတ်သက်၍ အမျိုးသားပညာရေးဥပဒေတွင် ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်နှင့် ၎င်းသမဂ္ဂများတည်ရှိမှုအပေါ် အသိအမှတ်ပြုရေးကို ဖြည့်စွက်ရန် သဘောတူသည်။ အသေးစိတ်ဆွေးနွေးရန်များကို လေးပွင့်ဆိုင်အဖွဲ့မှ Working Group များဖွဲ့၍ အသေးစိတ်ဆက်လက်ဆွေးနွေးရန် သဘောတူသည်။

(၃) လက်ရှိပြဋ္ဌာန်းပြီးဖြစ်သော အမျိုးသားပညာရေးဥပဒေတွင်ပါဝင်သည့် အမျိုးသားပညာရေးကော်မရှင်နှင့် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းထားခြင်းကိစ္စနှင့် ပတ်သက်၍ ပယ်ဖျက်ရန်မူအားဖြင့် သဘောတူသည်။ အမျိုးသားပညာရေးကော်မရှင်နှင့် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီဆိုသည့် စကားရပ်များပါရှိသည့် စာပိုဒ်များအားလုံးကို ပယ်ဖျက်၍ လေးပွင့်ဆိုင်အဖွဲ့မှ Working Group များဖွဲ့၍ အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲရန် သဘောတူသည်။

(၄) ဒေသအလိုက်နှင့်ကျောင်းအလိုက် လွတ်လပ်စွာစီမံခန့်ခွဲနိုင်သည့် ပညာရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိစ္စနှင့်ပတ်သက်၍ မူအားဖြင့် သဘောတူသည်။ အသေးစိတ်ဆွေးနွေးရန်များကို လေးပွင့်ဆိုင်အဖွဲ့မှ Working Group များဖွဲ့၍ ဆက်လက်ဆွေးနွေး၍ ညှိနှိုင်းရေးဆွဲရန် သဘောတူသည်။

(၅) လက်ရှိကျင့်သုံးလျက်ရှိသော စာမေးပွဲစနစ်နှင့် တက္ကသိုလ်ဝင်ခွင့်စနစ်များ ပြင်ဆင်ရန်ကိစ္စနှင့် ပတ်သက်၍ မူအားဖြင့်သဘောတူသည်။ အသေးစိတ် ဆွေးနွေးရန်များကို လေးပွင့်ဆိုင်အဖွဲ့မှ Working Group များဖွဲ့၍ ဆက်လက်ဆွေးနွေး၍ ညှိနှိုင်းရေးဆွဲရန် သဘောတူသည်။

(၆) ကျောင်းသားများလွတ်လပ်စွာ စဉ်းစားတွေးခေါ်နိုင်ပြီး ကိုယ်တိုင် လေ့လာစူးစမ်းသင်ယူနိုင်သည့် သင်ကြားနည်းစနစ်များ ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ မူအားဖြင့်သဘောတူသည်။ အသေးစိတ်ဆွေးနွေးရန်များကို လေးပွင့်ဆိုင်အဖွဲ့မှ Working Group များဖွဲ့၍ ဆက်လက်ဆွေးနွေး၍ ညှိနှိုင်းရေးဆွဲရန် သဘောတူသည်။

(၇) တိုင်းရင်းသားမျိုးနွယ်စုများ၏ ဘာသာစကားလွတ်လပ်ခွင့်နှင့် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေးစနစ် (mother tongue based multi-lingual education) ကို အမျိုးသားပညာရေးဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရန်ကိစ္စနှင့်ပတ်သက်၍ Medium of Instruction အဖြစ် ဆောင်ရွက်ရန် မူအားဖြင့်သဘောတူသည်။ အသေးစိတ်ဆွေးနွေးရန်များကို လေးပွင့်ဆိုင်အဖွဲ့မှ Working Group များဖွဲ့၍ ဆက်လက်ဆွေးနွေး၍ ညှိနှိုင်းရေးဆွဲရန် သဘောတူသည်။

(၈) မသန်စွမ်းကလေးများအပါအဝင် ကလေးအားလုံးအတွက် လူတိုင်းအကျုံးဝင်ပညာရေး (inclusive education) ကိစ္စနှင့်ပတ်သက်၍ မူအားဖြင့် သဘောတူသည်။ အသေးစိတ်ဆွေးနွေးရန်များကို လေးပွင့်ဆိုင်အဖွဲ့မှ Working Group များဖွဲ့၍ ဆက်လက်ဆွေးနွေး၍ ညှိနှိုင်းရေးဆွဲရန်သဘောတူသည်။

(၉) ကျောင်းသားအရေးအခင်းများကြောင့် ကျောင်းထုတ်ခံခဲ့ရသည့် ကျောင်းသားများ ကျောင်းပြန်လည်တက်ရောက်ခွင့်ကိစ္စနှင့်ပတ်သက်၍ သဘောတူသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆက်လက်ဆောင်ရွက်ပေးမည်။

(၁၀) နိုင်ငံ၏ ပညာရေးရင်းနှီးမြှုပ်နှံမှုကို (၅)နှစ်အတွင်း တစ်နိုင်ငံလုံးအသုံးစရိတ်၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းရောက်ရှိရန် ရည်မှန်းချက်ထား၍ နှစ်စဉ်တိုးမြှင့်သုံးစွဲရေးအတွက် ဥပဒေတွင် ထည့်သွင်းရန် သဘောတူသည်။

(၁၁) အခမဲ့မသင်မနေရပညာရေးစနစ်ကို မူလတန်းအဆင့်သာမက အလယ်တန်းအဆင့်အထိ တိုးမြှင့်ကျင့်သုံးရေးကိစ္စနှင့် ပတ်သက်၍ ဆောင်ရွက်ရန်သဘောတူသည်။

၂။ လေးပွင့်ဆိုင်အဖွဲ့အနေဖြင့် ယနေ့သဘောတူညီချက်ရရှိထားသော အချက်များကို အောင်မြင်စွာ ပြီးဆုံးချိန်ထိ အတူတကွ ဆောင်ရွက်ရန် ကတိကဝတ်ပြုသည်။

၃။ လေးပွင့်ဆိုင်အဖွဲ့အနေဖြင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီမှ သက်ဆိုင်ရာ ကျောင်းသားထုအပေါ် တာဝန်ခံရသည့်အတွက် သပိတ်များကို ရပ်ဆိုင်းရန် အခက်အခဲရှိကြောင်း အသိအမှတ်ပြုသည်။

၄။ ထိုနည်းတူ အုပ်ချုပ်ရေးပိုင်းမှ စာမေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အခြားရှုပ်ထွေးမှုများ ပေါ်ပေါက်လာနိုင်သည့် စိုးရိမ်မှုရှိကြောင်းကို အသိအမှတ်ပြုသည်။

၅။ သို့ပါ၍ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို လွှတ်တော်နှစ်ရပ်တွင် ဆွေးနွေးနေစဉ်ကာလအတွင်း လေးပွင့်ဆိုင်အဖွဲ့မှ စဉ်ဆက်မပြတ်ထိတွေ့ဆွေးနွေး၍ မလိုလားအပ်သော အခြေအနေများမှ ရှောင်လွှဲနိုင်အောင် ပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက်သဘောတူကြသည်။

၆။ ယနေ့ဆွေးနွေးပွဲရလဒ်များကို ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားများက သပိတ်စစ်ကြောင်းများသို့ ပြန်လည်ရှင်းလင်းတင်ပြမည်။ ကျောင်းသားထု၏သဘောထားကို ပြန်လည်ရယူ၍ ၁၄-၂-၂၀၁၅ ရက်နေ့တွင် ကျင်းပမည့် ညှိနှိုင်းဆွေးနွေးပွဲတွင် ပြန်လည်တင်ပြမည်။



(သတင်းစဉ်)

မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားအကြိုကျင်းပ

နေပြည်တော်　ဖေဖော်ဝါရီ　၁၁

မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် မင်းကုန်းအုပ်စု သဲကျွန်းကျေးရွာရှိ ရတနာစံပြဘုန်းတော်ကြီး ပညာသင်ကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF)မှ ဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ကျောင်းသားကျောင်းသူများ၊ ဆရာမများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် ဒေါ်မေမြင့်မောင်က မြန်မာနိုင်ငံကလေးများနေ့နှင့် သက်ဆိုင်သည့် အကြောင်းအရာနှင့် တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မြဝင်းက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့် အထိမ်းအမှတ်နှင့် အထွေထွေဗဟုသုတများ ပညာပေးဟောပြောပြီး ဉာဏ်စမ်းမေးခွန်းများ မေးမြန်းကာ ဖြေဆိုနိုင်သူများကို အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်တို့က ဆုများချီးမြှင့်သည်။ ယင်းနောက် ကျောင်းသား ကျောင်းသူကလေးများအား စာရေးကိရိယာများ၊ အချိုရည်နှင့် မုန့်များ၊ အရုပ်မျိုးစုံနှင့်ကလေးအသုံးအဆောင် လက်ဆောင်ပစ္စည်းများ၊ အာဟာရဖြည့်အစားအစာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် ပြပွဲများကျင်းပ

သိန်းနီ　ဖေဖော်ဝါရီ　၁၁

သိန်းနီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလက(ခွဲ-၁)သိန်းနီတို့၏ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့၊ ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀) ပြည့် မွေးနေ့ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က သိန်းနီမြို့နယ် အလက(ခွဲ-၁)နှင့် ပိန်းဆာမူလွန်ကျောင်းတို့၌ကျင်းပခဲ့ရာ တက်ရောက်လာသော ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသောဓာတ်ပုံများ၊ စာအုပ်များနှင့် နံရံကပ်စာစောင်များ လှည့်လည်ကြည့်ရှုကြသည်။ **ဘဦး(iprd)**



ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကို့ဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အင်းစိန်မြို့နယ်တရားရုံး
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၂၈

ဦးတင်ဝင်း	နှင့်	ဦးဘိုးထိန်
ဒေါ်သန်းသန်းဝင်း		ဒေါ်အုန်းကြည်
တရားလိုများ		**တရားပြိုင်များ**

အထက်ပါအမှုမှ အမှတ်(၁၁) ဘီအိုစီကွေ့၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးဘိုးထိန်၊ ဒေါ်အုန်းကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက မြေကွက်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁၀ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(အောင်ကျော်ကျော်)
မြို့နယ်တရားသူကြီး၊ အင်းစိန်မြို့နယ်တရားရုံး

ပြည်တွင်းသတင်း

စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပရိသတ်များ အခမဲ့ကြည့်ရှုအားပေးနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

တစ်မျိုးသားလုံး၊ ပြည်သူတစ်ရပ်လုံး အားကစားလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်နှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ကပေးအပ်ထားသည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် အားကစားလှုပ်ရှားမှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားအားကစားပွဲတော်ကြီးကို ၁၉၉၂၊ ၁၉၉၄၊ ၁၉၉၇ ခုနှစ်တို့တွင် ကျင်းပခဲ့ပြီး (၁၈)နှစ်တာကာလ ၂၀၁၅ ခုနှစ်သို့ရောက်မှသာ စတုတ္ထအကြိမ်မြောက် ပြန်လည်ကျင်းပရခြင်းဖြစ်သည်။ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ ကိုယ်စားပြုအသင်းများနှင့် နေပြည်တော်ကောင်စီနယ်မြေကိုယ်စားပြု အသင်းအပါအဝင် အသင်း ၁၅ သင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစား (B) ရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ပိတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအတွင်း အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအပြီး ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်း ၂၇ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ အားကစားနည်းများအနေဖြင့် ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်/စနူကာ၊ ကာယကြံ့ခိုင်မှု၊ လက်ဝှေ့၊ စစ်တုရင်၊ ခြင်းလုံး၊ စက်ဘီး၊ ဘောလုံး(ကျား၊မ)၊ ဖူဆယ် (ကျား၊မ)၊ ဂေါက်သီး၊ ဂျူဒို၊ ကရာတေးဒို၊ ရိုးရာလှေ၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ ဒိုင်ဗင်၊ ရိုးရာလက်ဝှေ့၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ မြန်မာ့သိုင်း၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ Triathlon (သုံးမျိုးစုံ)၊ ခရစ်ကက်အားကစားနည်းများဖြစ်ပြီး ပြိုင်ပွဲဝင် ၁၅ သင်းနှင့် စုစုပေါင်းပြိုင်ပွဲဝင် အင်အား ကျား ၂၈၉၅ ဦး၊ မ ၁၄၆၆ ဦး စုစုပေါင်း ၄၃၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရရှိခဲ့သော အောင်မြင်မှုများကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်စေရန်နှင့် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရယူနိုင်ရေးအတွက် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့်မျိုးဆက်သစ်များ ပေါ်ထွက်လာရေးကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဖွင့်ပွဲ/ပိတ်ပွဲအပါအဝင် အားကစားပြိုင်ပွဲအားလုံးကို အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် ကွင်းဝင်ပေါက်ဂိတ် အမှတ်(၁)ဂိတ်မှလွဲ၍ ကျန်ဂိတ်များအားလုံး၌ လုံခြုံရေးအရစစ်ဆေးခံ၍ အခမဲ့(အခမဲ့)ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြသည်။ **(အားကစား)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၇ လမ်း (လယ်)၊ (၅)လွှာ၊ တိုက် (၁၄၇) တွင် ပါတီရုံးချုပ်တည်ရှိသော **ချင်းတိုးတက်ရေးပါတီ** သည် ယင်းပါတီ၏ အလံနှင့်တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏အလံနှင့် တံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ချင်းတိုးတက်ရေးပါတီ၏ အလံပုံစံ

ချင်းတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တောင်သူများထံသို့ လက်တွန်းထွန်စက်များ အရစ်ကျစနစ်ဖြင့်ဖြန့်ဝေ

တနိုင်း ဖေဖော်ဝါရီ ၁၁

ကချင်ပြည်နယ် တနိုင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဒေါင်ဖန်းလက်တွန်းထွန်စက်များ အရစ်ကျစနစ်ဖြင့် ရောင်းချပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၁ နာရီခွဲက မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၌ကျင်းပသည်။

အခမ်းအနားတွင် တောင်သူ ၂၅ ဦးထံသို့ ဒေါင်ဖန်းလက်တွန်းထွန်စက် ၂၅ စီးကို အရစ်ကျငွေပေးချေသည့်စနစ်ဖြင့် ရောင်းချပေးခဲ့သည်။

အောင်အောင်ထွေး(iprd)

မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ တိုးလာနိုင်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြီးကြပ်ရေးမှူးရာထူး၊ ဒု-ကြီးကြပ်ရေးမှူးရာထူး၊ ပုံနှိပ်ကျွမ်းကျင်-၃(စက်)ရာထူး၊ ပုံနှိပ်ကျွမ်းကျင်-၄(စက်) ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ သတင်းစာတိုက်များတွင် လစ်လပ်လျက်ရှိသည့် ပုံနှိပ်စက်ရာထူးနေရာများဖြစ်သော ကြီးကြပ်ရေးမှူးရာထူး(လစာနှုန်းကျပ် ၁၀၅၀၀၀-၁၀၀၀-၁၁၀၀၀၀) (၆)နေရာ၊ ဒု-ကြီးကြပ်ရေးမှူးရာထူး(လစာနှုန်းကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀) (၃) နေရာ၊ ပုံနှိပ်ကျွမ်းကျင်-၃(စက်) ရာထူး(လစာနှုန်းကျပ် ၉၃၀၀၀-၁၀၀၀-၉၈၀၀၀) (၉)နေရာ၊ ပုံနှိပ်ကျွမ်းကျင်-၄(စက်) ရာထူး(လစာနှုန်း ကျပ် ၈၇၀၀၀-၁၀၀၀-၉၂၀၀၀) (၃၀)နေရာများအတွက် အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
(၂) (၃၁-၁-၂၀၁၅)ရက်နေ့တွင် အသက် (၂၀)မှ (၃၀)အတွင်း အမျိုးသားများလျှောက်ထားနိုင်သည်။
(၃) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း (၅)နှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
(၄) ကြီးကြပ်ရေးမှူးရာထူးအတွက် BE(Mechanical)(သို့) BE(Electronic)(သို့) BE(Electrical Power) ရရှိသူများ လျှောက်ထားနိုင်ပါသည်။
ဒု-ကြီးကြပ်ရေးမှူးရာထူးအတွက် B-Tech(Mechanical)(သို့) B-Tech(Electronic) (သို့) B-Tech (Electrical Power) ရရှိသူများ လျှောက်ထားနိုင်ပါသည်။
ပုံနှိပ်ကျွမ်းကျင်-၃(စက်)ရာထူးအတွက် AGTI (Mechanical) (သို့) AGTI(Electronic) (သို့) AGTI (Electrical Power)ရရှိသူများ လျှောက်ထားနိုင်ပါသည်။
ပုံနှိပ်ကျွမ်းကျင်-၄(စက်) ရာထူးအတွက် စက်မှုသင်တန်းကျောင်းအောင်(သို့) တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ လျှောက်ထားနိုင်ပါသည်။
(၅) ဝန်ထမ်းဖြစ်ပါက (၃၁-၁-၂၀၁၅)ရက်နေ့တွင် အသက်(၃၅ နှစ်)အတွင်း သက်ဆိုင်ရာဌာနအကြီးအကဲခွင့်ပြုချက်နှင့် လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများကို(၂၈-၂-၂၀၁၅)ရက်နေ့ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(စီမံ)၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်၌ရေးဖြေစာမေးပွဲဖြေဆိုခြင်းကို ၉-၃-၂၀၁၅ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၀၂၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ပြင်ဆင်ပြီးတိုက်ခန်းများရောင်းမည်

(စမ်းချောင်းမြို့နယ်/ပွဲစားမလို/ဝယ်သူကိုယ်တိုင်ဆက်သွယ်ပါ)

၁။ ကျွန်းတောလမ်း၊ ပေ(၁၄×၆၀)၊ ခုနစ်လွှာ၊ တိုက်သစ်(ပြင်ပြီး) ၅၈၀ သိန်း
၂။ ဗဟိုလမ်းမ ပေ(၁၅×၆၀)၊ ငါးလွှာ၊ တိုက်သစ်(ပြင်ပြီး) ၇၀၀ သိန်း
၃။ ဗဟိုလမ်းမ ပေ(၂၀×၅၀)၊ ငါးလွှာ၊ တိုက်သန့်(ပြင်ပြီး) ၈၉၀ သိန်း

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၅၆၄၉၄၊ ၀၉-၅၀၇၁၁၄၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တာချီလိတ်မြို့နယ်တရားမရုံး၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃

ဒေါ်နန်းသန်းလူ **နှင့်** ဒေါ်ဝင်းရီ
အမှတ် ၃၁၉၊ ဝမ်လုံကျေးရွာ၊ ၅/၁၆၁၊ ဆန်ဆိုင်း(က)ရပ်ကွက်၊
တာချီလိတ်မြို့ တာချီလိတ်မြို့
(ယခုနေရပ်လိပ်စာမသိ)
တရားလို **တရားပြိုင်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ၅/၁၆၁၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ တာချီလိတ်မြို့နေ ဒေါ်ဝင်းရီ (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းသန်းလူက နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်စာချုပ်အားစာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် (၁၃၇၆ခုနှစ် တပို့တွဲလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကိုကိုနိုင်)
မြို့နယ်တရားသူကြီး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တာချီလိတ်မြို့နယ်တရားမရုံး၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃

ဒေါ်နန်းသန်းလူ **နှင့်** ဦးစိုင်းဝန်း
အမှတ် ၃၁၉၊ ဝမ်လုံကျေးရွာ၊ ကမ်းနားလမ်း၊ တာလော့ရပ်ကွက်၊
တာချီလိတ်မြို့၊ တာချီလိတ်မြို့
(ယခုနေရပ်လိပ်စာမသိ)
တရားလို **တရားပြိုင်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကမ်းနားလမ်း၊ တာလော့ရပ်ကွက်၊ တာချီလိတ်မြို့နေ ဦးစိုင်းဝန်း (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းသန်းလူက နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်စာချုပ်အား စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် (၁၃၇၆ခုနှစ် တပို့တွဲလကွယ်နေ့)မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကိုကိုနိုင်)
မြို့နယ်တရားသူကြီး



မြေကွက်ရောင်းရန်ရှိသည်

လှိုင်တက္ကသိုလ်နယ်မြေ၊ MICT Park အနီး၊ အကျယ် (၈၀'×၈၀')၊ ဂရန်အမည်ပေါက် မြေကွက်နှစ်ကွက် ရောင်းရန်ရှိသည်။ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ **(ပွဲစားမလို)**

ဖုန်း-၀၉-၂၅၂၆၃၈၂၄၆

ခေါင်လန်ဖူးမြို့နယ် ချီထုဖန်ကျေးရွာအနီး ချောက်ထဲသို့ကားတစ်စီးထိုးကျ၍ သုံးဦးဒဏ်ရာရရှိ ငါးဦးသေဆုံး

ခေါင်လန်ဖူး ဖေဖော်ဝါရီ ၁၁

ဖေဖော်ဝါရီ ၈ ရက်ညနေ ၃ နာရီခွဲတွင် ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ် ချီထုဖန်ကျေးရွာတံတားကုန်းအဆင်းအရောက် လမ်း၏ယာဘက် ပေ ၂၀၀ ခန့်ရှိ ချောက်ထဲသို့ ကားတစ်စီးထိုးကျ တိမ်းမှောက်သဖြင့် ယာဉ်ပေါ်လိုက်ပါသည့် ခရီးသည်သုံးဦး ဒဏ်ရာရရှိပြီး ငါးဦးမှာ ရရှိဒဏ်ရာများဖြင့် အခင်းဖြစ်ပွားနေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ခေါင်လန်ဖူးမြို့နယ် ဒါလန်အုပ်စု မဲ့လိန်ကန်ကျေးရွာဘက်မှ ချီထုဖန်ကျေးရွာအုပ်စုဘက်သို့ ဒေသဖွံ့ဖြိုးရေးလမ်းအတိုင်း ယာဉ်မောင်းဦးရဲ့ဆားရ်(၄၅ နှစ်)မောင်းနှင်လာသည့် ယာဉ်အမှတ် Q/...... အနက်ရောင် တရုတ်ပါကဲ့ရိုးကားသည် ချီထုဖန်ကျေးရွာတံတားကုန်းအဆင်းအရောက် လမ်း၏ယာဘက် ပေ၂၀၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်လိုက်ပါလာသည့်ခရီးသည် မဆီလီဒွေ့(၂၂ နှစ်)ချီထုဖန်ကျေးရွာ၊ မဇီရမ် (၁၅ နှစ်)ချီထုဖန် ကျေးရွာ၊ မလင်ဆားရ်(၁၅ နှစ်) ချီထုဖန်ကျေးရွာ၊ မခူမာဒါ(၁၅ နှစ်)ပဇယ်ကျေးရွာ၊ မညီဆားရ်(၁၅ နှစ်) မီးကော်ကျေးရွာနေ ငါးဦးမှာ ရရှိဒဏ်ရာများဖြင့် အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးသွားခဲ့ပြီး မနန်ဇီ(၁၃ နှစ်) ချီထုဖန်ကျေးရွာ၊ မောင်ယောဆက် (၂၃ နှစ်)ရှိန်းခေါင်ကျေးရွာ၊ မဒူးမီဒွေ့(၂၇ နှစ်)၊ ပဇယ်ကျေးရွာနေ သုံးဦးတို့သည် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် ဦးရဲ့ဆားရ်အား ဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် ခေါင်လန်ဖူးမြို့နယ် ဇန်ယော့ရဲကင်းမှ ဒုရဲအုပ်မြင့်ထူးက တရားလိုပြုလုပ်၍ တိုင်တန်းခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဦးရဲ့ဆားရ်ကို ခေါင်လန်ဖူးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

မိုးလေဝသအခြေအနေ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် အများအားဖြင့် သာယာနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

ပြည်တွင်းသတင်း

လောက်ကိုင်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းခြင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ကိုးကန့်တိမ်းရှောင်အဖွဲ့အနေဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် အများပြည်သူအသုံးပြုလျက်ရှိသည့် အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော ကွမ်းလုံကြိုးတံတားကို ဖောက်ခွဲဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ထော်လာဂျီယာဉ်ပေါ်၌ ပေါက်ကွဲစေသောမိုင်းနှင့် ဆက်စပ်ပစ္စည်းများ တင်ဆောင်ကာ အချိန်ကိုက်ဖျက်ဆီးနိုင်ရေးကြိုးပမ်းခဲ့ရာ အောင်မြင်မှုမရရှိခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် ကိုးကန့်တိမ်းရှောင်အဖွဲ့သည်၂၀၁၄ ခုနှစ်အတွင်းတွင် မုံးစီး၊ နမ့်ကျွမ်း၊ ဝေါခြို၊ မုံးကိုးနှင့် မုံးယားဒေသများတွင်လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် လောက်ကိုင်ဒေသအနီးအပြား၌လည်းကောင်း တိုက်ကွက်ဖော်ကာ စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်ရန်ကြိုးပမ်းခဲ့သော်လည်း ဒေသခံပြည်သူ၏ ပူးပေါင်းကူညီမှုများကြောင့် သတင်းလက်ဦးမှု ရယူနိုင်ကာ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်း စိုးမိုးနိုင်ခဲ့၍ အခွင့်မသာဘဲ ရှိခဲ့သည်။

ဖေဖော်ဝါရီလ ပထမပတ်တွင် ဒေသခံများ၏ သတင်းပေးချက်အရ ကိုးကန့်တိမ်းရှောင်အင်အားစုများသည် ညိုချမ်းကူးတို့ဆိပ်မှတစ်ဆင့် လောက်ကိုင်နယ်မြေအတွင်း ဝင်ရောက်လာခဲ့ပြီး လောက်ကိုင်မြို့တောင်ခြမ်း/ မြောက်ခြမ်းတို့၌ အခြေပြုလှုပ်ရှားရန် ပြင်ဆင်နေကြောင်းသိရှိခဲ့ရသည်။ သတင်းရရှိချိန်မှစ၍ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်နေ့တို့တွင် ထိတွေ့တိုက်ပွဲဖြစ်စဉ် စုစုပေါင်း ၈ ကြိမ်ဖြစ်ပွားခဲ့ပြီး လေကြောင်းပစ်ကူ ၅ ကြိမ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ဖေဖော်ဝါရီလ ၁၁ ရက်တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တပ်မတော်စစ်ကြောင်းများက ကိုးကန့်တိမ်းရှောင်အဖွဲ့များ ဆုတ်ခွာရာသို့ ထက်ကြပ်လိုက်လံရှင်းလင်းခြင်းများနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ

ပွဲရုံမြေကွက်များ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနလက်အောက်ရှိ ဒဂုံ- ဇေရာပွဲရုံနှင့်အဝေးပြေးယာဉ်ရပ်နားစခန်းမှ ပွဲရုံမြေကွက်များဝယ်ယူခွင့်ပြုရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်လွှာတင်သွင်းထားသူများနှင့် ပွဲရုံလုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသူမည်သူမဆို လေလံဆွဲဝယ်ယူနိုင်ရန်အတွက် ၁၉-၂-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀:၀၀ နာရီတွင် မြို့တော်ခန်းမ၌ လေလံပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို မြို့တော်ခန်းမဆယ်ထပ်ရုံးရှိ အင်ဂျင်နီယာဌာန(အဆောက်အအုံ)ပဥ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၁၈-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီအထိဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ဖြစ်စေ ဖုန်း-၀၁-၂၄၉၅၂၅၊ ၀၁-၃၇၄၀၇၇၊ ၀၁-၃၈၂၅၁၈တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန၊ မွန်ပြည်နယ်

ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကြော်ငြာ

၁။ မွန်ပြည်နယ်၊ သစ်တောဦးစီးဌာန၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် ပုံစံ (၈)ဝင် သစ်မာသစ်လုံး/ခွဲသား/ကျည်းဘောင်နှင့် ကျွန်းတံခါးရွက် စုစုပေါင်း ၁၅၈ ဒသမ ၄၄၆တန်အား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်ရက်** - ၂၈-၂-၂၀၁၅ ရက် (စနေနေ့)
(ခ) **လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၁၁:၀၀ နာရီ
(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မော်လမြိုင်-သထုံခရိုင်၊ မော်လမြိုင်မြို့

၂။ လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ သိရှိလိုပါက သစ်တောဦးစီးဌာန၊ မော်လမြိုင်-သထုံခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၅၇-၂၇၁၉၆သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
နေပြည်တော်

စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နေပြည်တော်မှ e-Govenment လုပ်ငန်းများ လုံခြုံမှုရှိရေးအတွက် Cyber Security Products & Solutions ဝယ်ယူနိုင်ရေးအတွက် Traditional Security Device များမှ မကာကွယ်နိုင်သည့် Unknown threats/ Signature-less တိုက်ခိုက်မှုများကို လုံခြုံစွာကာကွယ်တားဆီးပေးနိုင်သော အောက်ဖော်ပြပါ Security Product & Solution များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ် ပစ္စည်းအမျိုးအမည်

(က) Threat Prevention Platform that combats web-based Cyber Attacks:
- Intrusion Prevention System Support
- Dynamic Threat Intelligence Sharing

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန (ရုံးချုပ်)နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၇-၂-၂၀၁၅ ရက် ၁၄:၀၀ နာရီတွင် နောက်ဆုံးထား၍ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်သို့ တင်ဒါစည်းကမ်းများနှင့်အညီ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၄၈၉၊ ၀၆၇-၄၀၄၅၁၆

ကြော်ငြာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ)တွင် အလုပ်ရုံတစ်ခု အမိုးမိုးခြင်းလုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်လိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၁၃-၂-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၉-၂-၂၀၁၅ ရက်၊ ညနေ ၄း၀၀နာရီ
တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၀-၂-၂၀၁၅ ရက်၊ မွန်းလွဲ ၁း၀၀နာရီ

၂။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ)၊ မုံရွာမြို့၊
ဖုန်း-၀၉-၂၅၆၀၆၆၆၂၈၊ ၀၇၁-၂၄၁၆၃

ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အမက(၄)၊ မင်းရပ်၊ မြောက်ကျောင်း၊ စတုတ္ထတန်း၊ ကျောင်းဝင်အမှတ်(၄၅၄၅)မှ မောင်အောင်ခန့်၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးဝင်း ဖြစ်ပါကြောင်း။

ဦးဇော်မျိုးဝင်း

ဝန်ထမ်းအလိုရှိသည်။

ကိုက်ခန်းကျယ်ရောင်းမည်
MBR 1, BR 2
Ph : 09-5044926

တစ်ဦးတည်းဖြစ်ကြောင်း

ဦးမောင်နီ၏သမီး တက္ကသိုလ်ဝင်တန်းအောင် ခုံအမှတ် မမ-၃၃၂ မချိုချိုနှင့် ဒေါ်ခင်ချိုဝင်း(အလယ်တန်းပြ) အလက(၈) လှိုင်သာယာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်ပြောင်း

ပျောက်ဆုံးကြောင်း

အများသိစေရန်ကြေညာခြင်း

နောင်ချိုမြို့၊ ဈေးရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ ကွင်းအမည် စိုက်ပျိုးရေးရပ်ရှိ ဦးပိုင်အမှတ်(၁၅၃/၁)၊ ဧရိယာ ၀ဒသမ ၁၄၁၈ကေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နောင်ချိုမြို့၊ ဈေးရပ်ကွက်နေ ဒေါ်မြမြ ၁၃/နခတ(နိုင်)၀၂၉၈၇၄ မှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ထိုဖော်ပြပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်မြမြ၏ တူမတော်စပ်သူ ဒေါ်အမာစိန် ၁၃/နခတ(နိုင်)၀၃၆၂၉၀ ထံသို့ မေတ္တာဖြင့်ပေးကမ်းခဲ့ပြီး နောင်ချိုမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၁-၂-၂၀၁၁ရက်၌ မှတ်ပုံတင်အမှတ် ၁၁၇/၂၀၁၁ ဖြင့် မှတ်ပုံတင်ပြီးဖြစ်ရာ ဖော်ပြပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်အမာစိန်တစ်ဦးတည်းအမည်ပေါက် လက်ရှိထားပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အမာစိန်
ဈေးရပ်ကွက်၊ နောင်ချိုမြို့

ကားရောင်းမည်
Vauxhall Astra Club
1.3 Diesel (2008) (1301.)
Toyota Wish Ipsum

သင့်သွေးဖြင့် အသက်ကယ်ပါ

ဥပဒေကြမ်း

ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကို
ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)
၁၃၇၆ ခုနှစ် လ ရက်
(၂၀၁၅ခုနှစ် လ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုကုန်းလမ်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေတွင်ပါရှိသော“President of the Union” ဆိုသည့် စကားရပ်ကို “Ministry of Finance”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “Union of Burma”ဆိုသည့် စကားရပ်ကို “the Republic of the Union of Myanmar”ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊“Financial Commissioner” ဆိုသည့် စကားရပ်ကို“Union Minister of Finance”ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ “Commissioner of Customs”ဆိုသည့် စကားရပ်ကို “Director-General of Customs”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊“Collector of Land Customs”ဆိုသည့် စကားရပ်ကို “Competent Customs Official”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က)ကို အောက်ပါ အတိုင်း အစားထိုးရမည် -

"Interpretation" "(a)the expression “passing or importation or exportation of Customs duties payable goods which is entered into the land Customs area, by any means includes passing, importation or exportation by pipelines, underground cables or other electronic means to any part of a foreign frontier."

၄။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(၁)ကို အောက်ပါ အတိုင်း အစားထိုးရမည် -

"Permit for goods carried across the border areas" "(1) Every person desiring to pass any goods, whether dutiable goods or not, by land out of or into any foreign territory by means of sub-section (a) of Section 2 of this Act shall apply in writing for a permit for the passage to the relevant officer in charge of land customs station."

၅။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၇ တွင်-

(က) "ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(ဂ)တွင်ပါရှိသည့်“or four thousand kyats, whichever is greater”ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။"

(ခ) "ပုဒ်မခွဲ(၃) တွင်ပါရှိသည့်“not exceeding one thousand kyats”ဆိုသည့် စကားရပ်ကို“not exceeding five hundred thousand kyats”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။"

၆။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(ဈ)တွင်ပါရှိသည့် “who have entered a land customs area from foreign territory, and”ဆိုသည့် စကားရပ်ကို “who have entered, by any means, into the land customs area from foreign territory, and”ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။"

၇။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၉ ၏နောက်တွင် ပုဒ်မ ၁၀ ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"Rules to be notified" "10 in the implemention of the provisions contained in this Law:

(a) The Ministry of Finance may, with the approval of the Union Government, issue the necessary rules and regulations;

(b) The Ministry of Finance and the Customs Department may issue the necessary procedures, notification, orders and directives.

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

အင်းတော်ကြီး ရွှေမဉ္ဇူဘုရားပွဲတော် စည်ကားစွာကျင်းပမည်

မိုးညှင်း ဖေဖော်ဝါရီ ၁၁

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကချင်ပြည်နယ် အင်းတော်ကြီး ရွှေမဉ္ဇူဘုရားပွဲတော်ကို တပေါင်းလဆန်း ၈ ရက်မှ လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပြီး ဘုရားပွဲတော်မတိုင်မီ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည်။

ယခုနှစ်မှစ၍ အင်းတော်ကြီးဒေသခံ ဆရာတော်၊ သံဃာတော်၊ ဂေါပက အဖွဲ့ဝင်များနှင့် အကျိုးဆောင်များဖြင့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ရွှေမဉ္ဇူဘုရားကို ကြည်ညိုဖွယ် ဘက်စုံမွမ်းမံလျက်ရှိပြီး ပွဲဈေးဆိုင်ခန်းလုပ်ငန်း၊ လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်း၊ တည်းခိုခန်းလုပ်ငန်း၊ စက်သုံးဆီရောင်းချရေးလုပ်ငန်း၊ လဟာပြင်ဈေးလုပ်ငန်း၊ ယာဉ်ရပ်နားစခန်းလုပ်ငန်း၊ ဖိနပ်အပ်နှံရေးလုပ်ငန်း၊ စက်လှေပြေးဆွဲခြင်းလုပ်ငန်း၊ ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းနှင့် ဘုရားပွဲတော် သန့်ရှင်းရေးလုပ်ငန်းများကို သတ်မှတ်ကြမ်းခင်းဈေးဖြင့် ပွင့်လင်းမြင်သာစွာ ရောင်းချပေးလျက်ရှိသည်။

အင်းတော်ကြီးကန် ရေပြင်မှာ ၁၀၀ စတုရန်းမိုင်ရှိ၍ အရှေ့တောင်အာရှတွင် အကြီးဆုံး ရေတိမ်ဒေသ ဂေဟစနစ်ဖြစ်ကြောင်း၊ နိုင်ငံတကာ၌ အသိများလျက်ရှိသည်။ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော (အာစီယံအမွေအနှစ် ဥယျာဉ်)အဖြစ်လည်း အသိများခြင်းကြောင့် အင်းတော်ကြီးသို့ နိုင်ငံတကာမှ လေ့လာရေးခရီး လာရောက်လျက်ရှိရာ ယခင်နှစ်များကထက် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ တစ်လအတွင်း၌ နိုင်ငံခြားခရီးသည် ၈၉ ဦးအထိ ရောက်ရှိလာသည်ဟု ဧည့်မှတ်တမ်းအရ သိရသည်။ (ဝဇ၃)

မြစ်ကြီးနားတက္ကသိုလ်၌ ဗိုလ်ချုပ် နှစ်(၁၀၀) ပြည့်မွေးနေ့နှင့် ကလေးများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကျင်းပ

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၁

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီ မှ ၁၁ နာရီအထိ မြစ်ကြီးနားတက္ကသိုလ် စာဖြေခန်းမအမှတ်(၃၉)၌ ကျင်းပခဲ့ပြီး ရုက္ခဗေဒဌာနမှ ကထိက ဆရာမ ဒေါ်စပါယ်အောင်နှင့် သချာင်္ဘ ဆရာမ ဒေါ်ပိုးပိုးလှိုင်တို့က ကြီးကြပ်စစ်ဆေးကာ မြစ်ကြီးနားတက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၄၃ဦးက အနာဂတ်အရေး မျှော်ရည်တွေး အောင်ဆန်းကဲ့သို့ ရင်သွေးပြုစုပေး ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ဖြေဆိုခဲ့ကြောင်း သိရသည်။ **မိုးဃံကျ(မြစ်ကြီးနား)**

ကလေးများနေ့အထိမ်းအမှတ် ပဒေသာကပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ် ပဒေသာကပွဲကို ဖေဖော်ဝါရီ ၈ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၆)လမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပခဲ့ရာ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ဖျော်ဖြေကြသည်။ ပဒေသာကပွဲသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေး ညွှန်ကြားရေးမှူး၊ ခရိုင်ပညာရေးမှူးနှင့် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်မြို့နယ်များရှိ ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

တာလေ ဖေဖော်ဝါရီ ၁၁

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၁၀၂)နေပြည်တော်မှ တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်-တာလေသွား ကားလမ်းမတွင် စိတ်ကြွဆေးပြား ၈၈၀၊ ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၂ သိန်းကို ဖေဖော်ဝါရီ ၇ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပူးပေါင်းအဖွဲ့သည် တာလေမြို့နယ် နားယောင်းအုပ်စု တောင်သုံးလုံးကျေးရွာအနီး တာချီလိတ်-တာလေသွား ပြည်ထောင်စုကားလမ်းမတွင် တာချီလိတ်ဘက်မှ တာလေဘက်သို့ အိုက်ကပ်မောင်းနှင်ပြီး တီစာ(ခ)အိုက်ကင်း လိုက်ပါလာသည့် တခလ/------နံပါတ်ပါ Honda wave အမျိုးအစား ဖြူ/နီကျားရောင် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ဆိုင်ကယ် ဖင်ထိုင်ခုံအောက် တူးဘောက်အတွင်းမှ အပြာရောင် ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် WYစာတန်းပါ နီညိုရောင်နှင့် လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၈၈ ပြား အလေးချိန် ၈၈ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၂၂ သိန်းကို သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

အရေးယူ

အမှုမှ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူ အိုက်ကပ် (၁၉ နှစ်) ဝမ်ဟုန်ကျေးရွာ မိုင်းတွမ်းအုပ်စု မိုင်းဆတ်မြို့နယ်နေသူနှင့် တီစာ(ခ)အိုက်ကင်း (၂၆ နှစ်)မိုင်းကန်ရွာ နားယောင်းအုပ်စု မိုင်းဆတ်မြို့နယ်နေသူတို့ နှစ်ဦးကို တာလေနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

အမည်ပြောင်း
မန်စီမြို့၊ ကောင်ရှာရပ်ကွက်နေ ဦးမောင်ပေါင်း၏သမီး မနန်းတိုးတိုးခိုင်အား ယနေ့မှစ၍ မနန်းဆုအိမ်စည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မနန်းဆုအိမ်စည်

တစ်ဦးတည်းဖြစ်ကြောင်း
နေပြည်တော် ခရေအိမ်ရာ၊ တိုက် ၉၃၊ အခန်း ၂၂ နေ ဦးကျော်စိုး ၁၂/ဒပန(နိုင်)၀၁၀၆၁၃ နှင့် ဦးကျော်စိုးဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးကျော်စိုး(ခ)ကျော်စိုးဦး

ကုန်အမှတ်တံဆိပ်ကြေညာခြင်း
မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်အနောက်ရွာ၊ မန္တလေး-လားရှိုးလမ်းတွင် နေထိုင်သော ဒေါ်နွယ်ဦးမွန် ၉/မမန(နိုင်)၀၈၂၇၁၄ သည် အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။



ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် 20 Litre,1 Litre,0.6 Litre,0.35 Litreတို့ကို ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ပါသဖြင့် ကုန်အမှတ်တံဆိပ်များကို ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်သွားမည်ဖြစ်ပါသည်။ သို့ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
ဒေါ်နွယ်ဦးမွန် ၉/မမန(နိုင်)၀၈၂၇၁၄



ကန့်ကွက်နိုင်ပါကြောင်း
မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ အကွက်အမှတ် (၁၁-ဂ/ဈေးရပ်)၊ ဦးပိုင်အမှတ် ၂-က/၁၊ မြေကွက်အမှတ် ၅၊ ဧရိယာ ဓကေ၀ဒသမဂ၄၀အတွင်းမှ ဧရိယာဓကေ၀ဒသမ ၁၅၀ကို ဒေါ်ကြည်ကြည်ဌေးပါ ခြောက်ဦးက မြေငှားဂရန် အမည်ပြောင်း သက်တမ်းတိုးလျှောက်ထားလာပါသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့်အတူ မြို့နယ်ရုံးသို့ ယခု ကြော်ငြာစာ ထုတ်ပြန်သည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူများမရှိပါကဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိတ္ထီလာမြို့

ကျေးဇူးဆပ်ပါမည်
ကျွန်မ နှင်းယုလှိုင်၏ ၅/ဖပန(နိုင်)၀၆၂၇၀၈ သည် ၇-၂-၂၀၁၅ရက် ည ၆း၄၅ နာရီတွင် Taxi ပေါ်၌ မေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။
အမှတ် ၁၆၈(တတိယထပ်)၊ ဗမ္မမေတ္တာလမ်း၊ ဗိုလ်ကုန်းညွှန့်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၂၅၀၀၈၇၈၄၆၊ ၀၉-၄၂၁၁၈၁၅၀၉



ဌာနဆိုင်ရာ

ဖေဖော်ဝါရီ ၈ ရက်မှအဆက်

Daewoo ကုမ္ပဏီ၏ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ် (အောက်တိုဘာလအထိ) လူမှုစီးပွားလုပ်ငန်းဆောင်ရွက်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

စဉ်	လုပ်ငန်းဆောင်ရွက်မှု	ကုန်ကျစရိတ် (အမေရိကန်ဒေါ်လာ)	မှတ်ချက်
	(က) ပညာရေးကဏ္ဍ (-) အထက်တန်းကျောင်း ၅ ကျောင်းတို့အတွက် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်း၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပရိဘောဂများလှူဒါန်းခြင်း၊ ထူးချွန်ကျောင်းသားများအား ထောက်ပံ့ခြင်း၊ ကျောင်းစာကြည့်တိုက်များအတွက် လှူဒါန်းခြင်း၊	၅၈၅,၉၀၆	
	(ခ) ကျန်းမာရေး (-) ကျန်းမာရေးဌာနခွဲ ၇ ခု ဆောက်လုပ်ခြင်း၊ စစ်တွေဆေးရုံ အဆင့်မြှင့်တင်ခြင်း၊ ကျောက်ဖြူ စစ်တွေနှင့် ရမ်းဗြဲမြို့နယ်တို့တွင် ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းခြင်း၊ မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးခြင်း၊HIV လူနာများအတွက် ဆေးလှူဒါန်းခြင်း၊	၄၃၅,၅၈၈	
	(ဂ) အခြားလှူဒါန်းသည့်ကဏ္ဍ (-)လမ်းများအဆင့်မြှင့်တင်ပေးခြင်း၊ သောက်ရေကန် ၅ ကန် ပြုပြင်တူးဖော်ပေးခြင်း၊ မီးသတ်ကား လှူဒါန်းခြင်း၊ ဂီရိမုန်တိုင်း သင့်ပြည်သူများသို့ လှူဒါန်းခြင်း၊ ဆိပ်ခံတံတားအသစ် တစ်စင်း တည်ဆောက်ခြင်း၊	၁,၃၉၈,၄၃၉. ၆၉	
	စုစုပေါင်း	၂,၄၁၉,၉၃၃. ၆၉	

အစိုးရအဖွဲ့သစ်ကာလအတွင်း စွမ်းအင်ဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ သဘာဝဓာတ်ငွေ့လစဉ်ဖြန့်ဖြူးမှုဇယား

ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ပိုင်းမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကို လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များနှင့် စက်မှုလုပ်ငန်းများသို့ လစဉ်ဖြန့်ဖြူးမှုဇယား

	လျှပ်စစ်ဓာတ်အားပေးစက်ရုံများ (Gas Turbine) (ကုဗပေသန်း)	သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များ (CNG) (ကုဗပေသန်း)	စက်မှုလုပ်ငန်းများ (Industries) (ကုဗပေသန်း)
၂၀၁၄၊ ဧပြီလ	၇၁၃၄.၄၇၆၇	၅၆၈.၃၉၇၈	၁၀၅၂.၉၂၅၆
၂၀၁၄၊ မေလ	၇၂၀၆.၉၇၀၆	၆၃၈.၅၆၂	၁၀၅၆.၅၈၇၉
၂၀၁၄၊ ဇွန်လ	၇၈၁၂.၁၈၅၆	၆၁၄.၉၇၀	၁၀၅၂.၁၈၂၂
၂၀၁၄၊ ဇူလိုင်လ	၇၅၉၁.၇၉၄၈	၆၂၈.၇၇၉၄	၁၀၆၈.၁၀၅
၂၀၁၄၊ ဩဂုတ်လ	၆၁၂၂.၉၉၂၃	၆၂၄.၄၈၉၁	၁၀၅၉.၈၁၁၁
၂၀၁၄၊ စက်တင်ဘာလ	၅၈၉၁.၄၅၅၈	၅၃၂.၉၃၂၈	၁၀၆၆.၁၇၁၄
၂၀၁၄၊ အောက်တိုဘာလ	၆၆၇၂.၁၁၆၆	၆၁၅.၁၀၃၃	၁၀၁၀.၄၈၆၅
၂၀၁၄၊ နိုဝင်ဘာလ	၆၃၂၃.၈၁၄၆	၅၈၆.၈၈၂၃	၁၀၁၂.၃၈၆၀
၂၀၁၄၊ ဒီဇင်ဘာလ			
၂၀၁၅၊ ဇန်နဝါရီလ			
၂၀၁၅၊ ဖေဖော်ဝါရီလ			
၂၀၁၅၊ မတ်လ			
စုစုပေါင်း	၅၃၉၇၂.၇၈၁၄	၄၈၀၈.၆၇၇၇	၁၀၂၉၈.၇၀၁၄

နှစ်အလိုက် ပြည်နယ်/တိုင်း/ဒေသကြီး ဖြန့်ဖြူးမှုအခြေအနေ

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	



အကောက်ခွန်မဲ့ နိုင်ငံခြားဖြစ်အရက်မျိုးစုံ၊ ကွမ်းစားဆေးနှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီကွပ်ကဲမှုအောက် လှုပ်ရှား(၂)(ညောင်ခါးရှည်)သို့ ဖေဖော်ဝါရီ ၇ ရက် နံနက်တွင် ဒေသသုံးပစ္စည်းများ သယ်ဆောင်ဝင်ရောက်လာသော ယာဉ်အမှတ် 5E/-----ကားပေါ်တွင် တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများ၊ ကန့်သတ်တားမြစ်ထားသော နိုင်ငံခြားဖြစ်အရက်များ၊ ကွမ်းစားဆေးရွက်ကြီးဘူးများနှင့် LED TV များ အပါအဝင် တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများ တင်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသည်။

အဆိုပါ စစ်ဆေးအဖွဲ့တွင် အသေးစိတ်ဖွင့်ဖောက်စစ်ဆေးရန် လုံခြုံရေးအခြေအနေအရလည်းကောင်း၊ ပစ္စည်းပျောက်ဆုံးပျက်စီးမှု မရှိစေရေးအတွက်လည်းကောင်း၊ ဗဟိုကော်မတီ ကွပ်ကဲမှုရုံး(ရန်ကုန်)သို့ ဦးစီးအရာရှိအပါအဝင် လုံလောက်သောအင်အားဖြင့် ဖေဖော်ဝါရီ ၇ ရက် ညနေ ၆ နာရီတွင် ပို့ဆောင်စေခဲ့ရာ ည ၁၁ နာရီတွင် ဆူးလေမြေပြင်ချစစ်ဆေးရေး သိုလှောင်ရုံသို့ ရောက်ရှိအပ်နှံခဲ့သည်။

အဆိုပါ တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများ တင်ဆောင်လာသောယာဉ် အမှတ် 5E/-----အပြာရောင် FUSO ၁၂ ဘီးယာဉ်အား ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီတွင် ဗဟိုကော်မတီ ကွပ်ကဲမှုရုံး(ရန်ကုန်)မှ ဦးစီး၍ လှုပ်ရှားအဖွဲ့စုံဖြင့် အသေးစိတ်စစ်ဆေးရာ နိုင်ငံခြားဖြစ် အရက်မျိုးစုံ ၅၉၇ ဖာ စုစုပေါင်း အလုံးရေ ၄၉၃၈ လုံးအား စစ်ဆေးတွေ့ရှိခဲ့ပြီး ယင်းနောက် ကွမ်းစားဆေးရွက်ကြီး (ကွမ်းစားဆေး)ဖာ ၁၀၀ နှင့် SAMSUNG တံဆိပ်များဖြစ်သော ၃၂ လက်မ၊ LED TV အလုံး ၂၀၊ ၄၂ လက်မ LED TV ၇၃လုံး၊ Micro Wave Oven) မီးဖို ၂၃ လုံး၊ ဖုန်စုပ်စက် ၄၁ လုံးနှင့်ဇာပိတ်လိပ် ၃၂၂ ဒသမ ၇၅ ကီလိုတို့ကို စစ်ဆေးတွေ့ရှိခဲ့ရသည်။ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၂၀၀၀ ခန့် ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဂန္ထဝင်ရွှေပုဂံ
Travels & Tours
No.67, Baho Rd,Sanchaung,
Ph: 01-500191,519292,510218,510491,
519300,519360,09-73003772
81 Rd,Bet 33 x 34 Street, Mandalay
Ph: 09-73013856,09-31693339
* ဈေးနှုန်းများအားလုံး *
4 Star Hotels နှင့် All Included

ဟောင်ကောင် (၆)ရက် USD 720
ဟောင်ကောင်+ဖူးခတ် (၆)ရက် USD 1100
စင်ကာပူ (၄)ရက် USD 880 / (၅)ရက် USD1000
စင်ကာပူ+မလေးရှား (၈)ရက် USD 1350
ဘာလီ (၅)ရက် USD 1100
ဘာလီ+စင်ကာပူ (၈)ရက် USD 1500
ဗီယက်နမ် (၆)ရက် USD 850
ဗီယက်နမ်+ကမ္ဘောဒီးယား (၈)ရက် USD 1350
ကမ္ဘောဒီးယား+လာအို (၈)ရက် USD 1800
ဗုဒ္ဓဂယာ(အဆင့်မြင့်) (၈)ရက် USD 1350
ဘူတန် (၆)ရက် USD 2800
သီရိလင်္ကာ (၇)ရက် USD 1400
ဂျပန် (၆)ရက် USD 3200
ကိုရီးယား (၈)ရက် USD 2000
ရုရှား (၉)ရက် USD 4500
ဒူဘိုင်း+အဘူဒါဘီ (၇)ရက် USD 1950
စပိန်+ပေါ်တူဂီ (၁၄)ရက် USD 4500
စီအမ်(တရုတ်ကွမ်ရှီ)+ချန်ဒူး (၈)ရက် USD 1900
ဝီကင်း+ရှန်ဟိုင်း (၈)ရက် USD 1750
ပေကျင်း+ကွမ်ကျိုး+မကာအို (၈)ရက် USD 1600
မော်လဒိုက် (၅)ရက် USD 1700 (ရေခို)
ပြင်သစ်+ဂျာမနီ (၁၀)ရက် USD 4500
အင်္ဂလန်+စကော့တလန် (၁၀)ရက် USD 5500
ဥရောပနိုင်ငံကြီး(၈)နိုင်ငံ (၁၅)ရက် USD 4800
နော်ဝေး+ဆွီဒင်+ဒိန်းမတ်+ဖင်လန် (၁၂)ရက် USD 5300
အမေရိကန် (၁၅)ရက် USD 6700 / (၂၀)ရက် USD 7700
သင်္ကြန်ခရီးစဉ်များအား လေယာဉ်ထိုင်ခုံအရေအတွက် ကန့်သတ်ထားပါ၍ ကြိုတင် ဘိုကင်တင်ပါရန်။

KSD
KHAINGKHAING SANGDA MOTORCAR ၏ တရုတ်နှစ်သစ်ကူးအထူးဈေးရောင်းပွဲတော်
KHAING KHAING SANG DA GROUP မှ FAW, JAC,FORLAND,LIFAN ... Brand New ... Model(9) ... Model ... ISUZU ... Power Steering(LH),Dual Air-Con,2 Seats 360 Rotatable,Air Bag,DVD ,Back Camer,Auto Door Lock System
Tel: 0942-5111111, 0942-6333333, 0942-8333333, 01-611229, 01-611351, 01-611268
YANGON SHOWROOM - No.148, Pyay Road, (A-1 ...), Mayangone Tsp, Tel; 01-660871, 09-32362888, 0931697999.
MANDALAY SHOWROOM- ... Tel; 0949-256583. 0933-165891
HLAING THAYA SHOWEROOM – ... Tel; 09-33165893, 09-30356666

လှိုင်ကော်မြို့၌ ခေတ်မီဆေးရုံသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာကျင်းပ

လှိုင်ကော် ဖေဖော်ဝါရီ ၁၁

ကယားပြည်နယ် လှိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း ခေတ်မီဆေးရုံသစ်ကြီး အသစ်ဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် က လှိုင်ကော်မြို့ ပြည်နယ် ပြည်သူ့ဆေးရုံကြီးဝင်း အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သိန်းသိန်းဌေးက အမှာစကားပြောကြားရာတွင် ပြည်နယ်ဆေးရုံကြီးအား အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ခေတ်မီပစ္စည်း ကိရိယာများ ထောက်ပံ့ပေးခြင်းဖြင့် လူနာများဆေးဝါးကုသမှုတွင် အထောက်အပံ့များပိုမိုရရှိလာပြီး ဆောလျင်စွာ ရောဂါရှာဖွေနိုင်ခြင်း၊ ထိရောက်ကုသမှုများပေးနိုင်ခြင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ ထောက်ပံ့ပေးသော(JICA) အဖွဲ့အစည်းအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ JICA ဥက္ကဋ္ဌ Dr.Akihiko TANAKA က အမှာစကားပြောကြားရာတွင် ကယားပြည်နယ်အတွင်းရှိ လူထု၏ကျန်းမာရေးကို အရည်အသွေးမြင့်စွာ စောင့်ရှောက်နိုင်ရန် ဆေးရုံ၏ လုပ်ဆောင်နိုင်မှုသည် အဓိက အခြေခံကျသော အချက်ဖြစ်သည်ဟု ယုံကြည်သဖြင့် JICA သည် ယခုစီမံကိန်းအား ထောက်ပံ့ကူညီခဲ့ခြင်း ဖြစ်ကြောင်း၊ ဆေးရုံ၏ အဆောက်အအုံဆိုင်ရာ ကောင်းမွန်သန့်ရှင်းမှုနှင့် ဆေးပစ္စည်းကိရိယာများ တိုးတက်ကောင်းမွန်ခြင်းဖြင့် ဒေသခံပြည်သူများကို ပိုမိုကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အမှာစကား ပြောကြားရာတွင် JICA မှ ကယားပြည်နယ်အတွင်း ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဌာနများဆောက်လုပ်ခြင်း၊ ကျန်းမာရေးစနစ်ဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ခြင်း၊ ပြည်နယ်ဆေးရုံကြီးအသစ်ဆောက်လုပ်ခြင်း၊ လောပိတရေအားလျှပ်စစ်စက်ရုံအား ပြန်လည်ပြုပြင်ပေးခြင်းစသည်တို့ ဆောင်ရွက်ပေးသောကြောင့် ကယားပြည်နယ်ရှိ ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

(ပြည်နယ် ပြန်/ဆက်)



ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်တွင် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် ဗိုလ်စိန်မှန်လမ်းနှင့် ဦးချစ်မောင်လမ်းရှိ 33 KV ကျိုက္ကဆံ-ရွှေဂုံတိုင် ဓာတ်အားလိုင်းကို နှစ်ထပ်ကြွေသီးများအစား သုံးထပ်ကြွေသီးများဖြင့် လဲလှယ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၇ ရက်က မြို့နယ်လျှပ်စစ်ဝန်ထမ်းများဖြင့် လဲလှယ်တပ်ဆင်နေစဉ်။ (မြန်မာ့အလင်း)

ကျောက်မဲမြို့တွင် ဆက်သွယ်ရေး တာဝါတိုင်များစိုက်ထူ

ကျောက်မဲ ဖေဖော်ဝါရီ ၁၁

ကျောက်မဲမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် GSM လက်ကိုင်ဖုန်းများ အဝင်အထွက်ခေါ်ဆိုမှု အဆင်မပြေဖြစ် နေသည်မှာ ခြောက်လခန့်ရှိနေပြီး နေ့စဉ်နှင့်အမျှ လက်ကိုင်ဖုန်းသုံးစွဲသူများ ညည်းညူပြောဆိုနေကြသည်ကို တွေ့ရသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြို့နယ်အဆင့်တာဝန်ရှိသူများအား မေးမြန်းစုံစမ်းရာ ယခုကဲ့သို့ဖြစ်ရခြင်းမှာ ဖုန်းသုံးစွဲသူများနေပြီး လက်ရှိလိုင်းနှင့် မမျှမတဖြစ်ကာ လိုင်းကျပ်နေကြောင်း ၊ထို့ကြောင့် လိုင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရန်အတွက် ကျောက်မဲ အမှတ်(၈)ရပ်ကွက် အင်ကြင်းတောင်ပေါ်တွင် တာဝါတိုင်စိုက်၍ စက်များတပ်ဆင်ပြီး စီးနေပြီဖြစ်ကြောင်း၊ မကြာမီ လိုင်းများပြန်လည်ကောင်းမွန်လာတော့မည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ ကျောက်မဲမြို့နှင့် အနီးဝန်းကျင်များတွင် အော်ရီဒူးနှင့် တယ်လီနောဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူနေကြသည်ကို တွေ့ရသည်။

မောင်မောင်(ကျောက်မဲ)

ပြည်တွင်းသတင်း

မူလတန်းကြိုကျောင်းသင်ယူပြီးမြောက်မှု လက်မှတ်ပေးအပ်

ကချင်ပြည်နယ် ရှင်ဗွေယန်မြို့၌ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကကြီးမှူးဖွင့်လှစ်သော မူလတန်းကြိုကျောင်းသား ကျောင်းသူများ၏ သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ရှင်ဗွေယန်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌဒေါ်ငြိမ်းငြိမ်းဆီက အမှာစကားပြောကြားသည်။

ထို့နောက် မူလတန်းကြိုကျောင်းသင်ယူပြီးမြောက်သော ကျောင်းသား ကျောင်းသူ ၃၀ အား သင်ယူပြီးမြောက်သော လက်မှတ်များနှင့် ဂုဏ်ပြုလက်ဆောင်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာစာပွဲ့ဖြိုးတိုးတက်ရေးဟောပြောမည်

မြန်မာစာပေချစ်မြတ်နိုးသူများအသင်း (ဗဟို) က ကြီးမှူးကျင်းပသည့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အမှတ်(၁၈၈) ဆိပ်ကမ်းသာလမ်း ဂုဏ်ထူးဦးသိန်းနိုင်မြန်မာစာသင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောမည့်သူမှာ အမေရိကန်ပြည်ထောင်စုတွင်နေထိုင်သော ဒေါ်ါက်တာ ပါမောက္ခဦးစောထွန်း(စာရေးဆရာ စောလူ) ဖြစ်ပြီး မြန်မာစာစိတ်ပါဝင်စားသူများ မည်သူမဆို အခမဲ့တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။

စိန်ရွှေလှိုင်

ရှမ်းပြည်နယ်နေ့ အခမ်းအနား တန့်ယန်းမြို့နယ်၌ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် (၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ သဝဏ်လွှာကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ဦးက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်တာက ဖတ်ကြားသည်။ ဆက်လက်၍ ရှမ်းပြည်နယ်နေ့အကြောင်း သိကောင်းစရာများကို ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးစိုင်းခမ်းလင်းက ပြောကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

လူကုန်ကူးမှုတားဆီးရေးနှင့် ကျန်းမာရေးအသိပညာပေးဟောပြော

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (တီးတိန်) ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တတိယအကြိမ်မြောက်သင်တန်းတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော သင်တန်းသူ ၇၀ သို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က ချင်းပြည်နယ် တီးတိန်မြို့ရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲနှင့် ဟောပြောပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ် ရဲအုပ်ထန်းလိန်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းကြွယ်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်တို့က ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅C/၈၃၇၉၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရွာသာကြီး)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၉၅၉၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

နိုင်ငံတကာအားကစားသတင်း

အင်္ဂလန် အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်တွေလာပြီ

မိုးမြင့်လှိုင်းလက်

အင်္ဂလန်အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၄ ရက်နဲ့ ၁၅ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ လီဗာပူးရဲ့ အားထုတ်မှုတွေက ပီပြင်မှုရှိ၊ မရှိ ကြည့်ရမှာဖြစ်ပြီး အာဆင်နယ်ရဲ့ ကျော်ဖြတ်မှုတွေကလည်း အက်ဖ်အေဖလား မျှော်မှန်းချက်ကို ပြည့်ဝနိုင်မှုရှိ၊ မရှိ စောင့်ကြည့်သုံးသပ်ကြရဦးမှာဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်နှင့် လီဗာပူး

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုမှတ်တမ်းကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားတာကြောင့် အခုပွဲမှာတော့ ခြေစွမ်းအမှန်ကို အပြိုင် ထုတ်ဖော်ပြသတော့မှာဖြစ်ပါတယ်။ ခရစ္စတယ်ပဲလေ့စ်ဟာ နည်းပြ အလန်ပါဂျူးလက်ထက်မှာ ရလဒ်တွေ ကောင်းမွန်နေတာမို့ အခုပွဲ အိမ်ကွင်းလည်းဖြစ်တာကြောင့် လီဗာပူးတို့ မလွယ်ပါဘူး။ ဒါပေမယ့် လီဗာပူးရဲ့ စိတ်ဓာတ်ပြင်းပြနေတဲ့ ဖလားရယူလိုတဲ့စိတ်ဓာတ်ကို ချိုးဖျက်ဖို့တော့ ခက်ခဲပါလိမ့်မယ်။

အာဆင်နယ်နှင့် မစ်ဒယ်ဘရော့

အက်ဖ်အေဖလား လက်ရှိချန်ပီယံအာဆင်နယ်တို့ အခုပွဲအိမ်ကွင်းမှာ အမှားအယွင်းမဖြစ်နိုင်အောင် သတိထားကစားပါလိမ့်မယ်။ ဒါပေမယ့် မစ်ဒယ်ဘရော့နဲ့ဆုံတိုင်း အာဆင်နယ်တို့ အကြိတ်အနယ်ကစားခဲ့ရတာချည်း ဖြစ်တာမို့ ပင်ပန်းပါလိမ့်မယ်။ လက်ရှိခြေစွမ်းအရ အာဆင်နယ်ကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

ဝက်စ်ဘရွန်းနှင့် ဝက်စ်ဟမ်း

ခြေရည်တူနှစ်သင်းမို့ အပြန်အလှန် ဖိအားပေးကစားကြပါလိမ့်မယ်။ လောလောဆယ်မှာ ဝက်စ်ဟမ်းတို့ ရလဒ်တွေ ဆိုးရွားနေတာမို့ အိမ်ရှင်တို့ တည်တည်ငြိမ်ငြိမ်နဲ့ကစားရင် အတိမ်းအစောင်းမဖြစ်နိုင်ပါဘူး။

ဘလက်ဘန်းနှင့် စတုတ်

စတုတ်နဲ့ဆုံတိုင်း ဘလက်ဘန်းတို့ ရှုံးတာများပါတယ်။ စတုတ်ဟာ ထိပ်တန်းအသင်းတွေတောင် ခက်ခဲကျပ်တည်းအောင် ကစားနိုင်စွမ်းရှိပြီး အိမ်ကွင်းအဝေးကွင်း ပုံမှန်ခြေစွမ်းရရှိနေပါတယ်။ ဒါပေမယ့် ဒဏ်ရာပြဿနာတွေနဲ့ ရင်ဆိုင်နေရတဲ့ စတုတ်အတွက် ခြေကုန်ထုတ်ပါမှ အခြေအနေကောင်းနဲ့ ကြုံတွေ့နိုင်မှာပါ။

ဒါဘီနှင့် ရက်ဒင်း

ဒါဘီဟာ အခုတလော ခြေစွမ်းတက်လာပြီး ရလဒ်ကောင်းတွေလည်း ဖန်တီးနိုင်စွမ်းရှိနေပါတယ်။ ရက်ဒင်းတို့ကတော့ အချိတ်အဆက်လွဲချော်မှုတွေ ရှိနေပြီး ပြိုင်ဘက်ဂိုးဧရိယာထဲမှာ ဘောလုံးပျက်မှုတွေ များနေတတ်တာမို့ ဒါဘီဟာ ဒီပွဲမှာ အနိုင်ကိုသိမ်းပိုက်နိုင်ပါလိမ့်မယ်။

ဗီလာနှင့် လက်စတာ

ပရီမီယာလိဂ်မှာ တန်းမဆင်းရရေး ကြိုးစားနေတဲ့အသင်းတွေဖြစ်ပြီး ပွဲတိုင်းအားထည့်ကစားနေပါတယ်။ မန်ယူကို သရေပွဲကစားနိုင်ခဲ့တဲ့ ဗီလာကို လျှော့တွက်လို့မရတာကြောင့် လက်စတာပရိသတ်တွေအတွက် အပျော်ဆိတ်သုဉ်းမယ့် ညပါပဲ။

ဘရက်ဖို့ဒ်နှင့် ဆန်းဒါးလန်း

ဘရက်ဖို့ဒ်ဟာ ချယ်လ်ဆီးလို မာကျောတဲ့ အသင်းကိုတောင် ကစားထားတဲ့အတွက် ဆန်းဒါးလန်းတို့အမှတ်ရဖို့တောင် မလွယ်ပါဘူး။ ဘရက်ဖို့ဒ်တို့က ရှေ့၊ နောက် ကစားအားမျှပြီး တွန်းတွန်းတိုက်တိုက်လည်း ဝင်ထွက်ရဲတာမို့ ဆန်းဒါးလန်း ခံစစ်ကြောင်း ထိန်းဖို့ခက်ခဲမှာပါ။ ဒီပွဲမှာ အိမ်ရှင်တို့ အသာစီးရနိုင်တာ အမှန်ဖြစ်ပါတယ်။

လီဗာပူးက စာချုပ်သစ်ကမ်းလှမ်းခဲ့တဲ့ စတာရင်း

လီဗာပူးအသင်းမှာ ခြေစွမ်းပြနေတဲ့ လူငယ်တိုက်စစ်မှူး ရာဟင်း စတာရင်းကို စာချုပ်သစ် ထပ်မံချုပ်ဆိုဖို့ သူ့အသင်းက ကမ်းလှမ်းလိုက်ပါပြီ။ သူဟာ လက်ရှိလီဗာပူးအသင်းမှာတော့ ထိပ်တန်းဂိုးသွင်းနေတဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။

အသက် ၂၀ အရွယ်သာရှိသေးတဲ့ စတာရင်းဟာ လက်ရှိ လီဗာပူးနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်က ၂၀၁၇ ခုနှစ်အထိ ဖြစ်ပါတယ်။ ဒါပေမယ့် လီဗာပူးက စာချုပ်သစ် ချုပ်ဆိုသွားဖို့ ကမ်းလှမ်းထားပါပြီ။ လီဗာပူးက အံ့ဩဖွယ်ကောင်းလောက်အောင် လူငယ်ကစားသမား တစ်ဦးကို ကမ်းလှမ်းထားပါတယ်လို့ နည်းပြ ရော်ဂျာက ပြောဆိုလိုက်ပါတယ်။ ဒါပေမယ့် အလွန်ငယ်ရွယ်တဲ့ ကစားသမားတော့ မဟုတ်ပါဘူးလို့ နည်းပြ ရော်ဂျာက ဆိုပါတယ်။ လီဗာပူးအသင်းအတွက် လူငယ်ကစားသမားတွေ လိုအပ်နေပါတယ်။ လူငယ်ကစားသမားတွေဟာ အသင်းအတွက် အရေးကြီးပါတယ်လို့ နည်းပြကဆိုပါတယ်။ ရာဟင်းစတာရင်းဟာ လီဗာပူးအသင်းမှာ အကောင်းဆုံးအနေအထားသို့ ရောက်ရှိလာနေပါတယ်။

လီဗာပူးက စတာရင်းကို တစ်ပတ်ပေါင် ၇၀၀၀၀ ပေးဖို့ စီစဉ်နေပါတယ်။ လက်ရှိအနေအထားမှာတော့ တစ်ပတ်ပေါင် ၃၀၀၀၀ လောက်ပဲရပါတယ်။

အင်္ဂလန်ကစားသမားတွေ စပိန်မှာကစားဖို့ မိုယက်စ်တိုက်တွန်း

ဘန်လေတိုက်စစ်မှူး ဒန်နီအင်းစ်အား စပိန်မှာ လာရောက်ကစားဖို့ ရီးရဲဆိုစီဒက်နည်းပြ ဒေးဗစ်မိုယက်စ်က တိုက်တွန်းလိုက်ပါတယ်။ အင်္ဂလန်ကစားသမားတွေဟာ ပရီမီယာလိဂ်မှာချည်းမကစားဘဲ စပိန်လာလီဂါမှာလည်း များများလာရောက်ကစားဖို့ တိုက်တွန်းပါတယ်လို့ မိုယက်စ်က ဆိုပါတယ်။ အသက် ၂၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒန်နီအင်းစ်နဲ့ ဘန်လေတို့ချုပ်ဆိုထားတဲ့ စာချုပ်ဟာ နွေရာသီမှာ ကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ သူဟာ ပြည်ပကလပ်တစ်ခုကို အလွတ် ပြောင်းရွှေ့နိုင်ပါတယ်။ ဆိုစီဒက်က သူ့ကိုခေါ်ယူဖို့ အကြိုသဘောတူထား တယ်ဆိုတဲ့ ကောလာဟလနဲ့ပတ်သက်ပြီး မိုယက်စ်က အတည်မပြုဘဲထားပါတယ်။ အသက် ၂၁ နှစ်အောက် အင်္ဂလန်ကစားသမား ဒန်နီအင်းစ်ကို လီဗာပူးနဲ့ စပါးတို့ကလည်း ဇန်နဝါရီလ အပြောင်းအရွှေ့ကာလမှာ ကမ်းလှမ်းဆက်သွယ်မှုတွေပြုလုပ်ခဲ့ပါသေးတယ်။ ဒါပေမယ့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလက ရီးရဲဆိုစီဒက်နည်းပြ ဖြစ်လာတဲ့ မိုယက်စ်ကတော့ ဒန်နီအင်းစ်ကို အရခေါ်ယူမယ့် အနေအထားရှိပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

ရီးရဲမက်ဒရစ် ဖလားရနိုင်

စပိန်လာလီဂါမှာ ပြိုင်ဘက် အက်သလက်တီကိုအသင်းအား လေးဂိုးပြတ်နဲ့ ရှုံးသွားတဲ့ ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ဖလားရနိုင်ပါတယ်လို့ အဓိက တိုက်စစ်မှူး စီရော်နယ်ဒိုက ပြောဆိုလိုက်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ ပြီးခဲ့တဲ့ ပွဲစဉ်မှာ အရှုံးကြီးရှုံးခဲ့တာပါ။ လေးနှစ်အတွင်းမှာ အဆိုးရွားဆုံးရလဒ်နဲ့ ရှုံးနိမ့်ခဲ့တာပါ။ ပြိုင်ပွဲမှာ ရှုံးသွားခဲ့ပေမယ့် အဓိက ပြိုင်ဘက်တွေဖြစ်တဲ့ ဘာစီလိုနာနဲ့ အက်သလက်တီကိုတို့ရဲ့ ရှေ့မှာ အမှတ်အများဆုံးနဲ့ ရှိနေပါသေးတယ်။ ကျွန်တော်တို့အသင်းဟာ အက်သလက်တီကိုထက် ကောင်းပါတယ်။ လာလီဂါအဆုံးသတ်မှာ ရီးရဲမက်ဒရစ်ရဲ့အောင်မြင်မှုကို တွေ့ရမှာပါလို့လည်း စီရော်နယ်ဒိုက ဆိုပါတယ်။

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄င/၈၀၉၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၈/၁၉၈၀GMC Truck (4x2) RHD ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းသိန်းက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)

ခရီးသွားဆောင်းပါး

ပျဉ်းမနားမြို့ အထက်ပေါင်းလောင်းဆည်အနီး သမိုင်းဝင်ဆင်ဖြူတောင်သို့ လာရောက်လည်ပတ်ရန်ဖိတ်ခေါ်

ခရီးသွားဆောင်းပါး – ဇူလိုင်မိုး(မြန်မာ့အလင်း) ဓာတ်ပုံ – ချစ်သမီး

စာရေးသူသည် သတင်းရေးသားရန်အတွက် ပျဉ်းမနားမြို့နယ် ဝဲကြီးကျေးရွာသို့ ရောက်ရှိခဲ့သည်။ အထက်ပေါင်းလောင်းဆည်ကြီးနှင့်အပြိုင် လှပနေသော မောတို့ဌာနေ ရှမ်းရိုးမတောင်တန်းကြီးကို မြင်ရသည့်အခါ ရှုမဆုံးနိုင်သည့် ပန်းချီကားကြီးတစ်ချပ် ကြည့်ရှုခွင့်ရသကဲ့သို့ စိတ်နှလုံး ရွှင်လန်းမိသည်။

ထိုမှတစ်ဆင့် ပတ်ဝန်းကျင် အလှတရားများကို တွေ့မြင်မေးမြန်းမိရာမှ **အထက်ပေါင်းလောင်းဆည်ကြီး၏ နဖူးထက်က သမိုင်းဝင်ဆင်ဖြူတောင်နှင့် ဆင်ဖြူတောင်စေတီတော်အကြောင်းကို သိရှိရသဖြင့် သာယာလှပပြီး လူသိနည်းသည့် ဆင်ဖြူတောင်သို့ ဘုရားဖူးများနှင့် သဘာဝအလှတရားများ ခံစားလိုသူများ သိရှိနိုင်စေရန်ရည်ရွယ်၍ ဆင်ဖြူတောင်ပေါ်တွင် သီတင်းသုံးနေထိုင်ရင်း သာသနာ့ဝန်ကိုထမ်းဆောင်နေသော ဆရာတော်တစ်ပါးထံ ဆင်ဖြူတောင်တော်အကြောင်းကို မေးမြန်းဖြစ်ခဲ့သည်။**

"ဆင်ဖြူတောင်သမိုင်းစာအုပ်ရှိခဲ့ပေမယ့် ဟောင်းနွမ်းလာတာကြောင့် ပြန်လည်ထုတ်ဝေဖို့ ဆောင်ရွက်နေပါတယ်။ ဆင်ဖြူတောင်သမိုင်းဟာ ကြီးသုံးကြီး၊ ဝင်သုံးဝင်ဖြင့် ကျော်ကြားခဲ့တယ်။ တန်ခိုးကြီး၊ ကိုးခန်းဇရပ်ကြီး၊ ရှေးသိမ်တော်ကြီးဆိုပြီး ရာဇဝင်မှာ စာတွင်ခဲ့ဖူးပါတယ်။ ဆင်ဖြူတောင်ဆိုပြီး အမည်တွင်တာကတော့ ဆင်ဖြူတော်တစ်ကောင်က တောင်ထဲကို ဝင်သွားရာကနေ ပြန်ထွက်မလာတော့တာကြောင့်လို့ ပါးစပ်ရာဇဝင်အရ သိရပါတယ်။ တောင်ပေါ်မှာ ခြေတော်ရာ၊ ဆုတောင်းပြည့်ဘုရား၊ လျောင်းတော်မူဘုရား၊ နယ်ပိုင်ကြီး မယ်တော်ဖြူ မိုးကောင်းစေတီဘုရား၊ တစ်ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး၊ နောင်တော်ကြီးဘုရား စတာတွေဖူးမြော်နိုင်ပါတယ်။

ခရီးတစ်ထောက်ဖြစ်နေတာကြောင့် လူသိနည်းပေမယ့် အခုနောက်ပိုင်းမှာ နေပြည်တော်လည်း တည်ရှိလာတဲ့အတွက် လာရောက်လေ့လာတဲ့သူတွေ၊ အလုပ်ကိစ္စကြောင့် လာရောက်သူတွေ ဘုရားလည်းဖူးရင်း ဒေသန္တရအလှအပတွေကို ခံစားရင်းလာရောက်ဖို့ ဖိတ်ခေါ်ပါတယ်။ လမ်းခင်းဖို့အတွက် အလှူရှင်တစ်ဦးက ပြောထားပေမယ့် အဆင်မပြေသေးပါဘူး။ ကျောက်ခင်းလမ်းတော့ ခင်းနိုင်မယ်ဆိုရင် အလွန်အဆင်ပြေမှာပါ။ **လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ဘုရားဖူးတွေလာရောက်ဖို့ အားနည်းနေရတယ်ထင်ပါတယ်။ အလှူရှင်တွေကိုလည်း လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်**"ဟု ဆရာတော်က ဆင်ဖြူတောင်၏ သမိုင်းကြောင်းနှင့် စည်ကားသိုက်မြိုက်စွာ ဘုရားဖူးများ လာရောက်ဖို့အရေး မျှော်တွေးရင်း မိန့်ကြားသည်။



ဆင်ဖြူတောင်ဘုရားကြီးသည် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၏အရှေ့ဘက် ခုနစ်မိုင်အကွာ၊ ပေါင်းလောင်းမြစ်နဖူးထက် တောင်ထိပ်ပေါ်တွင် တည်ရှိသည်။ ဆင်ဖြူတောင်ဘုရားကြီးကို အများပြည်သူ ကြည်ညိုသဒ္ဓါပွားစေနိုင်ရန် **မြန်မာသက္ကရာဇ် ၁၂၉၃ ခုနှစ် ကဆုန်လပြည့်နေ့၌ မန္တလေးတောင်ရသေ့ကြီး ဦးခန္တီနှင့် ပျဉ်းမနားမြို့မှ ဘုရားဒါယကာ ဦးလန်းဘုရားဒါယိကာမ ဒေါ်မမလေးမိသားစုတို့က စတင်ပန္နက်ရိုက် လှူဒါန်းတည်ထားကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။**

ရသေ့ကြီး ဦးခန္တီသည် ဆင်ဖြူတောင်အား ကိုးခန်းကြီးတွင် စတင်၍ ဆောင်ရွက်တည်ဆောက်ဆဲကာလ၌ တန်ခိုးကြီးဘုရား ဉာဏ်တော် (၆၄) ပေအား တစ်ပြိုင်တည်းတည်လျက် စောင်းတန်း၊ ပြာသာဒ်၊ နတ်နန်းပြာသာဒ်၊ ဇော်ဂျီပုံ၊ မြောမင်းပုံ၊ နဂါးပုံ၊ တောင်စောင့်မယ်တော်ပုံ၊ ကိုးခမ်းမဟာမြတ်မုနိဘုရားပုံတော်၊ တောင်၏အစွန်၌ရုပ်ပွားတော်ပုံ၊ အရှေ့ဘက်တွင် ရုပ်ပွားပုံတော်၊ မြောက်ဘက်တွင်ရုပ်ပွားပုံတော်နှင့် ပရိနိဗ္ဗာန်စံလွန်တော်မူပုံ၊ မြောက်ဘက်တွင် လျောင်းတော်မူပုံဘုရားများကို တည်ထားခဲ့ကြောင်း သိရသည်။

ထို့နောက် **စိန်တစ်လုံးဂူ၊ ဇော်ဂျီဂူ၊ နဂါးပတ်ဂူများနှင့် တန်ခိုးကြီး ဘုရားမှ မုခ်ဝလေးခုတွင် စောင်းတန်းလေးသွယ်နှင့် တောင်ပတ်လည် စောင်းတန်းများ ဆောက်လုပ်ရန်လျာထားချိန်တွင် ကမ္ဘာစစ်ဖြစ်ပေါ်လာပြီး ရပ်ဆိုင်းခဲ့သည်။** ၁၃၂၀ ခုနှစ်တွင် စောင်းတန်းများ၊ အောက်ခြေတော်ရာ ပြာသာဒ်များနှင့် ဇော်ဂျီပြာသာဒ်တို့ကို ရသေ့ကြီးဦးခန္တီ၏ လက်ရာအတိုင်း ဆောက်လုပ်နိုင်ခဲ့သည်။ ဆက်လက်၍ တန်ဆောင်းများ၊ အဆောက်အအုံများနှင့် လိုအပ်သည်များကို ပြုပြင်မွမ်းမံရန်အတွက် အလှူရှင်များလည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

ဆင်ဖြူတောင်ဘုရားသည် တစ်ချိန်က အထင်အရှားတန်ခိုးတော် ကြီးမားသော်လည်း အခြေအနေမပေး၍ ပွဲတော်ကျင်းပနိုင်ခြင်းမရှိဖြစ် ခဲ့ရသည်။ ၁၃၁၈ ခုနှစ် တပို့တွဲလမှစ၍ ဆင်ဖြူတောင်ရသေ့ကြီး၏ ပွဲတော် ကျင်းပနိုင်ရေးအတွက် ဆွေးနွေးပွဲများပြုလုပ်ရာ ဈေးကုန်းကျောင်းဆရာတော်ဦးဆောင်၍ သံဃာတော်များနှင့် ဂေါပကအဖွဲ့များက ပွဲတော်များကို ပြန်လည်ကျင်းပနိုင်ခဲ့သည်။

ဆင်ဖြူတောင်ဘုရားကြီးတွင် တန်ခူးလဆန်း ၈ ရက်မှစ၍ တန်ခူးလပြည့်နေ့အထိ ပွဲတော်များ ကျင်းပလေ့ရှိပြီး သံဃာတော်များဆွမ်းဆန်စိမ်းလောင်းလှူပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဇာတ်ပွဲများကျင်းပကာ ဈေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချသဖြင့် အလွန်စည်ကားသိုက်မြိုက်ခဲ့ကြောင်း သိရသည်။

ဆင်ဖြူတောင်ပေါ်မှ လှမ်း၍ကြည့်လျှင် သဘာဝရှုခင်းများနှင့် ကြည်နူးဖွယ်ကောင်းသော သဘာဝအလှမြင်ကွင်းများမှာ ဘုရားဖူးလာပြည်သူများကို စိတ်ကျေနပ်စေနိုင်သည့် နေရာတစ်နေရာပင်ဖြစ်သည်။

စာရေးသူတောင်ပေါ်အရောက်တွင် တိုက်ခတ်လာသောလေနုအေးများကို ရှူရှိုက်လိုက်ရချိန် တောင်ပေါ်တက်ခဲ့သမျှ မောပန်းမှုများမှာ ပြေပျောက်သွားခဲ့ရသည်။ **နေပြည်တော်တစ်မြို့လုံးကိုလည်း ဆင်ဖြူတောင်ပေါ်မှ လှပစွာ ကြည့်ရှုခံစားနိုင်သည်။ ထို့နောက် တောင်ပေါ် သာသနာ့နယ်မြေအတွင်း အေးချမ်းပျော်ရွှင်စွာ ရှင်သန်နေထိုင်သည့် မျောက်များလည်းရှိသည်။** အဆိုပါမျောက်များကို အစာကျွေးနိုင်ရန် မျောက်စာများလည်း တောင်ပေါ်တွင်ဝယ်ယူနိုင်သည်။ မိမိအစီအစဉ်ဖြင့်လည်း မျောက်စာများကို သယ်ယူလာကြသည်ကိုလည်း မြင်တွေ့ရသည်။

အများပြည်သူများအနေဖြင့် လုပ်ငန်းခွင်အတွင်း၊ စာသင်ကျောင်းများအတွင်း ပင်ပန်းသမျှကို အပန်းဖြေရင်းဖြစ်စေ၊ ဒေသန္တရအလှအပများနှင့် ဗဟုသုတဖြစ်ဖွယ် ရေမြေတောတောင်တို့ကို ခံစားလို၍ ဖြစ်စေ၊ အေးချမ်းဆိတ်ငြိမ်စွာ တရားဘာဝနာအားထုတ်လို၍ဖြစ်စေ ပျဉ်းမနားမြို့နှင့် အလှမ်းမဝေးလှသည့် ဆင်ဖြူတောင်တော်ပေါ်သို့ အရောက်လာခဲ့ကြဖို့ ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။ ။

ပြည်တွင်းသတင်း

ဘိုကလေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသည့် ဗုဒ္ဓစွယ်တော်ပွားဒေသစာရီကြွချီအပူဇော်ခံ

ဘိုကလေး ဖေဖော်ဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြို့တော်ပုသိမ်မြို့တွင် တည်ထားပူဇော်ခွင့်ရသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသည့် ဗုဒ္ဓစွယ်တော်ပွားသည် ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ရှိ ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုပူဇော်နိုင်ရန် ဖေဖော်ဝါရီ ၇ ရက်က ပင့်ဆောင်လာရာ ဘိုကလေးမြို့နယ် သကံ၀ကျေးရွာမှစတင်ပြီး မြို့နယ်သံဃနာယက ဆရာတော်ကြီးများ ဦးဆောင်လျက် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်လွင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ ဝတ်ရွတ်အသင်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ NGO များနှင့် ရဟန်းရှင်လူပြည်သူများက စည်တော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကြိုဆိုခဲ့ကြသည်။

ဗုဒ္ဓစွယ်တော်ပွားကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းမှစတင်ကာ မြို့ပေါ်ရပ်ကွက်များတွင်း လှည့်လည် ပူဇော်ခြင်း၊ မဏ္ဍပ်သို့ပြန်လည်ကြွချီ အပူဇော်ခံသောအခါ ဆရာတော်ကြီးများက အနေကဇာတင်ခြင်း၊ ဝတ်ရွတ်အသင်းများမှ ဝတ်ရွတ်ပူဇော်ခြင်း၊ ပန်း၊ ဆီမီး၊ သစ်သီး၊ ဆွမ်းကပ်ခြင်းနှင့် ရဟန်းရှင်လူပြည်သူများ ဖူးမြော်ခဲ့ကြသည်။

ဗုဒ္ဓစွယ်တော်ပွားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီမှစတင်၍ မြို့နယ်ဆရာတော်ကြီးများ ဦးဆောင်ကာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကြိုဆိုပင့်ဆောင်ရေးအဖွဲ့များက မဏ္ဍပ်မှယာဉ်တန်းများဖြင့် မြို့တွင်းမှ ပင့်ဆောင်လှည့်လည်အပူဇော်ခံရာ စေတနာရှင်ပြည်သူများက ဖူးမြော်ကြည်ညိုကြပြီး (ဘိုကလေး-ဖျာပုံ-ကျိုက်လတ်) ကားလမ်းအတိုင်း ကျိုက်လတ်မြို့နယ်သို့ ဒေသစာရီကြွချီအပူဇော်ခံဆက်လက်ထွက်ခွာသွားပြီး ဘိုကလေးမြို့နယ်ရှိ ရဟန်းရှင်လူပြည်သူများက စုစုပေါင်းငွေကျပ်သိန်း ၁၀၀ ကျော် လှူဒါန်းပူဇော်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက်တွင် တည်ထားကိုးကွယ်လျက်ရှိသော ရွှေဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို တပို့တွဲလပြည့်ကျော် ၈ ရက်(ဖေဖော်ဝါရီ ၁၁ ရက်) မှ တပို့တွဲလပြည့်ကျော် ၁၂ ရက်(ဖေဖော်ဝါရီ ၁၅ ရက်)အထိ ပွဲလမ်းသဘင်ရွှေမန်းဇာတ်ပွဲနှင့် စည်စည်ကားကား ငါးရက်တိုင်တိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စေတီတော်မြတ်ကြီးသည် မြန်မာမှုလက်ရာစောင်းတန်းကြီးများ၊ သတ္တသတ္တာဟ ခုနစ်ဌာန၊ သံဝေဇနိယ လေးဌာန၊ ရဟန္တာအပါးခြောက်ဆယ် သာသနာပြုစေလွှတ်ဟန်များ၊ သင်းကျစ်တော်တစ်ဆူ၊ စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ ဥခုနစ်ဆူတော်ဓာတ်တော်များ၊ ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိသစေတီထိုက်၍ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ ရှိခိုးဦးခိုက်ပူဇော်ခြင်းငှာ ထိုက်သော၊ အရံစေတီ ၁၁၇ ဆူ ဝန်းရံလျက်ရှိသော အပရာဇိတ ကျိုက်ဝိုင်းဆံတော်ရှင်စေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော် လှူဒါန်းနိုင်ကြောင်းနှင့် ဘုရားပွဲတော်သို့ လာရောက်ကာ ဇာတ်သဘင်များနှင့် အခြားပျော်ပွဲရွှင်ပွဲများ ပါဝင်ဆင်နွှဲနိုင်ကြောင်း ဂေါပကအဖွဲ့ဝင်များထံမှ သိရသည်။

အရံစေတီတော် ၁၁၇ ဆူ ဝန်းရံလျက်ရှိသော ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး။

မျိုးမင်းသိန်း(မရမ်းကုန်း)

လင်းခေးမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာမေး စာပြန်ပွဲတော်ကျင်းပ

လင်းခေး ဖေဖော်ဝါရီ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် သံဃာ့နာယကအဖွဲ့မှကြီးမှူး၍ (၃၃)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာပရိယတ္တိသဒ္ဓမ္မပါလစာမေး စာပြန်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က လင်းခေးမြို့ မဟာဝိဟာရပရိယတ္တိစာသင်တိုက်ကျောင်းကြီးကျောင်း၌ကျင်းပရာ လင်းခေးမြို့နယ်လုံးဆိုင်ရာ သံဃာ့နာယကအကျိုးတော်ဆောင်ဆရာတော် ဥက္ကဋ္ဌကောသလအမှူးပြုသော ဆရာတော်များက မင်္ဂလာထီးဖြူတော်ဖွင့်လှစ်ပေးပြီးနောက် စာဖြေရဟန်း၊ သာမဏေများက ပရိယတ္တိသဒ္ဓမ္မပါလစာပေဆိုင်ရာ အာဂုံဆောင်ရွတ်ဖတ်ဖြေဆိုခြင်းကို စတင်ခဲ့ကြပြီး ယင်းနေ့မွန်းလွဲ ၁ နာရီ၌ အဆိုပါရေးဖြေစာပြန်ပွဲကို ဆက်လက်ကျင်းပသည်။

လင်းခေးမြို့နယ်အတွင်းရှိမြို့ပေါ်နှင့်ကျေးရွာအုပ်စုများရှိပရိယတ္တိစာသင်တိုက်ကျောင်းများမှ ပရိယတ္တိသဒ္ဓမ္မပါလစာပေ အာဂုံဆောင်(နှုတ်ဖြေ)တွင် သံဃာ ၁၁၂ ပါး၊ ရေးဖြေသံဃာ ၁၂၇ ပါးတို့ ဝင်ရောက်ဖြေဆိုကြကြောင်း လင်းခေးမြို့ မဟာဝိဟာရကျောင်းကြီးကျောင်း ပရိယတ္တိစာသင်တိုက်ကျောင်းထိုင်ဆရာတော်က မိန့်ကြားသည်။

(မြို့နယ် ပြန်/ဆက်)

မူကြိုအရွယ်ကလေးငယ်များ ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် မူကြိုအရွယ်ကလေးငယ်များ ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် မုံရွာမူကြိုတို့တွင် ကျင်းပသည်။

ကာယစွမ်းရည်ပြိုင်ပွဲအဖြစ် အရောင်ပြေးကစားနည်း၊ အိတ်စွပ်ပြေး၊ အာလူးလွှန်းပြန်နှင့် နို့ဆီဘူးထပ်တို့ကိုလည်းကောင်း၊ ဉာဏစွမ်းရည်ပြိုင်ပွဲအဖြစ် သီချင်းပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ တစ်ပင်တိုင်အက၊ ပုံပြောပြိုင်ပွဲ၊ သင်္ကြန်အကနှင့် ယိမ်းအကတို့ကိုလည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါပြိုင်ပွဲတို့ကို ခရိုင်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုများနှင့် လူမှုဝန်ထမ်းဦးစီးဌာန မူကြိုတို့မှ ကလေးငယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ခင်ဦးစိုးဝေ

ဇီဝိတပါလဆေးခန်းနှင့် ပြည်တော်သာတံတားဖွင့်လှစ်

ရေစကြို ဖေဖော်ဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး တောင်စလင်းတိုက်သစ် ဘာဝနာဌာန ဒေါက်တာအရှင်အာဒိစ္စဦးဆောင်၍ လူငယ်များစာရိတ္တမြင့်မားရေး ပညာပေးအထောက်အကူပြုအဖွဲ့(ဘေးဇရိယာ-အမေရိကန်)နှင့် ဆရာတော်၏ ဒါယကာ၊ ဒါယိကာမတို့၏ လှူဒါန်းမှုဖြင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မိုးကွဲကျေးရွာတွင် ဆောက်လုပ်လှူဒါန်းသော ဇီဝိတပါလဆေးခန်းနှင့် နိုင်ငံတော်အစိုးရ၏ လှူဒါန်းမှု၊ ကျေးရွာပြည်သူများ၏ ပူးပေါင်းပါဝင်လှူဒါန်းမှုဖြင့် ဆောက်လုပ်ပြီးသော ပြည်တော်သာတံတားဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်က မိုးကွဲကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို ဇီဝိတပါလဆေးခန်းရှေ့ ယာယီမဏ္ဍပ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တောင်စလင်းတိုက်သစ် တိုက်အုပ်ဆရာတော် ဦးနေမိန္ဒနှင့် ဒေါက်တာအရှင်အာဒိစ္စတို့က ဩဝါဒစကားမြွက်ကြားချီးမြှင့်သည်။ ဆက်လက်၍ မန္တလေးမြို့ ဗြဟ္မာစိုရ်အသင်းဥက္ကဋ္ဌ ဒေါက်တာဦးဝင်းမြင့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ကျော်တို့က ဂုဏ်ယူဝမ်းမြောက်စကားပြောကြားပြီး မိုးကွဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးညိုက ကျေးဇူးတင်စကား ပြောကြားသည်။

ကျေးလက်ပြည်သူများ၏ ကျန်းမာရေးအတွက် အားကိုးအားထားရာ ဇီဝိတပါလဆေးခန်းမှာ အလျား ၃၃ ပေ၊ အနံ ၂၃ အမြင့် ၁၂ ပေ အာရ်စီ တစ်ထပ် အဆောက်အအုံဖြစ်ပြီး စုစုပေါင်းငွေကျပ် ၂၄၂သိန်း အကုန်ကျခံ ဆောက်လုပ်ထားပြီး ပြည်တော်သာကျေးရွာချင်းဆက် တံတားမှာ ပြည်ထောင်စုရန်ပုံငွေကျပ် ၄၅ သိန်းနှင့်ပြည်သူထည့်ဝင်ငွေကျပ် ၁၂၆သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆေးခန်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းမှ ဒေါက်တာဦးစုလေးနှင့် ဆရာဝန်၊ သူနာပြုများက မိုးကွဲ၊ မိုးဖြူ၊ ချင်းယား၊ ဘုန်းတော်ပြည့် စသည့် အနီးအနားကျေးရွာများမှ ဒေသခံပြည်သူ ၂၆၇ ဦးတို့အား အခမဲ့ ကျန်းမာရေးစစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

စဥ့်ကူး ဖေဖော်ဝါရီ ၁၁

မြန်မာအားကစားသမားကောင်းများပေါ်ထွန်းလာစေရေးရည်ရွယ်၍ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဘောလုံး (ဂိုးကျဉ်း) ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က စဥ့်ကူးမြို့နယ်အားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတောက်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်မာမာထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဝင်များ၊ ဒိုင်များ၊ အားကစားသမားများနှင့် မိဘပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတောက်က အဖွင့်အမှာစကားပြောကြားပြီး အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(၄၃၂)

သတင်းတို

ပုဏ္ဏားကျွန်း၌ စာပေဟောပြောပွဲကျင်းပ

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့အထိမ်းအမှတ်(၁၉)ကြိမ်မြောက် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ပုဏ္ဏားကျွန်းမြို့မဇေတီဓမ္မာရုံ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားပြီး မြို့နယ်စာပေကော်မတီဥက္ကဋ္ဌ ဦးလှဘောသူနှင့် စာရေးဆရာများက စာပေဗဟုသုတများ ဟောပြောပေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(လားရှိုး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(လားရှိုး)၏ကျောင်းအဝင်လမ်းမအား (အလျားပေ၅၈၀၊အနံ ၂၂ပေ)ထုထည် ၆လက်မရှိသော သံကူကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်လိုသူများအား တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၂-၂၀၁၅ရက်မှ နည်းပညာတက္ကသိုလ်(လားရှိုး) တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၆-၂-၂၀၁၅ရက် ညနေ၁၆း၃၀နောက်ဆုံးထားတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ်(လားရှိုး)ဖုန်း-၀၉-၂၅၉၁၈၃၀၄၇၊ ၀၉-၅၂၆၂၆၂၈တို့သို့ စုံစမ်းနိုင်ပါသည်။ **နည်းပညာတက္ကသိုလ်(လားရှိုး)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ရုံး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

(က) **လုပ်ငန်းအမည်** - "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ရုံး
(ခ) **တင်ဒါပုံစံလျှောက်လွှာရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၅ရက်
(ဂ) **တင်ဒါပိတ်မည့်ရက်** - ၁၉-၂-၂၀၁၅ ရက်
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၂၁-၂-၂၀၁၅ ရက်
တင်ဒါတင်သွင်းမည့်နေရာ - "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ရုံး၊ ဟိုပန်မြို့

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ရုံး၊ ဟိုပန်မြို့၊
ဖုန်း-၀၈၂-၇၄၁၁၄၊ ၀၈၂-၇၄၁၁၅

ဦးအေးမင်းနှင့်အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်ချောစုလှိုင်(ခ)ဒေါ်စုသွယ်လှိုင် ၈/တတက(နိုင်)၀၉၃၃၁၆ ၏ လွှဲအပ်ချက်အရ ဦးအေးမင်းနှင့်အများအား သိစေအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဓမ္မပါလလမ်း၊ အမှတ် (၈၄)၊ မြေညီထပ်တိုက်ခန်းမှာ ကျွန်ုပ်၏အမှုသည် ဒေါ်ချောစုလှိုင်(ခ)စုသွယ်လှိုင်၏ ခင်ပွန်းဦးကျော်သက်မှ ၃၁-၁-၂၀၀၇ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် လင်မယားနှစ်ဦးပိုင်တိုက်ခန်းဖြစ်ပါသည်။

ယင်းတိုက်ခန်းအား ကျွန်ုပ်၏အမှုသည် ဒေါ်ချောစုလှိုင်(ခ)စုသွယ်လှိုင် မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်း၊ အခန်းအားဖျက်ဆီးပြောင်းလဲခြင်း၊ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းနှင့် အခြားမည်သည့်ပုံစံမျိုးဖြင့်မှ ဆောင်ရွက်ခြင်းအား ခွင့်မပြုပါကြောင်း ဦးအေးမင်းနှင့်တကွ အများအားသိစေအပ်ပါသည်။ **လွှဲအပ်ချက်အရ-**

ဒေါ်မြမြလွင် (တရားလွှတ်တော်ရှေ့နေ)စဉ်-၇၂၉၄
အမှတ် (၃၅၈)၊ ဗိုလ်မင်းခေါင်လမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
ဖုန်း-၀၁-၅၈၀၀၂၂၊ ၀၉-၈၆၂၇၈၇၁၊ ၀၉-၄၄၈၀၄၄၉၅၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အောင်လံမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၂၇

ဒေါ်အေးမြတ်အောင် (ဘ)ဦးမျိုးအောင် **တရားလို** **နှင့်** ၁။ ဦးပြုံးအောင်(ခ)Smile ၂။ ဒေါ်သန္တာဦး(ဘ)ဦးထွန်းထွန်း **တရားပြိုင်များ**

အောင်လံမြို့နယ်၊ ဇေယျာဝတီရပ်ကွက်နေ တရားပြိုင်များဖြစ်သော (၁) ဦးပြုံးအောင်၊ (၂) ဒေါ်သန္တာဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် ဒေါ်အေးမြတ်အောင်က ယုံကြည်စွာအပ်နှံထားသော ငွေသိန်းတစ်ရာမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့် စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကလာရောက်ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ခင်ဇော်ဦး)**

မြို့နယ်တရားသူကြီး၊ အောင်လံမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၆၅၃၊ ဦးပိုင်အမှတ် ၃၈၊ ဧရိယာ ၄ ဒသမ ၅၀ဧကအနက်မှ မခွဲမစိတ်ရသေးသော ဥယျာဉ်ခြံမြေ ၀ ဒသမ ၂၅ဧကအား မူလပိုင်ရှင်ဖြစ်သူ ဦးသာအေး SRM-၀၄၈၁၆၉ (ဘ)ဦးမြသီး ကွယ်လွန်သွားသဖြင့် သားဖြစ်သူ ဦးထွန်းငွေ ၁၂/ကတန(နိုင်)၀၄၁၅၈၈၊ အမှတ် ၁၂၈၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ကျောက်တန်းမြို့နယ်နေထိုင်သူမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းထွန်း (ဘ)ဦးဝင်းထိန် ၉/မခန(နိုင်)၀၅၁၇၀၆ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါပစ္စည်းစာရင်း အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဥပဒေအရ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားများ မူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံ တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

ဒေါ်စန္ဒာစိုး LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၃၇)
တိုက် ၅၅၊ အခန်း ၁၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်

မွေးနေ့ဆုတောင်း

ကျေးဇူးကြီးမားသည့် မေမေဒေါ်ဥမ္မာလွင်ရဲ့ ၆-၂-၂၀၁၅ ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်ကျန်းမာစိတ်ချမ်းသာပြီး မိသားစုများနှင့် ပျော်ရွှင်စွာဘဝခရီးကို ဖြတ်သန်းနိုင်ပါစေ။

ချစ်သောကိုကြီးနှင့်သားကြီးစိုင်းဝင့်ထက်ကြွယ်
သားငယ်- ဖြိုးသုတကြွယ်

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃၃ယ/၅၇၄၆၇ အိုင်ဂျား၊ ယာဉ်လက်ဝယ်ရှိသူ ဦးအုံးဖေ ၁၃/ညရန(နိုင်)၀၄၈၆၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၈ယ/၁၂၆၅၇၊ Honda CBR 150 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၁၃/ပလန(နိုင်)၀၅၈၇၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံးခွဲ(အောင်ပန်း)**

ဦးသိန်းအောင် ၁၂/ဥကမ(နိုင်)၁၃၆၈၉၀ နှင့်အများသိစေရန်

ဦးသိန်းအောင် ၁၂/ဥကမ(နိုင်)၁၃၆၈၉၀ သည် ကျန်းမာရေးမကောင်းသဖြင့် ဆေးကုသရန် ငွေကြေးလိုအပ်ကြောင်း ကျွန်ုပ်မိတ်ဆွေအား မေတ္တာရပ်ခံအကူအညီတောင်းပြီး ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-တ/၄၁၊ မြေကွက်အမှတ် ၂၄၇/က၊ မိမိအမည်ပေါက်မြေချပါမစ်မူရင်းကို ကျွန်ုပ်မိတ်ဆွေအား ခေတ္တပေးအပ်ခဲ့ ကျွန်ုပ်မိတ်ဆွေထံမှ ငွေကျပ်သိန်း ၂၀ ကိုအလီလီရယူသွားခဲ့ပါသည်။ငွေယူပြီးနောက် ဦးသိန်းအောင်သည် ကျွန်ုပ်မိတ်ဆွေနှင့် အဆက်အသွယ်မလုပ်သည်မှာ (၂)နှစ်ခန့်ရှိပြီးဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် ဦးသိန်းအောင်၏ ဇနီးဒေါ်ကျွေနှင့် အဆက်အသွယ်ရသဖြင့် ဒေါ်ကျွေမှ ခင်ပွန်းဦးသိန်းအောင်သည် မိမိတို့နှင့်လည်း အဆက်အသွယ်မရှိကြောင်း သို့သော် ခင်ပွန်း ဦးသိန်းအောင် ယူသွားသော ငွေကိစ္စကို ၄င်းအနေဖြင့် ဖြေရှင်းပေးမည်ဖြစ်ကြောင်းနှင့် အဆိုပါ မြေချပါမစ်မူရင်းအား ၄င်းကို ပြန်လည်ပေးအပ်ရန် ညှိနှိုင်းမှုရရှိကြောင်း ထိုသို့ ဦးသိန်းအောင်၏ ဇနီးဒေါ်ကျွေနှင့် ကျွန်ုပ်မိတ်ဆွေတို့ ညှိနှိုင်းမှုအတွက် ကျွန်ုပ်မိတ်ဆွေတွင် တာဝန်မရှိကြောင်း နောက်နောင်ပြဿနာပေါ်ပေါက်လာပါက ဦးသိန်းအောင်နှင့်ဇနီးမိသားစု၏ တာဝန်သာဖြစ်ကြောင်း ဦးသိန်းအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းကြွယ် (ဝါးခယ်မ) အထက်တန်းရှေ့နေ (စဉ်-၄၁၀၉)
အမှတ်(၂၉)၊ ကြံခင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၈၅၃၇၀၉၂

သိပ္ပံပညာဆောင်းပါး

ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ လျှပ်စစ် အပိုင်း(၄)

သိပ္ပံစာရေးဆရာကိုကိုအောင်

ယခင်အပတ်မှအဆက်

(၁၂) အလတ်စားနှင့် ဗို့အားမြင့်လျှပ်စစ်တပ်ဆင်ခြင်း၊ ကိစ္စရပ်များ၌ မော်တာများ၊ လျှပ်ထုတ်စက်များ၊ လျှပ်တာပြောင်းကိရိယာများ၊ လျှပ်စစ်ထိန်းချုပ်ခြင်း သို့မဟုတ် ညှိခြင်းအတွက် အသုံးပြုသော ကိရိယာများ၊ ဗို့အားမြင့် ကောင်းကင်ဓာတ်ကြိုးတပ်ဆင်သည့် ဓာတ်တိုင်များအားလုံး၏ မြင်လွယ်သောနေရာများတွင် မြန်မာဘာသာဖြင့် အန္တရာယ်ဟူသော စာလုံးများ၊ ရေးသားထားသည့်သတိပေးကြော်ငြာကို အမြဲတမ်းချိတ်ဆွဲထားရမည်။

(၁၃) အကယ်၍ မော်တာလျှပ်ထုတ်စက်၊ လျှပ်တာပြောင်းကိရိယာနှင့် အခြားကိရိယာများကို အဆောက်အအုံတစ်ခုတည်းအတွင်း၌ တပ်ဆင်အသုံးပြုလျှင် အဆိုပါအဆောက်အအုံ၏ မြင်လွယ်သောနေရာတွင် မြန်မာဘာသာဖြင့် အန္တရာယ်ဟူသောစကားလုံးများ ရေးသားထားသည့် သတိပေးကြော်ငြာကို အမြဲတမ်းချိတ်ဆွဲထားရမည်။

(၁၄) မည်သည့်လျှပ်စစ်ဓာတ်ကြိုး၊ လျှပ်စစ်ကိရိယာများတွင်မဆို လျှပ်စစ်ဓာတ်အား ရှိ/မရှိ တိကျစွာ မသိခဲ့လျှင် လျှပ်စစ်ဓာတ်အားရှိသည်ဟုသာ မှတ်ယူရမည်။

လျှပ်စစ်စွမ်းအားနှင့် အီလက်ထရွန်နစ်ပညာ

လျှပ်စစ်ဓာတ်အားကို စတင်ထုတ်လုပ်ခဲ့စဉ်က လျှပ်စစ်စွမ်းအင်ကို အသုံးပြုခြင်းဖြင့် မီးအလင်းရောင်ရရှိရန်နှင့် မော်တာများလည်ပတ်ရန်အတွက်သာ အဓိကရည်ရွယ်ခဲ့ကြသော်လည်း ရေဒီယိုသိပ္ပံပညာ တိုးတက်ထွန်းကားလာမှုကြောင့် လျှပ်စစ်ဓာတ်အား အနည်းငယ်မျှသုံးစွဲရုံဖြင့် လုပ်ငန်းပမာဏများစွာ ပြီးမြောက်စေနိုင်သော အီလက်ထရွန်နစ်ပစ္စည်းများကို ဆက်လက်တီထွင်နိုင်ခဲ့ကြသည်။

အင်္ဂလိပ်လူမျိုး ဓာတုဗေဒနှင့်ရူပဗေဒပညာရှင် မိုက်ကယ်ဖာရာဒေးသည် ဒိုင်နမိုကိုတီထွင်ခဲ့ပြီး လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်ပေးနိုင်ခဲ့သည်။ ထို့ပြင် ဖာရာဒေးသည် လျှပ်စစ်ထရန်စဖော်မာကိုပါ တီထွင်ကြံဆပေးခဲ့ပြီး လျှပ်စစ်ဓာတ်အားပို့ဆောင်ဖြန့်ဖြူးခြင်းနှင့် ရယူသုံးစွဲခြင်း ခေတ်သစ်ကို ထူထောင်နိုင်ခဲ့သည်။

လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ခြင်းမရှိခဲ့သော်လည်း ကောင်းကင်တိမ်တိုက်များ၏ အောက်ခြေရှိ လျှပ်စစ်အမဓာတ်နှင့် မြေပြင်ရှိလျှပ်စစ်အဖိုဓာတ်တို့၏ သဘောသဘာဝကိုလေ့လာတွေ့ရှိခဲ့သော အမေရိကန်လူမျိုး စာရေးဆရာနှင့် သိပ္ပံပညာရှင်ဖြစ်သည့် ဘင့်ဂျမင်ဖရန်ကလင်သည်မိုးကြိုးလွှဲကို ဦးစွာတီထွင်အသုံးချနိုင်ခဲ့သည်။ အမေရိကန်လူမျိုး တီထွင်သူပညာရှင် ဆင်မြူရယ်ဖင်လီဗရိစ်မော့စ်ဆိုသူကလည်း ဒီစီလျှပ်စစ်ဓာတ်အားကို အသုံးပြုကာ သင်္ကေတဖြင့် သတင်းပို့ဆက်သွယ်နည်းကို တီထွင်ခဲ့သည်။ တီထွင်သူမော့စ်ကို ဂုဏ်ပြုသည့်အနေဖြင့် အဆိုပါ သတင်းပို့သင်္ကေတကို မော့စ်သင်္ကေတဟု ယနေ့ထက်တိုင် ခေါ်ဝေါ်သုံးစွဲနေကြဆဲဖြစ်သည်။

ယင်းနောက် အီတလီလူမျိုး ဂူဂလီမိုးမာကိုနီက ရေဒီယိုအချက်ပြစနစ်ကို လေထဲသို့လွှင့်ခြင်းနှင့် ကြိုးမဲ့ကြေးနန်းစက်ဖြင့် သတင်းပို့ခြင်းကိုတီထွင်ခဲ့ပြီး၊ ရေဒီယိုသိပ္ပံခေတ်ကို အစပျိုးခဲ့သည်။

တစ်ဖန် အမေရိကန်လူမျိုးသိပ္ပံပညာရှင် အလက်ဇန္ဒားဂရေဟမ်ဘဲလ်က ဒီစီလျှပ်စစ်ကိုပင် အသုံးပြုကာ စကားပြောကြေးနန်းခေါ် တယ်လီဖုန်းကိုအောင်မြင်စွာ စမ်းသပ်တီထွင်နိုင်ခဲ့သည်။

အထက်ပါတီထွင်သူပုဂ္ဂိုလ်များ၏ ကျေးဇူးကြောင့် ရေဒီယိုသိပ္ပံပညာရပ်များမှသည် အီလက်ထရွန်နစ် ပညာရပ်များဆီသို့ တဖြည်းဖြည်းချင်းကူးပြောင်းလာခဲ့သည်။ (၂၀)ရာစု၏ အလယ်ပိုင်းလွန်ကာလခန့်မှစ၍ အီလက်ထရွန်နစ် ပညာရပ်များ တိုးတက်ထွန်းကားလာခဲ့ပြီး အီလက်ထရွန်နစ်ဆိုင်ရာပစ္စည်းများဖြစ်သည့် ကက်ဆက်ရီကော်ဒါ၊ ရုပ်/သံဖမ်းစက်၊ ရုပ် /သံဖွင့်စက်၊ အိမ်သုံးနှင့် လုပ်ငန်းသုံးလျှပ်စစ်ပစ္စည်းများစွာတို့ကို ထုတ်လုပ်အသုံးပြုနိုင်ခဲ့ကြသည်။

(၂၀) ရာစု၏ နှောင်းပိုင်းတွင်မူ အီလက်ထရွန်နစ်နည်းပညာရပ်များ တစ်ဟုန်ထိုးပြောင်းလဲတိုးတက်လာခဲ့သည့်အတွက် လူ့အသုံးအဆောင် လျှပ်စစ်ပစ္စည်းများ၏ ထုတ်လုပ်မှုနည်းပညာများက ထူးခြားစွာမြင့်မားလာခဲ့သည်။

အီလက်ထရွန်နစ် နည်းပညာ၏ပြောင်းလဲတိုးတက်မှုပြယုဂ်တစ်ခုဖြစ်သော ကွန်ပျူတာများသည် ပညာရေး၊ စီးပွားရေး၊ လူထုဆက်သွယ်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးစသည့် လူသားအထောက်အကူပြု လုပ်ငန်းများအားလုံး၏ အဓိကနေရာများတွင် ဝင်ရောက်နေရာယူလျက်ရှိသည်။

အီလက်ထရွန်နစ် နည်းပညာရပ်များ မည်သို့ပင်ပြောင်းလဲတိုးတက်နေစေကာမူ အီလက်ထရွန်နစ်ပစ္စည်းများအားသုံးစွဲနိုင်ရန်၊ တစ်နည်းဆိုရသော် အီလက်ထရွန်နစ်ပစ္စည်းများကို အလုပ်လုပ်စေရန် အခြေခံအားဖြင့် လျှပ်စစ်ဓာတ်အားကို လိုအပ်သည်။ အီလက်ထရွန်နစ်ပစ္စည်းများ ပိုမိုများပြားလာလေ၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏလည်း ပိုမိုမြင့်တက်လာလေဖြစ်သည်။ မျက်မှောက်အီလက်ထရွန်နစ်ခေတ်တွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပမာဏမှာ ကိန်းဂဏန်းအားဖြင့် ပိုမိုကြီးမားလျက်ရှိသည်။

အီလက်ထရွန်နစ် ပစ္စည်းများ၏ အခြေခံလိုအပ်ချက်မှာ လျှပ်စစ်ဓာတ်အားပင်ဖြစ်သည့်အားလျော်စွာ ယနေ့မျက်မှောက် အီလက်ထရွန်နစ်ခေတ်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့ဆောင်ဖြန့်ဖြူးခြင်းနှင့် ရယူသုံးစွဲခြင်း နယ်ပယ်အသီးသီးတို့တွင် အန္တရာယ်ကင်းရှင်းရေးသည် အဓိက အခန်းကဏ္ဍ၌ ရှိနေသည်။ နောင်တွင်လည်း ယခုထက်ပို၍ ပြောင်းလဲတိုး တက်လာဦးမည်ဖြစ်ရာ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးသည် အနာဂတ် ကာလတွင်လည်း အရေး

ကြီး နေဦးမည်သာ ဖြစ်သည်။

အချုပ်အားဖြင့် လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်သုံးစွဲနေသရွေ့ ကာလပတ်လုံး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်အန္တရာယ်မှ ကြိုတင်ကာကွယ်ရေး အစီအမံများကို အစဉ်အမြဲ ဆောင်ရွက်နေကြရဦးမည်သာဖြစ်သည်။

လူတိုင်းသိရှိလိုက်နာရမည့်အချက်များ

လျှပ်စစ်အန္တရာယ်မှ အစဉ်ကင်းဝေးကြစေရန်အတွက် အောက်ပါယေဘုယျအချက်များကို လူတိုင်းသိရှိလိုက်နာကြရန် လိုအပ်သည်။

(၁) တစ်မြို့နှင့်တစ်မြို့ သွယ်တန်းထားသော ဗို့အား (၂၃၀၀၀၀) ရှိသည့် ဓာတ်အားလိုင်းကြီးများ၏ ထောက်တိုင်များအပေါ် တက်ရောက်ခြင်း၊ အနီးအနားတွင် နားနေခြင်း၊ ကျွဲ/နွား ကျောင်းခြင်းများ မပြုလုပ်ရ။

(၂) အဆိုပါ ဓာတ်အားလိုင်းကြီးကြီးများအောက်တွင် ၁၀ပေ ထက်မြင့်သောအပင်များ စိုက်ပျိုးခြင်း၊ ကောက်လှိုင်းပုံခြင်းများ မပြုလုပ်ရ။

(၃) သစ်ကိုင်းများ ဓာတ်ကြိုးများကို ထိနေလျှင် လည်းကောင်း၊ ဓာတ်ကြိုးပေါ်ပြုတ်ကျနေလျှင်လည်းကောင်း နီးစပ်ရာလျှပ်စစ်ဌာနသို့ အမြန်ဆုံးအကြောင်းကြားပါ။

(၄) ဓာတ်ကြိုးများပြတ်ကျနေလျှင်ထိခြင်း၊ ကိုင်ခြင်း လုံးဝ မပြုဘဲနီးစပ်ရာလျှပ်စစ်ဌာနသို့ ချက်ချင်းအကြောင်းကြားပါ။

(၅) ဓာတ်တိုင်များအပေါ်သို့ မည်သည့်အကြောင်းနှင့်မျှ တက်ရောက်ခြင်းမပြုရ။

(၆) ဓာတ်တိုင်များယိုင်နဲ့နေသည်ကိုတွေ့ရှိရပါက နီးစပ်ရာ လျှပ်စစ်ဌာနသို့ အမြန်ဆုံးအကြောင်းကြားပါ။

(၇) ဓာတ်တိုင်မှ အိမ်သို့သွယ်တန်းထားသောဓာတ်ကြိုး ပေါက်ပြဲနေသည်ကိုတွေ့လျှင် နီးစပ်ရာ လျှပ်စစ်ဌာနသို့ ချက်ချင်း အကြောင်းကြားပါ။

(၈) ဓာတ်တိုင်ထိန်းကြိုးများကို လှုပ်ယမ်းဆွဲခါခြင်း မပြုလုပ်ရ။

(၉) ဓာတ်ကြိုးသွယ်တန်းထားသည့် တိုင်များတွင် သွပ်နန်းကြိုးများရစ်ပတ်၍ အဝတ်လှန်းခြင်း၊ ဟင်းသီးဟင်းရွက်နှင့် အသားငါးများချိတ်ဆွဲ၍ အခြောက်လှန်းခြင်း မပြုလုပ်ရ။

(၁၀) လျှပ်စစ်ဓာတ်အားသုံး ပစ္စည်းကိရိယာများ ချွတ်ယွင်းခြင်း၊ ဆက်သွယ်မှုဝိုင်ယာများချွတ်ယွင်းပျက်စီးခြင်း၊ လျှပ်စစ်ဆိုင်ရာ ခလုတ်၊ ခေါင်း၊ ပင်၊ ပလပ် စသည်တို့ကွဲအက်ပျက်စီးနေခြင်းများဖြစ်ပေါ်ပါက ကျွမ်းကျင်သူ လျှပ်စစ်လုပ်သားကို ခေါ်ယူ၍ အမြန်လဲလှယ်ပါ။

(၁၁) သာမန်နှစ်ပင်လိမ် ဝိုင်ယာကြိုးပျော့များဖြင့် အဆင့်ဆင့်သွယ်တန်းခြင်း၊ အလှမ်းကွာဝေးရာနေရာသို့ သွယ်တန်းယူခြင်း မပြုလုပ်ရ။

(၁၂) လျှပ်စစ်ကိရိယာများကို မြေစိုက်ကြိုးဖြင့် ဆက်သွယ်တပ်ဆင်သုံးစွဲပါ။ မြေစိုက်ကြိုးကို ပန်းအိုးအောက်ခြေနှင့် ဖိ၍လည်းကောင်း၊ ရေတိုင်ကီနှင့် ပူးကပ်၍လည်းကောင်း၊ ရေစုပ်ပိုက်နှင့်ပူးကပ်၍လည်းကောင်း သုံးစွဲခြင်းမပြုရ။

(၁၃) လျှပ်စစ်ဆိုင်ရာ ဆက်သွယ်တပ်ဆင်မှု ကိရိယာများကို ကလေးငယ်များ ဆော့ကစားခြင်း မပြုမိစေရန် အထူးဂရုစိုက် ထိန်းသိမ်းပါ။

(၁၄) လျှပ်စစ်ဌာနမှ တပ်ဆင်ထားသော ဝိုင်ယာကြိုးနှင့် မီတာပုံးများကို မိမိသဘောဖြင့် ရွှေ့ပြောင်းတပ်ဆင်ခြင်း မပြုရ။

(၁၅) ဓာတ်တိုင်မှ ဓာတ်အားလိုင်းကြီးများကို ခွ၍ မီးထွန်းခြင်း၊ အခြားတစ်နေရာသို့ မိမိသဘောဖြင့် သွယ်တန်းခြင်း မပြုလုပ်ရ။

(၁၆) လျှပ်စစ်ဓာတ်အားကို တစ်အိမ်မှတစ်အိမ် ထပ်ဆင့် သွယ်တန်းသုံးစွဲခြင်း မပြုရ။

လူတိုင်းကိုယ်စီတာဝန်ရှိသည်

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရယူသုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များသည် လူအများနှင့်သက်ဆိုင်သော အရေးကြီးသည့်ကိစ္စရပ်များဖြစ်သည်။ သို့ဖြစ်ရာ လျှပ်စစ်အန္တရာယ်မှကင်းဝေးစေရေးအတွက် သိရှိထားရမည့်အချက်များ၊ လိုက်နာဆောင်ရွက်ရန်ကိစ္စများ၊ ကြိုတင်ကာကွယ်ရန် အစီအမံများအားလုံးသည် လျစ်လျူရှုထား၍ မရနိုင်သော အရာများဖြစ်ပြီး လူသားအားလုံးနှင့်လည်း သက်ဆိုင်နေသော ကိစ္စရပ်များဖြစ်ကြသည်။

တစ်ဦးတစ်ယောက်ချင်းအနေဖြင့်လည်း တိုက်ရိုက်သက်ဆိုင်နေသလို. . .

လူ့အဖွဲ့အစည်းတစ်ရပ်လုံး အနေဖြင့်လည်း တိုက်ရိုက်ပင် သက်ဆိုင်နေသည်။ လျှပ်စစ်အန္တရာယ်မှ အစဉ်ကင်းဝေးကြစေရေးအတွက် တစ်ဦးတစ်ယောက်ချင်းအားဖြင့်လည်း ဂရုပြုကြရမည်ဖြစ်သလို . . လူ့အဖွဲ့အစည်းတစ်ရပ်လုံးအနေဖြင့်လည်း ဂရုပြုအလေးထားကြရမည်ဖြစ်သည်။

မိမိတစ်ဦးတည်းနှင့်ဆိုင်သော လျှပ်စစ်အန္တရာယ်ကိုလည်း ကာကွယ်ရမည်။ လူအများနှင့်သက်ဆိုင်သော လျှပ်စစ်အန္တရာယ်ကိုလည်း ဝိုင်းဝန်းကာကွယ်ရမည်။ လျှပ်စစ်အန္တရာယ်မှ ကာကွယ်ရန်အတွက် လူတိုင်းတွင် တာဝန်ကိုယ်စီ အသီးသီးရှိကြသည်။ လူသားတို့ကို အကျိုးပြုစေရန်အတွက် တီထွင်ထုတ်လုပ်ခဲ့သော လျှပ်စစ်ဓာတ်အားကို လူသားတို့က အကျိုးရှိစွာ အသုံးချရမည်။

ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ လျှပ်စစ်သည် ကျွန်ုပ်တို့အားလုံး၏ မိတ်ဆွေဖြစ်ရမည်။

"လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရယူသုံးစွဲခြင်းဆိုင်ရာ ကိစ္စရပ်များသည် လူအများနှင့်သက်ဆိုင်သော အရေးကြီးသည့်ကိစ္စရပ်များဖြစ်"

ပြည်တွင်းသတင်း

ပူတာအိုတွင် ၃၀၀ ကေဗွီအေ မီးစက်အသစ်ဖြင့် တိုးချဲ့ဓာတ်အား စတင်ဖြန့်ဖြူး

ပူတာအို ဖေဖော်ဝါရီ ၁၁

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ၃၀၀ ကေဗွီအေ CATER PILLAR မီးစက်အသစ်ကြီးဖြင့် စတင်တိုးချဲ့ဓာတ်အားပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် ညနေ ၆ နာရီတွင် ပူတာအိုမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးဝင်း၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ၃၀၀ ကေဗွီအေ မီးစက်အသစ်ကြီးအား မိန်းခလုတ်နှိပ်၍ စတင်မောင်းနှင်ဓာတ်အားပို့လွှတ်ပေးခဲ့သည်။

ပူတာအိုမြို့တွင် ယခင်က ၃၀၀ ကေဗွီအေမီးစက်(အဟောင်း)ဖြင့် ကောင်တစ်ထောင်နှင့် မြို့မရပ်ကွက်နှစ်ခုကိုသာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ယခုအခါ ၃၀၀ ကေဗွီအေ မီးစက်အသစ်ကြီးဖြင့် လုံးစွတ်၊ လေယာဉ်ကွင်း၊ ဟိုခို၊ ပန်းလှိုင်ရပ်ကွက်များသို့ ညစဉ် ၂ နာရီ ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ ထို့

အပြင် နမ့်ထွမ်ချောင်းရေအားလျှပ်စစ်စက်ရုံမှ ယခင်က ၁၀၀ ကေဗွီအေစက်နှစ်လုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ယခုအခါ နမ့်ထွမ်ချောင်းရေနည်းလာခြင်းကြောင့် စက်တစ်လုံးဖြင့်သာ ဖြန့်ဖြူးပေးနိုင်တော့သဖြင့် ၃၀၀ ကေဗွီအေမီးစက်နှစ်လုံး ကူမောင်းနှင်ပြီး ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ပူတာအိုမြို့တွင် ယခင်က ၃၀၀ ကေဗွီအေနှင့် ၆၄ ကေဗွီအေမီးစက်နှစ်လုံးသာရှိခဲ့ရာမှ ယခုနှစ်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (ရုံးချုပ်)မှ ၃၀၀ ကေဗွီ အေ CATER PILLAR အမျိုးအစား မီးစက်တစ်လုံးနှင့် ၃၄၀ ကေဗွီအေ Volvo အမျိုးအစားမီးစက်တစ်လုံးတို့ကို ထပ်မံပေးပို့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်

စလင်း ဖေဖော်ဝါရီ ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သည့် ကူတို-ဖောင်းလင်းကျောက်ချောလမ်း တစ်မိုင်ခင်းခြင်း ခွင့်ပြုငွေကျပ် ၄၆ ဒသမ ၈၅ သန်း၊ ကြက်သကိုင်-ဒါးဆွယ်ကန်- သနပ်ကုန်းလမ်းခွင့်ပြုရန်ပုံငွေကျပ် ၃၃ သန်း၊ စီးယာအုတ်ရိုးခံသစ်သားတံတား ပေ ၆၀ကို ခွင့်ပြုရန်ပုံငွေကျပ် ၂၇ သန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

မုဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနမှ မိုးပွင့်အထူး စီမံချက်ဖြင့် မုဒုံမြို့တောင်ပိုင်း တောင်ပကျေးရွာတွင် ဖေဖော်ဝါရီ ပထမပတ်က ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ဦးစီးမှူး ဦးတင့်အောင်နှင့် ဝန်ထမ်းများက နိုင်ငံသားမှတ်ပုံတင်မပြုလုပ်ရသေးသူများအား စိစစ်ဆောင်ရွက်ပေးစဉ်။ မုဒုံမောင်မောင်

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု တံတားနှင့်လမ်းများဖွင့်

လိပ်သိုမြို့

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုမြို့ ပုတ်သင်နှင့်ဟယ်ဒိုးရွာအကြားရှိ ကျေးလက်မြေသားလမ်းပေါ်တွင် သံကူကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်ကကျင်းပရာ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစောဂျေအေဝင်းမြင့်၊ တောင်ငူသာသနာဂိုဏ်းချုပ်ဆရာတော်နှင့် လိပ်သိုကျောင်းထိုင်ဘုန်းတော်ကြီးတို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ တံတားသစ်မှာ အလျား ၇၅ ပေ၊ အမြင့် ၁၂ ပေနှင့် အကျယ် ၁၆ပေရှိ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ငွေကျပ်သိန်း ၇၅၀ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တပ်ကုန်းမြို့

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်းမှ ကျားသေအိုင်ကျေးရွာသို့ဆက်သွယ်ထားသော ပေ ၇၉၂၀၊ အကျယ် ၁၀ ပေရှိ ကျောက်ချောလမ်းသစ်နှင့် ရန်ကုန်- မန္တလေးလမ်းဟောင်းမှ နွယ်ရစ်ကျေးရွာသို့ ဆက်သွယ်ထားသော ပေ ၇၉၂၀၊ အကျယ် ၁၀ ပေရှိ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်က ကျေးရွာကျောက်ချောလမ်းသစ်၌ ကျင်းပရာ မြို့နယ်တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ခဲ့သည်။ ကျောက်ချောလမ်းနှင့်ကတ္တရာလမ်းသစ် အဆင့်မြှင့်တင်ပေးခြင်းကြောင့် ကျားသေအိုင်၊ နွယ်ရစ်၊ ဇရပ်ကြီးကုန်း၊ လေးအိမ်စုကျေးရွာများမှ ပြည်သူများအဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်သည်။ **(၄၁၇)**

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား DDP မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

(a) Tender No.1/HPGE/15-16 (11/11kV Isolating Transformer များနှင့် 11/0.4kV Transformer ဝယ်ယူခြင်း)
(b) Tender No.2/HPGE/15-16 (Chiller Compressor များဝယ်ယူခြင်း)
(c) Tender No.3/HPGE/15-16 (11kV VCB with Pannel များဝယ်ယူခြင်း)
(d) Tender No.4/HPGE/15-16 (230,132,66,33kV L.A များ ဝယ်ယူခြင်း)
(e) Tender No.5/HPGE/15-16 (Micom Relay များဝယ်ယူခြင်း)
(f) Tender No.6/HPGE/15-16 (132,66kV V.T & C.VT များဝယ်ယူခြင်း)
(h) Tender No.7/HPGE/15-16 (Power Cable & Control Cable များ ဝယ်ယူခြင်း)
(i) Tender No.8/HPGE/15-16 (Bearing & Carbon brush များဝယ်ယူခြင်း)
(j) Tender No.9/HPGE/15-16 (ပေါင်းလောင်းစက်ရုံ စက်အရန်ပစ္စည်းများ ဝယ်ယူခြင်း)
(k) Tender No.10/HPGE/15-16 (ရဲနွယ်စက်ရုံစက်အရန်ပစ္စည်းများ ဝယ်ယူခြင်း)
(l) Tender No.11/HPGE/15-16 (ရဲရွာစက်ရုံ စက်အရန်ပစ္စည်းများ ဝယ်ယူခြင်း)
(m) Tender No.12/HPGE/15-16 (ကွန်းချောင်းစက်ရုံ စက်အရန်ပစ္စည်းများ ဝယ်ယူခြင်း)
(n) Tender No.13/HPGE/15-16 (ဖြူးချောင်းစက်ရုံ စက်အရန်ပစ္စည်းများ ဝယ်ယူခြင်း)

၂။ Tender No.1 မှ 13 အထိ တင်ဒါပိတ်ရက်မှာ ၁၂-၃-၂၀၁၅ရက် ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက် စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၂၇၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၂၉၆၊ ၄၁၀၅၃၈

ဂဝံခဲ၊ ဂဝံမှုန့်ဈေးနှုန်းချိုသာစွာရောင်းရန်ရှိသည်။
ဆက်သွယ်ရန်-
ဖုန်း-၀၉-၅၁၆၄၄၃၀၊ ၀၉-၃၁၃၁၀၁၈၇
၀၉-၄၂၀၂၁၄၅၀၀၊ ၀၉-၇၃၁၈၀၅၄၂

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းစက်ရုံများမှ ထုတ်ကုန်ပစ္စည်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါသည်-
၂။ **ရောင်းချမည့်ပစ္စည်းမှာ** - ချည်မျှင်များ၊ ပိတ်ကြမ်းများ၊ အဖြူချွတ်ဆေးဆိုး၊ ပန်းရိုက်ပိတ်များ၊ ကျားဝတ် ချုပ်ထည်များ၊ မဝတ်ချုပ်ထည်များ၊ သက်နှင်းဒွိစုံအမျိုးမျိုး၊ အသင့်ချုပ်ပြီး နိုင်ငံတော်အလံ အမျိုးမျိုးနှင့် အခြားချုပ်ထည်များ၊ အလေအလွင့်ပစ္စည်းများ
၃။ **ဈေးပြိုင်ရောင်းချမည့်ရက်** - ၁၇-၂-၂၀၁၅ ရက် (အင်္ဂါနေ့)
၄။ **ဈေးပြိုင်ရောင်းချမည့်အချိန်** - နံနက် ၉း၀၀ နာရီ
၅။ **ဈေးပြိုင်ရောင်းချမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်
၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃၊ ၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆၊ ၀၁-၆၆၀၄၁၀၀တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အထည်အလိပ်လုပ်ငန်း

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/က၊ လေဆိပ်ဝန်းကျင်စီမံကိန်း)၊ မြေကွက်အမှတ်(၁၉၈/က)၊ ဧရိယာ ၀ဒသမ ၀၂၄ ဧကသည့် နှစ်၆၀မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်နှင်းရွှေ ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ်(၅၀/၂၀၁၅)တင်ပြ၍ ဦးစိုင်းစမ်လင်း ၁၃/မရန(နိုင်)၀၀၀၀၁၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း)အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ)၊ မြေကွက်အမှတ် (၄၁)၊ ဧရိယာ ၀ ဒသမ ၅၃၃ ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးအောင်ဝင်း (ခ) အိမ်ဟိုက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် (၁၅၀/၂၀၁၅) တင်ပြ၍ ဦးဇော်ဝင်း ၉/မရမ(နိုင်)၀၀၁၆၂၄ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

(၇၁)ကြိမ်မြောက် စာပြန်ပွဲ၊ ဂုဏ်ပြုပွဲ နှင့် စာအောင်ဆုနှင်းသဘင် ကျင်းပမည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်ကြီး၌ (၇၁)ကြိမ်မြောက် သဒ္ဓမ္မဓဇ အာဂမ+သဘာဝ နှစ်ဌာန စာပြန်ပွဲကို ၁၅-၂-၂၀၁၅ မှ ၂၁-၂-၂၀၁၅ အထိ ကျင်းပမည်ဖြစ်ပြီး ပခုက္ကူသာမဏေကျော်ဘွဲ့နှင့် သထုံရွှေပါရမီသာမဏေကျော်ဘွဲ့ရ ဆရာလေး(၁)ပါးနှင့် သာသနာ့ဓဇမ္မာစရိယဘွဲ့ရ ဆရာလေး(၈)ပါးတို့အား ဂုဏ်ပြုပွဲနှင့် စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ၂၂-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁း၃၀နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ ဒါယိကာမများကိုယ်တိုင်ကြွရောက်ကြည်ညိုသဒ္ဓါပွားများကြပါရန် မေတ္တာရှေ့ထားဖိတ်ကြားအပ်ပါသည်။

စာပြန်ပွဲဖြစ်မြောက်ရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ်(၃၇၈)၊ မြေကွက်တည်နေရာအမှတ် (၃၇၈)၊ နီလာ (၁)လမ်း၊ ဒေါ်အမာကြည် အေဒီ ၀၄၂၄၇၀ နှင့် ဦးတင်ထွဋ် အေဒီ ၀၄၂၄၆၈ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား နှစ်ဦးအနက် အမည်ပေါက် ဦးတင်ထွဋ် ကွယ်လွန်သဖြင့် ဇနီးဒေါ်စန်းစန်းညွန့် ၁၂/ဥကမ(နိုင်)၀၀၇၀၁၄ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာသေစာရင်းတို့တင်ပြ၍ ခင်ပွန်းဦးတင်ထွဋ်အစုအတွက် ကျန်ပူးတွဲအမည်ပေါက် ဒေါ်အမာကြည်နှင့်ပူးတွဲ၍ ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၉၃၅၈/၁၄) (၂၉၃၅၇/၁၄)ဖြင့်ရရှိသူ ဦးယဉ်ထွေး ၁၂/မရက(နိုင်)၀၀၉၇၄၀ က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

"မော်တော်ကားနည်းပညာ ဒီပလိုမာအတွက် သင်တန်းသားခေါ်ယူခြင်း"

GLORY နှင့် OIST တို့ပူးပေါင်း၍ Third Class Automotive Engineering
သင်တန်းအမျိုးအစား - Automotive Engineering Diploma (Class -3)
သင်တန်းကာလ - One Year (တစ်နှစ်)
သင်တန်းဖွင့်မည့်ရက် - 27.4.2015 နှင့် 25.5.2015
Okayama
Scholarship
GLORY
09-73121717, 09-5197817 www.glory-education.com

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ မြေကွက်အမှတ် ၁၆၅၊ မြေကွက်တည်နေရာအမှတ် ၁၆၅၊ ပညာတန်ဆောင်(၁)လမ်း၊ ၄၃ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်စန်းစန်းဝေ BI-၀၀၉၅၇၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းစန်းဝေ အပေါ် ဦးရာဇာအုပ်မှ တရားလိုပြု၍စွဲဆိုသော ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၁၆၃/၁၄၏ ၂၇-၁၁-၂၀၁၄ရက်စွဲပါ စီရင်ချက်၊ တရားမဇာရီမှုအမှတ် ၁၃၇/၂၀၁၄ ၏ တရားရုံး နေ့စဉ်မှတ်တမ်းနှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ အမည်ပေါက် ဒေါ်စန်းစန်းဝေ(တရားရုံး)ကိုယ်စား ဘီလစ်ဒေါ်လှဲ့လှဲ့ခိုင် ၁၃/တတန(နိုင်)၀၀၃၄၁၉ မှ အရောင်းမြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြေးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အမှတ်(NR-၂၄၃)နေ ဒေါ်နော်ရိစီလင်း၏ မြေးဖြစ်သူ မောင်ကံကောင်း(ခ)မောင်ချမ်းမြေ့ဦး ၁/မကန(နိုင်)၁၅၄၀၃၄ သည် အဘွားဖြစ်သူ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အဘွားဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်နော်ရိစီလင်း ၁/မကန(နိုင်)၀၁၈၅၃၄

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ အိမ်အမှတ်(၂၆၃)နေ ဦးစောန့်ဘမောင်နှင့် (ဒေါ်စွဲ့ထွန်းဟွမ်)တို့၏ ဒုတိယသား ဦးစောန့်ဝင်းလှိုင်ကျော် ၁/မကန(နိုင်)၀၀၅၇၇၂ သည် ဖခင်နှင့် ညီအစ်ကိုမောင်နှမများအပေါ် အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့သောကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှ အားလုံး(လုံးဝ)တာဝန်မယူပါ။

ဖခင်-ဦးစောန့်ဘမောင်

ကြော်ငြာ

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
၂၀၁၅ ခုနှစ် (၆၈) နှစ်မြောက်
ပြည်ထောင်စုနေ့ကို
ဂုဏ်ပြုကြိုဆိုသောအားဖြင့်
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏
မိုဘိုင်းဖုန်းအားလုံးအတွက်
၁၂-၂-၂၀၁၅ ရက်နေ့တွင်
ဖုန်းငွေဖြည့်ပြီး
ထပ်ဆောင်း
အပိုဆု
၂၀%
ရယူပါ
၁၀၀၀ ကျပ်လျှင် ၂၀၀ ကျပ် အပိုဆု
၃၀၀၀ ကျပ်လျှင် ၆၀၀ ကျပ် အပိုဆု
၅၀၀၀ ကျပ်လျှင် ၁၀၀၀ ကျပ် အပိုဆု
၁၀၀၀၀ ကျပ်လျှင် ၂၀၀၀ ကျပ် အပိုဆု
၂၀၀၀၀ ကျပ်လျှင် ၄၀၀၀ ကျပ် အပိုဆု
၃၀၀၀၀ ကျပ်လျှင် ၆၀၀၀ ကျပ် အပိုဆု
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် (၁၂ - ၂ - ၂၀၁၅) ရက်နေ့ (၀၀ း ၀၀ း ၀၁ နာရီမှ ၂၃ း ၅၉ း ၅၉ နာရီထိ) MPT ဖုန်းငွေဖြည့်သွင်းသူတိုင်းအားထပ်ဆောင်းအပိုဆု ၂၀% ဖြည့်သွင်းပေးသွားပါမည်။
- ထပ်ဆောင်းအပိုဆုကို မည်သည့်နံပါတ်သို့မဆို ဖုန်းခေါ်ဆိုခြင်း၊ SMS ပေးပို့ခြင်း၊ အင်တာနက်အသုံးပြုခြင်း၊ ပြည်ပနိုင်ငံများသို့ ဖုန်းခေါ်ဆိုခြင်းများအတွက် အသုံးပြုနိုင်ပါသည်။
- ထပ်ဆောင်းအပိုဆု၏သက်တမ်းမှာ (၇) ရက်ကြာမြင့်မည်ဖြစ်ပါသည်။ (၁၂-၂-၂၀၁၅ မှ ၁၉-၂-၂၀၁၅ ထိ)
- စည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက www.mpt.com.mm တွင်ဝင်ရောက်လေ့လာနိုင်ပါသည်။
CALL CENTER 106
call free 24 hours everyday
For more information & detailed terms and conditions :
http://www.mpt.com.mm
https://facebook.com/mptofficialpage

THE BMW 7 SERIES AND BMW 5 SERIES.

The perfect expression of elegance and power rarely comes with an irresistible offer that thrills the heart.

For a limited time, **receive exclusive deals on BMW ASEAN Summit programme cars** included 3 years Warranty and 3 years Maintenance Service package.

Enjoy preferential rates until stock available.
BMW 7 SERIES SAVE OVER 86,000 US DOLLAR
BMW 5 SERIES SAVE OVER 50,000 US DOLLAR

Visit Prestige Automobiles or call +95 (1) 230 6133 to reserve your test drive today.

PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.

Prestige Automobiles Co.,Ltd: #485, Corner of Pyay Road and Namattaw Street, Kamayut Township, Yangon, Myanmar.
Tel: +95 (1) 2306133 **Service Hotline:** +95 (1) 2306144 **Email:** info@pac-bmw.com **Website:** www.bmwmyanmar.com **Facebook:** www.facebook.com/BMWPAC

ကြော်ငြာ

GOLDEN CITY
GOLDEN CITY CONDOMINIUM Phase 2
14th February
စတင်ဖွင့်လှစ်ခြင်း အခမ်းအနား
အခန်းများကို ကြိုတင်စာရင်းပေးသွင်းခြင်းဖြင့် မိမိချစ်ခင်ရသူနှင့်အတူ Maldives (or) Korea
သို့ သွားရောက်လည်ပတ်နိုင်မည့် ပျော်ရွှင်စရာ အထူးအခွင့်အရေး
GOLDEN CITY Show Gallery သို့ ကြွရောက်လာကြသော ဧည့်သည်တော်၊ မိတ်ဆွေများအားလုံး လက်ဆောင်များ ပေးအပ်သွားပါမည်။
လစဉ်အနည်းဆုံး ကျပ်ငွေ (၂၄)သိန်း ပေးသွင်းရုံဖြင့်
နိုင်ငံတကာအဆင့်မှီ ကွန်ဒိုကိုပိုင်ဆိုင်ဖို့ အခွင့်အလမ်းပေါ်ထွက်လာပါပြီ
အတိုးမရှိသော (၄၈)လ အရစ်ကျငွေပေးချေမှုစနစ်
Hotline: +95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar Website: www.glredcl.com
Developer: Golden Land Real Estate Development Co., Ltd.

ကြော်ငြာ

ဖခင်အမည်မှန်

ရွှေညောင်မြို့၊ အထက(၉)၊ အဋ္ဌမတန်း (က)မှ မောင်ဇင်လင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဆွေ ဖြစ်ပါကြောင်း။

ဦးဝင်းဆွေ

တစ်ဦးတည်းဖြစ်ပါကြောင်း

၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် မောင်လှဦး၏ ဖခင်မှာ ဦးဟိန်းနှင့် ဦးဟုန် ၁၃/တကန(နိုင်)၁၅၀၈၆၅ တစ်ဦးတည်းဖြစ်ပါကြောင်း။

SIM CARD ဝယ်မည်

73** - 90000
49** - 160000
86** - 130000

ဖုန်း-၀၉-၅၀၉၂၆၆၆

(၂၆)နှစ်မြောက် ရတုမင်္ဂလာမှ ရွှေရတု၊ စိန်ရတုတိုင်အောင် မင်္ဂလာဆုတောင်း

ချစ်ဒယ်ဒီ ဦးဝင်းနိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊ မန္တလေးခရိုင် သစ်တောဦးစီးဌာန)၊ ချစ်မာမီ ဒေါ်ခင်မိုးမြင့် (J.A.T၊ အထက-၄၊ ဗိုလ်တထောင်) (ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့)တို့၏ ၁၂-၂-၂၀၁၅ရက်တွင်ကျရောက်သည့် (၂၆)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ပေါင်းများစွာကို သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် သားတို့ သမီးတို့နှင့်အတူ ပျော်ရွှင်နိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ချစ်သားကြီး - ဒေါက်တာဖြိုးမောင်မောင် M.B.,B.S(Ygn) Product Manager(Sandar Myaing Co.Ltd.)

ချစ်သမီးငယ် - မဖြိုးအိဝင်းအောင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(နောက်ဆုံးနှစ်)

"မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ"

ကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်မြင့် (ပိန်းဖလုပ်)၏ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်ပြည့်မွေးနေ့မှသည် နှောင်နှစ်ပေါင်း များ စွာတိုင်အောင် [illegible] ကျန်းမာခြင်း နှင့်ပြည့်စုံ၍ အသက်ရာကျော်ရှည်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သ အပ် ပါသည်။

ချစ်သောသား၊ သမီးများ
- Dr မြင့်ဦး(မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး) သံတောင်ကြီးမြို့နယ် မြည်သူ့ဆေးရုံ
- ဒေါ်ညီညီ (နိုက်တင်ဂေးအထွေထွေကုဆေးခန်း) + ဦးကျော်မင်းထွန်း (Mascot Co.,Ltd)
- ဒေါ်ဥမ္မာတင် + ဦးညီညီလွင် (B.Sc (phy)- Hons)
- ဒေါ်သီလွင် (M.Sc (chem)) + ဦးစိုင်းဦး

ချစ်သောမြေးများ
- မဖူးပွင့်ခင် (LLB (law))
- မောင်ထူးထူးအောင်လင်း (Grade-11)
- မမြသီတာနံချယ် (Grade-2)

B.A (EPP) ကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲ

B.A (EPP) 1st Batch မှ 11th Batch အထိ ကျောင်းသား ကျောင်းသူများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၈-၃-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉:၀၀ နာရီ
နေရာ - အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်၊ တောင်ငူဆောင်

အလှူငွေထည့်လိုပါက

နေရီလင်း	ဖုန်း-၀၉-၅၁၈၅၈၇၇	မိုးပြည့်ကျော်	ဖုန်း-၀၉-၂၁၃၂၄၈၆
မြတ်ဆုတင်	ဖုန်း-၀၉-၄၂၀၀၂၉၈၆၂	ခင်မြတ်မွန်	ဖုန်း-၀၉-၅၀၅၃၇၆၇

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၉၇)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် (၁၃၇၆/၁၃၇၇) (၂၀၁၅)

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ယခုလာမည့် (၁၃၇၆-၇၇)ခု၊ တန်ခူးလဆန်း ၁၀ရက် ၂၉-၃-၂၀၁၅ရက် တနင်္ဂနွေနေ့မှ တန်ခူးလပြည့်ကျော် ၄ရက် ၇-၄-၂၀၁၅ရက် အင်္ဂါနေ့အထိ ၁၀ရက်တိုင်တိုင် ကျင်းပပါမည်။

ပျော်ပွဲရွှင်ပွဲအတွက် မြေနေရာများကို ၂၇-၂-၂၀၁၅ရက် သောကြာနေ့တွင်လည်းကောင်း၊ ဈေးဆိုင်နေရာများကို ၁၅-၃-၂၀၁၅ရက် တနင်္ဂနွေနေ့တွင်လည်းကောင်း နံနက် ၁၀ နာရီတွင် ဂေါပကအဖွဲ့ရုံး၌ လေလံတင်ရောင်းချပါမည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ဖုန်း-၀၅၂-၂၁၀၆၈၊ ၀၅၂-၂၄၂၅၅

ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား၊ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ၁၃၇၆ခုနှစ် တပေါင်းလဆန်း(၁၁)ရက်မှ တပေါင်းလပြည့်ကျော်(၁)ရက်အထိ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်မှ မတ်လ ၅ရက်အထိ ဘုရားတပေါင်းပွဲကွင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး (တပေါင်းလဆန်း ၁၄ရက်) ၂၀၁၅ခုနှစ်၊ မတ် ၃ရက်တွင် ပဉ္စမအကြိမ်မြောက် ဓနုတိုင်းရင်းသားများ ဆုံစည်းရာနေ့၌ ဆွမ်းဆန်စိမ်းနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ဓနုတိုင်းရင်းသားများ ဓလေ့ထုံးစံအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများ လာရောက်လည်ပတ်နိုင်ပါရန်နှင့် ဈေးဆိုင်ခန်းများအတွက် လာရောက်ဆက်သွယ်လိုပါက ဓနုဒေသဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးဇော်ခင် ဖုန်း-၀၉-၂၅၀၁၃၂၄၃၂ နှင့် ၀၈၁-၆၆၀၀၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း။

ရွှေဥမင်ဘုရားတပေါင်းပွဲတော်ကျင်းပရေးဦးစီးကော်မတီ၊ ပင်းတယမြို့

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပင်းတယမြို့နယ်၊ ဈေးတန်းရပ်ကွက်၊ အိမ်အမှတ်(၁၅၂)နေ (ဦးလူအေး)- ဒေါ်နန်းငွေးတို့၏သမီး မခင်စန်းအေး ၁၃/ပတယ(နိုင်)၀၀၃၉၆၂ သည် မိဘအပေါ် အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့သည့်အပြင် မိဘဆွေမျိုးတို့၏ ဆုံးမစကားကို လုံးဝနာခံခြင်းမရှိဘဲ သူမ၏ဆန္ဒသဘောအလျောက် ပြုမူသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သူမနှင့်ပတ်သက်သောကိစ္စမှန်သမျှအားလုံး (လုံးဝ) တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်နန်းငွေး

ဆရာခန့် ၏

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၁၂၂)၊ မြေကွက်တည်နေရာအမှတ်(၁၂၂)၊ (၃)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ [ဦးထွန်းရီ ၁၂/ဒပန(နိုင်)၀၁၈၇၁၅]-ဒေါ်နှင်းမြ ၁၂/ဒပန(နိုင်)၀၁၈၀၇၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးထွန်းရီ(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏အစုအား တစ်ဦးတည်းသောဇနီး ဒေါ်အုန်းကြွယ် ၁၂/ဒပန(နိုင်)၀၁၇၁၉၃ နှင့် ကျန်ပူးတွဲအမည်ပေါက် ဒေါ်နှင်းမြ(မိခင်)နှင့် ဦးဘိုးကြိုင်(ဖခင်)တို့ ကွယ်လွန်သဖြင့် ၎င်းတို့၏အစုအား သမီးများဖြစ်ကြသော ဒေါ်လှမြင့် ၁၂/ဒပန(နိုင်)၀၁၈၁၀၈နှင့် ဒေါ်မြင့်မြင့်စန်း ၁၂/ဒပန(နိုင်)၀၁၈၀၇၅ တို့ကိုယ်စား GP-၂၁၈၄၆/၁၁ (၃၀-၁၁-၁၁)ရရှိသူ ဦးစိုးသက်ခိုင် ၁၂/ဒဂဆ(နိုင်)၀၀၃၉၈၅ မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်သမဝါယမဒီဂရီကောလိပ်(သန်လျင်)
အငြိမ်းစားဆရာ/ဆရာမကြီးများမြတ်ဆရာပူဇော်ပွဲ

[illegible]

CB Bank Account No: 0132052858

[illegible]

MIC Myanmar Imperial College

edexcel

- Diploma in Business
- Diploma in Advertising & Branding
- Diploma in Hospitality & Tourism
- B.A (Hons) Business And Management
- B.A (Hons) Marketing Management

MBA

Enroll Now! 09 73210001/01 537562

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁စ/၉၁၆၉ HYUNDAL PORTAR II P/U(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျင်ခက် ၁၂/ဥကမ(နိုင်)၀၈၅၅၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၈၂၆၈ Toyota Harrier SXU 10 S/W(4X2) RHD ယာဉ်လက်ဝယ်ရှိသူ ဦးမန်းရဲဝင်းဆိုင် ၁၂/လမတ(နိုင်)၀၁၅၃၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကြော်ငြာ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၅)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို အမေရိကန်ဒေါ်လာ (CIF Yangon)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	MPPE/MCY/ CAP/T/7 (2014-2015)	Petroleum Products Testing Equipment (Brand New) (ASTM Standard) for Mobile Fuel Lab	1 Lot	USD
(၂)	MPPE/MCY/ CAP/T/8 (2014-2015)	120 IGPM Fuel Transfer Centrifugal Pump (Engline Driven)	3 Sets	USD

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၂-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၀-၃-၂၀၁၅ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် (၆)၊ နေပြည်တော်

အဆိုပြုလွှာခေါ်ယူခြင်း

[illegible] Hotel [illegible]
(က) [illegible]
(ခ) [illegible]
[illegible] Drawing [illegible]
[illegible] (၁၇-၂-၂၀၁၅) [illegible]
[illegible] Email : innpeukwa@gmail.com

မြန်မာနိုင်ငံမသန်စွမ်းသူများ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေးအတွက် အလုပ်ခွင်နည်းပြသင်တန်း လျှောက်လွှာခေါ်ယူခြင်း

အောက်ဖော်ပြပါ အရည်အချင်းရှိသူများ လျှောက်ထားနိုင်ပါသည်။
လျှောက်ထားလိုသူသည်
၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
၂။ အသက် (၂၅)နှစ်နှင့် အထက်ဖြစ်ရမည်။
၃။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
၄။ မသန်စွမ်းမှုရေးရာကို အမှန်တကယ်စိတ်ဝင်စား၍ အနစ်နာခံဆောင်ရွက်နိုင်သူဖြစ်ရမည်။
၅။ လုပ်ငန်းလိုအပ်ချက်အရ လိုအပ်ပါက နေရာဒေသမရွေး ဆင့်ပွားသင်တန်းများ သွားရောက်ပို့ချနိုင်သူဖြစ်ရမည်။
၆။ တီထွင်ကြံဆနိုင်စွမ်းရှိသူဖြစ်ရမည်။

လျှောက်လွှာများကို
(၁) ပြင်ဦးလွင်ပရဟိတမျက်မမြင်ကျောင်း ဖုန်း-၀၉-၄၂၈၃၁၉၅၉၆
(၂) မြန်မာအော်တစ်ဇင်အသင်း ဖုန်း-၀၉-၄၂၀၀၁၂၂၀၃
(၃) မေရီချက်မင်းနားမကြားသော ကလေးများကျောင်း ဖုန်း-၀၁-၂၁၈၃၄၃၊ ၀၁-၂၂၁၈၇၂၊ ၀၉-၅၂၀၁၉၁၀
(၄) ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ဖုန်း-၀၉-၅၀၃၄၄၀၄၊ ၀၉-၂၅၀၇၀၆၈၇၄
(၅) ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) အထက်မြန်မာပြည်ရုံးခွဲ ဖုန်း-၀၉-၄၀၂၆၉၂၆၁၄၊ ၀၉-၉၁၀၄၈၅၉၀ ထုတ်ယူရရှိနိုင်ပြီး ၂၀၁၅ ခုနှစ် ဧပြီ ၃၀ရက် နောက်ဆုံးထား၍ အထက်ပါနေရာများနှင့် jccm.myanmar@gmail.com တို့တွင် လျှောက်လွှာများ ပြန်လည်ပေးပို့နိုင်သည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
လုပ်ငန်းသုံးစက်ကိရိယာနှင့် ရုံးသုံးစက်ကိရိယာပစ္စည်း(၃)မျိုးဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ကိရိယာနှင့် ရုံးသုံးကိရိယာပစ္စည်း(၃)မျိုးကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Packing Machine	15 Nos
2.	Computer Intel Core i7 Processor	10 Nos
3.	Colour Printer	3 Nos

၂။ အိတ်ဖွင့်တင်ဒါများကို ၁၀-၂-၂၀၁၅ရက်မှ ၂၃-၂-၂၀၁၅ ရက်အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၅-၃-၂၀၁၅ ရက် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၂၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ် (၇) နေပြည်တော် ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅	ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ် (၇) နေပြည်တော် ဖုန်း-၀၆၇-၄၁၂၃၂၇

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ဝေဘာဂီ၊ မြေကွက်အမှတ် ၂၅၊ မြေကွက်တည်နေရာအမှတ် ၂၅၊ မလိခလမ်း၊ ဒေါ်မြင့်မြင့် ၁၂/မဂတ(နိုင်)၀၅၆၄၅၉ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့် (တရားရှုံး)ကိုယ်စား မြောက်ဥက္ကလာပမြို့နယ်တရားရုံးမှ ဘီလစ်ဒေါ်သူဇာ ၆/ထဝန(နိုင်)၀၂၆၃၄၃ မှ ဘီလစ်ခန့်အပ်စာ မြောက်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၁၂၃/၁၃)စီရင်ချက်နှင့် ဒီကရီတရားမဇာရီမှုအမှတ်(၄၃/၁၄)တရားရုံးနေ့စဉ်မှတ်တမ်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကဥလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ဝေဘာဂီ၊ မြေကွက်အမှတ် ၁၀၊ မြေကွက်တည်နေရာအမှတ် ၁၀၊ မလိခလမ်း၊ ဒေါ်ခင်နွဲ့(ဒီကေယူ-၀၂၆၈၉၈) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်နွဲ့(တရားရှုံး)ကိုယ်စား မြောက်ဥက္ကလာပမြို့နယ်တရားရုံးမှ ဘီလစ်ဒေါ်သူဇာ ၆/ထဝန(နိုင်)၀၂၆၃၄၃ မှ ဘီလစ်ခန့်အပ်စာ မြောက်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၈၀/၁၄)စီရင်ချက်နှင့် ဒီကရီတရားမဇာရီမှုအမှတ် (၅၅/၁၄)တရားရုံး နေ့စဉ်မှတ်တမ်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊ နေပြည်တော်တွင်ခန့်ထားရန်အတွက် အောက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်လွှာများ ခေါ်ယူပါသည်-
(က) မှတ်တမ်းထိန်း-၂ (၂)ဦး လစာနှုန်း (၉၉၀၀၀ိ-၁၀၀၀ိ-၁၀၄၀၀၀ိ)
(ခ) မော်ကွန်းထိန်း-၂ (၃)ဦး လစာနှုန်း (၉၉၀၀၀ိ-၁၀၀၀ိ-၁၀၄၀၀၀ိ)
(ဂ) မှတ်တမ်းထိန်း-၃ (၄)ဦး လစာနှုန်း (၉၃၀၀၀ိ-၁၀၀၀ိ-၉၈၀၀၀ိ)
(ဃ) မော်ကွန်းထိန်း-၃ (၄)ဦး လစာနှုန်း (၉၃၀၀၀ိ-၁၀၀၀ိ-၉၈၀၀၀ိ)
၂။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အမှတ်စဉ်(က)နှင့်(ခ)ရာထူးနေရာများအတွက် လျှောက်ထားသူသည် အချိန်ပြည့်တက်ရောက်ရသည့် တက္ကသိုလ်တစ်ခုခုမှ သမိုင်း၊ ဥပဒေ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ အင်္ဂလိပ်စာအထူးပြုဘာသာရပ်များဆိုင်ရာ နေ့သင်တန်း ဘွဲ့ရဖြစ်ရမည်။
(ဂ) အမှတ်စဉ်(ဂ)နှင့်(ဃ)ရာထူးနေရာများအတွက် လျှောက်ထားသူသည် အချိန်ပြည့်တက်ရောက်ရသည့် တက္ကသိုလ်တစ်ခုခုမှ နေ့သင်တန်း ဘွဲ့ရဖြစ်ရမည်။
(ဃ) ၂၈-၂-၂၀၁၅ ရက်တွင် အသက်(၃၀)ထက်မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကြီးသူဖြစ်ရမည်။
(င) အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)တွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး နေပြည်တော်တွင် မိမိအစီအစဉ်ဖြင့် နေထိုင်သွားလာနိုင်သူဖြစ်ရမည်။
၃။ လျှောက်လွှာပုံစံများကို ဥတ္တရသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ ကုမုဒြာကြာပန်းဝိုင်းအနီး အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်)ရုံးတွင် ရယူနိုင်ပါသည်။
၄။ လျှောက်လွှာများကို စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ ဥတ္တရသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ ကုမုဒြာကြာပန်းဝိုင်းအနီး အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)သို့ လိပ်မူ၍ ၂၀-၂-၂၀၁၅ ရက် (သောကြာနေ့)နောက်ဆုံးထား၍ ပေးပို့ကြရမည်။
လျှောက်လွှာပုံစံနှင့်အတူ
(က) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ/ဘွဲ့ရလက်မှတ်မိတ္တူ
(ခ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၅)ပုံ
(ဂ) သက်ဆိုင်ရာရဲစခန်းမှ ၁-၁-၂၀၁၅ ရက် နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တထောက်ခံချက်မူရင်း (ဝန်ထမ်းများအတွက် ကိုယ်တိုင်ဝန်ခံချက်)
(ဃ) မှတ်ပုံတင်မိတ္တူ
(င) စာမေးပွဲဝင်ကြေးကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)
(စ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပူးတွဲပါရှိရပါမည်။
၅။ အစိုးရဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဤဦးစီးဌာန(နေပြည်တော်)ရုံးသို့ ၂၀-၂-၂၀၁၅ ရက် (သောကြာနေ့)အရောက် ပေးပို့ရမည်။
၆။ ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲများကို ၂၅-၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖြေဆိုရမည့်ဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) အင်္ဂလိပ်စာ
(ခ) အထွေထွေဗဟုသုတ
၇။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)သို့ လူကိုယ်တိုင် (သို့မဟုတ်) ဖုန်း-၀၁-၃၇၉၉၇၈၊ ၀၁-၃၇၀၇၇၈၊ ၀၆၇-၄၁၈၃၈၆၊ ၀၆၇-၄၁၈၄၆၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အင်းလေးဟိုတယ်ဇုန်တွင် မြေကွက်ဝယ်ယူခွင့် မဲပေါက်ထားသူများ သိရှိစေရန် ကြေညာချက်

၄-၂-၂၀၁၅ ရက်တွင်ပြုလုပ်သော ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၅)ဆုံးဖြတ်ချက်နှင့် ၅-၂-၂၀၁၅ ရက်တွင်ပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁-၂/၂၀၁၅) ဆုံးဖြတ်ချက်တို့အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

၁။ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ ဟိုတယ်ဇုန်တွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် မြေကွက်ဝယ်ယူခွင့် မဲပေါက်ထားသူများအား ငွေအပြေအကျေပေးသွင်းရန် အကြိမ်ကြိမ် အကြောင်းကြားခဲ့သော်လည်း ငွေပေးသွင်းရန် ကျန်ရှိနေသည့် လုပ်ငန်းရှင်များ ၆-၃-၂၀၁၅ ရက် နောက်ဆုံးထားပြီး ပေးသွင်းသွားရန်။

၂။ မြေကွက်တန်ဖိုးလုံးဝပေးသွင်းခြင်းမရှိသည့်မြေနေရာ(၄) နေရာအား ဝယ်ယူခွင့်ပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းပြီးဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ (၃၁) ရက် နောက်ဆုံးထားပြီး ငွေအပြေအကျေပေးသွင်းရန် လုပ်ငန်းရှင်များအားလုံး သိရှိလက်ခံထားပြီးဖြစ်ပါသည်။ ၇-၃-၂၀၁၅ ရက်မှစ၍ ငွေပေးသွင်းရန်ကျန်ရှိသည့်မြေကွက်များအား ဝယ်ယူခွင့်ပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြေနေရာချထားရေးကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အင်းလေးဒေသ ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မြေကွက်အမှတ် ၂၁၄-၂၊ မြေကွက်တည်နေရာအမှတ် ၂၁၄-၂၊ မြရတနာ(၆)လမ်း ဦးကျော်ညွန့် ၁၂/အစန(နိုင်)၁၀၀၈၉၈၊ ဒေါ်တင်တင်မြ ၁၂/အစန(နိုင်)၁၀၀၈၉၉ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်ညွန့်+၁ (တရားရှုံး)ကိုယ်စား မြောက်ဥက္ကလာပမြို့နယ်၊ တရားရုံးမှ ဘီလစ်ဒေါ်သူဇာ ၆/ထဝန(နိုင်)၀၂၆၃၄၃ မှ ဘီလစ်ခန့်အပ်စာ၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၇၉/၁၄)စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်(၅၄/၁၄) တရားရုံးနေ့စဉ်မှတ်တမ်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ် (၃၈၀/ခ) မြေကွက်တည်နေရာအမှတ် (၃၈၀/ခ)၊ ၉လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက် ဒေါ်မြင့်မြင့်၊ ဦးမောင်မောင်၊ ဦးမြင့်သန်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်နှင့် ဦးမြင့်သန်းတို့ လူပျိုကြီးဘဝဖြင့် အသီးသီးကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့် ၁၂/ဥကတ(နိုင်)၀၈၆၂၆၇က တစ်ဦးတည်းသောအစ်မတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ် (၁၈၆၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးစုအမည်ပေါက် အငှားဂရန်မြေကွက်အား ဦးစိုးလင်း ၁၂/ဆကန(နိုင်)၀၀၁၃၉၄ (ဘ) ဦးမောင်မဲမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး ဂရန်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ၃၃ ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေး လုပ်ငန်းများကို Package တစ်ခုစီခွဲကာ Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းကို မြန်မာကျပ်ငွေ (Kyat) ဖြင့် အပ်နှံလိုပါသည်-

တင်ဒါစတင်ရောင်းချမည့်ရက် - ၁၁-၂-၂၀၂၅ ရက်
တင်ဒါပိတ်မည့်ရက် - ၂၇-၂-၂၀၂၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၅၃၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၁၇၅၊ ဖက်စ် ၀၆၇-၄၃၁၁၈၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ
လိုင်စင်အင်ဂျင်နီယာအရည်အချင်းစစ် စာမေးပွဲဖြေဆိုရန် လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် အငယ်တန်းလိုင်စင်အင်ဂျင်နီယာ၊ အကြီးတန်းလိုင်စင်အင်ဂျင်နီယာ၊ အဆောက်အအုံအင်ဂျင်နီယာလိုင်စင်လျှောက်ထားသူများအား အရည်အချင်းစိစစ်ပြီး လိုင်စင်ထုတ်ပေးမည်ဖြစ်ပါ၍ အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ၁။ အစိုးရအသိအမှတ်ပြုသိပ္ပံတစ်ခုခုမှ စက်မှုသိပ္ပံဒီပလိုမာ(မြို့ပြ) A.G.T.I (Civil) လက်မှတ်ရရှိပြီး လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ထက်မနည်း ဆောင်ရွက်ခဲ့သူ (သို့မဟုတ်)
၂။ B.Tech ရရှိပြီးပါက လုပ်ငန်းအတွေ့အကြုံ (၁)နှစ်ထက်မနည်း ဆောင်ရွက်ခဲ့သူများ အငယ်တန်းလိုင်စင် လျှောက်ထားနိုင်သည်။

(ခ) B.E (Civil), B.Arch နှင့်အလားတူ မြို့ပြနှင့်ဗိသုကာဘွဲ့ရရှိပြီးသူများ အကြီးတန်းအင်ဂျင်နီယာလိုင်စင် လျှောက်ထားနိုင်သည်။

(ဂ) ၁။ အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြ) ရရှိပြီးသူ
၂။ အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ အင်ဂျင်နီယာဘွဲ့(မြို့ပြ)ရရှိပြီး အနည်းဆုံး လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ထက်မနည်း ဆောင်ရွက်ခဲ့သူ။
၃။ အကြီးတန်းလိုင်စင်သက်တမ်း တစ်ဆက်တည်း (၅)နှစ်ပြည့်ပြီးသူ။
အထက်ပါအရည်အချင်းများနှင့်အလားတူ မြန်မာနိုင်ငံမှ အသိအမှတ်ပြုခြင်းခံရသည့် ပြည်တွင်း၊ ပြည်ပဘွဲ့ရရှိသူများ အဆောက်အအုံအင်ဂျင်နီယာလိုင်စင် လျှောက်ထားနိုင်သည်။

၂။ အရည်အချင်းစစ်ဆေးမည့်အစီအစဉ် အသေးစိတ်ကို ထပ်မံကြေညာပါမည်။

၃။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို စာမေးပွဲဝင်ကြေး ၅၀၀၀ိ/- ၁'×၁' လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့်အတူ ၂၆-၃-၂၀၂၅ ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)တွင် လျှောက်ထားပြီး စာမေးပွဲဝင်ကြေးပေးသွင်း၍လည်းကောင်း၊ www.ycdc.gov.mm တွင် လျှောက်ထားပြီး စာမေးပွဲဝင်ကြေးပေးသွင်း၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သက်ဆိုင်ရာများသိစေရန်

ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ ဗိုလ်သန်းတင်(၂)လမ်း၊ အမှတ် ၁၂/၉၂နေ မငြိမ်းသူသူစံ၊ မောင်ထက်မြက်အောင် (အရွယ်မရောက်သေးသူတို့၏ကိုယ်စား အုပ်ထိန်းသူဖခင် ဦးမြင့်ထွေး ၉/ပမန(နိုင်)၁၂၄၂၉၇) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေတို့သည် ပျဉ်းမနားမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေဘို၊ လူနေရပ်ကွက်အမှတ် ရွှေချီ၊ မြေကွက်အမှတ် ၁၃ ဟုအမည်တွင်သည့် အကွက်ကြီး၏အရှေ့လားသော် ဦးထွန်း ပါ-၂(ယခုဒေါ်အေးမြင့်)၊ အနောက်လားသော် ဦးစိန်မင်း၊ တောင်လားသော်-ဒေါ်မြင့်သက်မာ၊ မြောက်လားသော်-ပဲလှော်လမ်း(ဗိုလ်သန်းတင် ၂ လမ်း) အလားလေးရပ်အတွင်းရှိ ဧရိယာ ၀ ဒသမ ၀၅၉ဧကရှိ ဘိုးဘွားပိုင်မြေအစိတ်အပိုင်းကို မြေကွက်ကြီး၏ အမည်ပေါက်ပိုင်ရှင် ဦးပေါအိ၊ ဒေါ်တင့်တို့ထံမှ အရပ်စာချုပ်ဖြင့်ဝယ်ယူပြီး လက်ဝယ်ထားရှိ ပိုင်ဆိုင်သော ဦးခင်မောင်ကြီး၊ ဒေါ်စန်းရီတို့၏ အမွေစားအမွေခံများထံမှ အရပ်စာချုပ်ဖြင့် လွှဲပြောင်းဝယ်ယူခဲ့သူ ဦးချမ်းငြိမ်း(ဘ)ဦးသန်းဦး ၉/ပမန(နိုင်)၀၀၀၀၈၅ ထံမှ ၂၀-၅-၂၀၁၂ ရက်တွင် အရပ်စာချုပ်ချုပ်ဆိုပြီး ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေအနေဖြင့် မိမိတို့ဝယ်ယူခဲ့သောမြေကွက်အား မိမိတို့အမည်ပေါက်ပိုင်ဆိုင်နိုင်ရန် မှတ်ပုံတင်စာချုပ်ချုပ်ဆိုလိုပါသဖြင့် ကျွန်ုပ်မိတ်ဆွေဝယ်ယူခဲ့သော အထက်ဖော်ပြပါ မြေကွက်ကြီး၏ အမည်ပေါက်ပိုင်ဆိုင်သူ (သို့မဟုတ်) ၎င်းထံမှ အမွေဆက်ခံခွင့်ရှိသူနှင့် သက်ဆိုင်သူအသီးသီးတို့သည် ကျွန်ုပ်တို့ထံသို့လည်းကောင်း၊ (သို့မဟုတ်)ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း၊ ၂၇-၂-၂၀၂၅ ရက်နောက်ဆုံးထားဆက်သွယ်ပြီး အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားအပ်ပါသည်။ လူကြီးမင်းတို့အနေဖြင့် ကျွန်ုပ်အကြောင်းကြားစာပါအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်မံအသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဟန် (စဉ်-၃၅၀၈/၈၅) တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၄/၈၅၊ စိုက်ပျိုးသိပ္ပံကျောင်းလမ်း၊ မစိုးရိမ်အရှေ့ရပ်ကွက်၊ ပျဉ်းမနားမြို့၊
ဒေါ်အိနွယ်ကျော် (စဉ်-၈၅၈၃/၁၂) တရားလွှတ်တော်ရှေ့နေ

၁။ ဒေါ်ခိုင်လင်းမူ (စဉ်-၃၂၆၅၅)	၂။ ဦးဝင်းသိန်းဦး (စဉ်-၃၂၉၃၃)
၃။ ဦးဇင်ဝင်း (စဉ်-၃၅၅၂၈)	၄။ ဒေါ်ဝေဝေနှင်း (စဉ်-၃၈၇၁၃)
၅။ ဒေါ်မေသူမြင့်ဆွေ (စဉ်-၄၀၆၂၁)	၆။ ဒေါ်ရူပါထွန်း (စဉ်-၄၂၈၇၂)
၇။ ဒေါ်မေနွယ်မွန် (စဉ်-၄၄၈၅၇)	၈။ ဒေါ်သဲမြဦး (စဉ်-၄၄၉၀၃)
၉။ ဒေါ်ခင်ခင်လေး (စဉ်-၄၅၀၉၄)	၁၀။ ဦးဇော်ဇော်သိုက် (စဉ်-၄၅၁၂၆)

(အထက်တန်းရှေ့နေများ)

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃စီ၅၊ မြေကွက်အမှတ် ၁၀၇၊ မြေကွက်တည်နေရာ အမှတ် ၂၁/၁၃၉ လမ်း၊ မအူကုန်းရပ်ကွက် [ဦးအောင်ထွန်း ၁၂/တမန(နိုင်)၀၄၉၁၀၇] အမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက်ဖခင် ဦးအောင်ထွန်းနှင့် မိခင်ဒေါ်သန်းသန်းတို့ ကွယ်လွန်သဖြင့် (၁)ဦးအောင်စိုး ၁၀/ကထန(နိုင်)၀၁၄၈၅၂၊ (၂)ဒေါ်တင်တင်ဝင်း ၁၂/တမန(နိုင်)၀၅၀၂၇၇၊ (၃)ဒေါ်တင်တင်မြ ၁၂/တမန(နိုင်)၀၀၇၃၉၃၊ (၄)ဦးစောဝင်း ၁၂/တမန(နိုင်)၀၄၉၀၈၈၊ (၅)ဒေါ်ညွှန့်ညွှန့်ရီ ၁၂/လသန(နိုင်)၀၀၄၁၇၅၊ (၆)ဦးခင်စိုး ၁၂/တမန(နိုင်)၀၆၄၅၈၆၊ (၇)ဒေါ်စန်းစန်းဝင်း ၁၂/ရကန(နိုင်)၀၅၂၇၆၆၊ (၈)ဦးနေမျိုး ၁၂/တမန(နိုင်)၀၈၈၀၆၈ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀
ရန်ကင်းမြို့နယ်တရားရုံး၌
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁

၁။ ဒေါ်ခင်သန်းမြင့်	နှင့်	၁။ ဒေါ်ငွေရီ
၂။ ဒေါ်စောမြင့်ကြည်		အမှတ် ၄၅၇(ဂ)၊ မြနန္ဒာလမ်း၊
အမှတ် ၁၅၊ ပြည်ထောင်စုလမ်းမကြီး၊		၁၃ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
မင်္ဂလာရပ်ကွက်၊ အောင်ပန်းမြို့။		ရန်ကုန်တိုင်းဒေသကြီး။
၃။ ဦးတင်အောင်သော်		၂။ ဒေါ်လှလှကြူ
(၁)တရားလိုနှင့်အတူနေ		အမှတ် ၂၂၃(က)၊ မြေညီထပ်၊
အမှတ် ၄၅၇(ဂ)၊ မြနန္ဒာလမ်း၊		၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊
၁၃ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊		ရန်ကုန်တိုင်းဒေသကြီး။
ရန်ကုန်တိုင်းဒေသကြီး။		
တရားလိုများ		**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၃ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ် ၄၅၇ (ဂ)နေ ဒေါ်ငွေရီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

